

# Human Trafficking and Risky Migration Training Module



# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ

## သင်တန်းလမ်းညွှန်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

COLORFUL GIRLS

The Asia Foundation
Improving Lives, Expanding Opportunities

# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ

## သင်တန်းလမ်းညွှန်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်


အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်များအတွက် ငွေကြေးထောက်ပံ့ပေးသော Chong-Moon Lee Foundation အား ကျေးဇူးတင်ရှိပါသည်။ ယင်းအစီအစဉ်အောက်မှတစ်ဆင့် မြန်မာနိုင်ငံရှိ ဆယ်ကျော်သက် မိန်းကလေးငယ်များအား စွမ်းရည်မြှင့်တင်ပေးလျက်ရှိသော ရပ်ရွာလူထုအခြေပြုအဖွဲ့တစ်ခုဖြစ်သည့် ရောင်စုံမိန်းကလေးများအဖွဲ့မှ ဤသင်တန်းလမ်းညွှန်ကို ဦးစွာပြုစုခဲ့ပြီး ၎င်းတို့ကွန်ယက်အတွင်းရှိ မိန်းကလေးငယ်များအား သင်တန်းပေး ဖြန့်ဝေပေးခဲ့ပါသည်။ ဤသင်တန်းလမ်းညွှန်ပါ သတင်းအချက်အလက်များကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးရန် လိုအပ်သည်ဟု သိရှိ နားလည်သည့်အလျောက် အာရှဖောင်ဒေးရှင်းအနေဖြင့် ထပ်မံဖြည့်ဆည်းထုတ်ဝေခဲ့ပါသည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သူ နော်ခူးခူ၏ အကူအညီဖြင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ထပ်မံထည့်သွင်းခဲ့ပြီး ကျားမ မရွေး လေ့လာဖတ်ရှုနိုင်ရန် ဖြည့်ဆည်းထုတ်ဝေခဲ့ပါသည်။

The Asia Foundation would like to thank the Chong-Moon Lee Foundation for its funding support to the Foundation's anti-trafficking program in Myanmar. Under this program, the Colorful Girls, a community-based organization focused on the empowerment of teen girls in Myanmar, originally develop this training module to deliver to the girls in its network. Recognizing the need for such information to be disseminated more widely, the Foundation updated the training module to include additional information on labor rights and making the information more accessible to both men and women with the assistance of Naw Ku Ku, an independent consultant on humanitarian assistance and development.


COLORFUL GIRLS

The Asia Foundation

Improving Lives, Expanding Opportunities

## ဤစာအုပ်၏ ရည်ရွယ်ချက်

ဤသင်တန်းလမ်းညွှန်သည် လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်၊ အကြောင်းအရာများကို အခြေခံပြီး ဘဂတွက်တာကျွမ်းကျင်စရာ အခြေခံအချက်များကိုလည်း ထည့်သွင်းထားကာ အပြန်အလှန် ပြောဆိုဆွေးနွေးနိုင်သည့် နည်းလမ်းဖြင့် သင်တန်းပေးနိုင်ရန် စီမံရေးဆွဲထားပါသည်။

သင်တန်းတက်ရောက်ပြီးသူများသည် လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်၊ အသိပညာ ဗဟုသုတများကို ရရှိသွားပြီး မိမိရပ်ရွာဒေသတွင် ရှိသောသူများအား ပြန်လည်ပြောဆို ဝေမျှနိုင်ရန် ရည်ရွယ်ပါသည်။ ထိုသို့ ပြန်လည်ပြောဆို ဝေမျှခြင်းအားဖြင့် လူတိုင်းတွင် ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံအချက်များ ရှိပြီး ရရှိထားသော သတင်းအချက်အလက်၊ အသိပညာ ဗဟုသုတများကို အသုံးပြုကာ လူကုန်ကူးမှု မခံရစေရန်၊ မိမိကိုယ်ကို ကာကွယ်တတ်ရန်နှင့် လူကုန်ကူးခံရပြီးပါကလည်း မိမိ၏ လူမှုဝန်းကျင်တွင် ပုံမှန်ပြန်လည် နေထိုင်နိုင်စေရန် ဖြစ်ပါသည်။

# မာတိကာ


အခန်း ၁ - ဘဂဝတွက်တာကျွမ်းကျင်စရာ
အခြေခံအချက်များနှင့် စတင်မိတ်ဆက်ခြင်း ၄

အခန်း ၂ - လူကုန်ကူးမှုဆိုတာဘာလဲ ၉

အခန်း ၃ - ကလေးသူငယ် ကူးသန်းရောင်းဝယ်ရေး ၁၃

အခန်း ၄ - လူကုန်ကူးရောင်းဝယ်မှု အခြေအနေ၊
အမျိုးအစားများနှင့် လူမှောင်ခိုခြင်း ၁၈

အခန်း ၅ - လူကုန်ကူးရောင်းဝယ်မှု ဖြစ်ရသည့်
အကြောင်းရင်းများနှင့်ဆိုးကျိုးများ ၂၂

အခန်း ၆ - လူကုန်ကူးရောင်းဝယ်မှုကို ကာကွယ်တားဆီးခြင်း ၂၇

အခန်း ၇ - ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်း ၃၃

အခန်း ၈ - လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့်
လူကုန်ကူးခံရသူများအပေါ် စာနာပေးခြင်း ၃၆

အခန်း ၉ - လူကုန်ကူးရောင်းဝယ်မှု တားဆီးကာကွယ်ရေးတွင်
ပါဝင်သင့်သူများနှင့် လုပ်ဆောင်ရမည့်ပုံစံများ ၄၀

အခန်း ၁၀ - လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော
ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်ခန်းစာများအား ပြန်လည်ဆွေးနွေးခြင်း ၄၃

အခန်း ၁

# ဘာဝတွက်တာ ကျွမ်းကျင်စရာ အခြေခံ အချက်များနှင့် စတင်မိတ်ဆက်ခြင်း

ပါဝင်တက်ရောက်သူများ တစ်ဦးနှင့်တစ်ဦးရင်းနှီးမှုရှိသွားကြပြီး ဘာဝတွက်တာကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ရင်းနှီးသွားမည်ဖြစ်သည်။

## လုပ်ရှားမှု

- ရိုးရာပုံပြင်ပြောခြင်း (ဗျိုင်း၊ ငါး၊ ပုဇွန်လုံး မြန်မာ့ရိုးရာ ကျေးလက်ပုံပြင်)
- ဘာဝတစ်သက်တာ ကျွမ်းကျင်စရာ အချက်များကို ဥပမာဖြင့် မိတ်ဆက်ပေးခြင်း

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဘောလ်ပင်
- A4 စာရွက်များ
- မာကာများ
- နံရံတွင်ကပ်ရန် စက္ကူတိပ်များ
- အသင့်ရေးထားသော ရိုးရာပုံပြင် မိတ္တူများ

## ရည်ရွယ်ချက်

- ပါဝင်တက်ရောက်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ခွင့်ရရှိစေပြီး ရင်းနှီးမှု ရရှိစေရန်။
- ဘာဝတွက်တာ ကျွမ်းကျင်စရာ အချက်များနှင့် အကျွမ်းတဝင် ရှိစေရန်။

## လှုပ်ရှားမှု ၁

## ရိုးရာပုံပြင်ပြောပြခြင်းဖြင့် ဘဝတွက်တာ ကျွမ်းကျင်စရာ အချက်များကို သိရှိစေခြင်းအဆင့်ဆင့်

**ဖျိုင်း၊ ငါး၊ ပုဇွန်လုံး မြန်မာ့ရိုးရာ ကျေးလက်ပုံပြင်ကို ပြောပြပါ။**

လူကုန်ကူးမှုဖြစ်ရပ်အခြေအနေအဖြစ် ရိုးရာပုံပြင်ကို မြင်ကြည့်ပါက ဖျိုင်း၏စရိုက်သွင်ပြင်လက္ခဏာမျိုးသည် မည်သူ့အတွက် ကိုယ်စားပြုနေပါသနည်း။
*အဖြေ - လူပွဲစား၊ ပြည့်တန်ဆာတို့ကိုထိန်းချုပ်သော လုပ်ငန်းရှင်*

ငါးနှင့်ပုဇွန်လုံးတို့သည် မည်သူတို့ကို ကိုယ်စားပြုပါသနည်း။
*အဖြေ - လူကုန်ကူးခံရမည့်သူများ (ကလေး/လူကြီး ကျား/မ (သို့)အသက်အရွယ် မရွေး)*

ပုဇွန်လုံးသည် မိမိကိုယ်ကိုကာကွယ်စောင့်ရှောက်ရန်နှင့် ဘေးအန္တရာယ် နည်းပါးစေရန်အတွက် အောက်တွင် ဖော်ပြထားသော မည်သည့်ဘဝတွက်တာ ကျွမ်း ကျင်စရာအချက်များကို သုံးစွဲခဲ့ပါသနည်း။
တက်ရောက်သူများအနေဖြင့် ငါးနှင့်ပုဇွန်လုံးတွင် မည်သူ၏ ဘဝကို ဖြစ်လိုပါသနည်း။

ယခုဖြစ်ရပ်ရိုးရာပုံပြင်လေးကို လေ့လာခြင်းအားဖြင့် ဘဝတွက်တာ ကျွမ်းကျင်စရာအခြေခံ အချက်များသည် လူကုန်ကူးခံရမည့်သူများအား ဘေးအန္တရာယ် မကျရောက်စေရန် မည်သို့ကာကွယ် ပေးသည်ကို သိရှိနိုင်ပါသည်။

### ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံ အချက်များ

- မိမိကိုယ်ကိုသတိပြုတတ်သည့်စွမ်းရည်
- ချင့်ချိန်စဉ်းစားတီထွင်ကြံဆတတ်သည့်စွမ်းရည်
- ပြဿနာကိုကိုင်တွယ်ဖြေရှင်းတတ်ပြီးဆုံးဖြတ်ချက်မှန်ကန်စွာချတတ်သည့်စွမ်းရည်
- ထိရောက်သောဆက်သွယ်ရေးစွမ်းရည် (ပုဂ္ဂိုလ်ရေးဆက်ဆံမှုစွမ်းရည်/ ပေါင်းသင်းဆက်ဆံတတ်ခြင်း)
- တန်ဖိုးထားတတ်သည့် အကြောင်းအရာများကိုရှင်းလင်းနိုင်သည့်စွမ်းရည်
- စိတ်သောကဖိစီးမှုနှင့် စိတ်လှုပ်ရှားမှုကိုဖြေလျှော့နိုင်သည့်စွမ်းရည် / စိတ်ဖြေသိမ့်တတ်ခြင်း
- စာနာထောက်ထားတတ်သောစွမ်းရည် / ကိုယ်ချင်းစာတတ်ခြင်း


## လှုပ်ရှားမှု ၂

## ဘဝတွက်တာကျွမ်းကျင်စရာအချက်များထဲမှ အချက်တစ်ချက်ကိုဥပမာဖြင့် မိတ်ဆက်ပေးခြင်း

ပါဝင်တက်ရောက်သူများအား ၄င်းတို့အကြောင်းကို ရေးသားထားသည့် ရုပ်ပုံဆွဲထားခြင်းသို့မဟုတ် စာဖြင့် ရေးသားထားသောစာရွက်ကိုပြုလုပ်ရမည်ဖြစ်သည်။

မိမိပြုလုပ်မည့်စာရွက်တွင်မိမိကြိုက်နှစ်သက်ဆုံးအရာ၊ မိမိမကြိုက်နှစ်သက်သောအရာ၊ မိမိ၏အားသာချက်နှင့် အားနည်းချက်များကို ရေးသားဖော်ပြရမည်ဖြစ်သည်။

ပါဝင်တက်ရောက်သူများအား စာရွက်အဖြူ (၁)ရွက်စီ ဝေပေးပါ။ ထို့နောက် စာရွက်ကို လေးချိုးချိုး အရာပေးပြီး ပြန်ဖြန့်ခိုင်းရန်ဖြစ်ပါသည်။ စာရွက်၏ အလယ်ဗဟိုတွင် မိမိကြိုက်နှစ်သက်ဆုံးအရာကို ဖော်ပြခိုင်းပါ။ စာရွက်၏ လက်ယာဘက် အပေါ်ခြမ်းထောင့်တွင် မိမိမကြိုက်နှစ်သက်သောအရာကိုဖော်ပြခိုင်းပါ။ စာရွက်၏ လက်ဝဲဘက်အောက်ခြမ်းထောင့်တွင် မိမိ၏ အားသာချက် (သို့) မိမိတို့ကောင်းစွာလုပ်နိုင်သောအရာကိုရေးဆွဲပါ။ စာရွက်၏ လက်ယာဘက်အောက်ခြမ်းထောင့်တွင် မိမိတို့၏အားနည်းချက်များ (သို့) မိမိတို့အနေဖြင့် တိုးတက် ကောင်းမွန်အောင် ကြိုးစားရမည့် အချက်ကို ဖော်ပြခိုင်းရန် ဖြစ်ပါသည်။ (၂၀ မိနစ်)



ပါဝင်တက်ရောက်သူများကို မိတ်ဖက်တစ်ဦးရွေးချယ်စေပြီးမိမိ၏ ရုပ်ပုံဆွဲထားခြင်းသို့မဟုတ် စာဖြင့် ရေးသားထားသောစာရွက်ပါ အချက်အလက်များကိုအပြန်အလှန်ဆွေးနွေးမေးမြန်းစေပါ။ တစ်ဦးပြီးသွားပါက အခြားတစ်ဦးနှင့် ဖော်ပြပါစာရွက်ပါ အချက် (၁)ချက်ကိုအပြန်အလှန် ခပ်သွက်သွက် ဆွေးနွေးမေးမြန်းစေပြီး နံရံတွင်ကပ်စေရန်ဖြစ်ပါသည်။

ပါဝင်တက်ရောက်သူများအား အောက်တွင် ဖော်ပြထားသော မေးခွန်းများကိုမေးပါ။

၁။ ယခုဆောင်ရွက်ခဲ့မှုအား ပြုလုပ်ရာတွင် လွယ်ကူမှု ရှိ/မရှိနှင့် အပိုင်းလေးပိုင်းရှိအကြောင်းအရာများ ရ/မရ ပြောပြပါ။

၂။ မိမိအကြောင်းနှင့် ပတ်သက်ပြီးမည်သည့်အပိုင်းကိုစဉ်းစားရာတွင် အခက်ခဲဆုံးဖြစ်ပါသနည်း။

၃။ မိမိကိုယ်မိမိပိုမိုသိရှိနားလည်အောင်ဆောင်ရွက်ရာတွင် ယခုဆောင်ရွက်ခဲ့သောလေ့ကျင့်ခန်းအား မည်သို့ သဘောထားပါသနည်း။

### ဦးဆောင်ဆွေးနွေးသူမှ ပြန်လည်ရှင်းပြခြင်း

အထက်တွင် ဆောင်ရွက်ခဲ့သော အကြောင်းအရာကို သေချာစွာသိရှိနားလည်ပါကမိမိ၏ အနာဂတ်အတွက် ဆုံးဖြတ်ချက် မှန်ကန်စွာချမှတ်နိုင်မှုကို အထောက်အကူပြုပါသည်။

လူတိုင်းတွင် အားသာချက်များ ရှိကြပြီးအားနည်းချက်များကို ကောင်းမွန်လာအောင် ဆောင်ရွက်ကြရပါသည်။ မိမိကိုယ်ကို သတိပြုတတ်သည့် စွမ်းရည်သည် ဘဝတစ်လျှောက် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာပါသည်။

## ပြန်လည်သုံးသပ်ခြင်း

ပါဝင်တက်ရောက်သူများအနေဖြင့် စာရွက်ဖြူကြီး ပေါ်တွင် စာ (သို့) ပုံဆွဲပြီးဖော်ပြပါ။

တက်ရောက်သူတစ်ဦးချင်းအနေဖြင့် အထက်တွင် ပြောဆိုဆွေးနွေးသော ရိုးရာပုံပြင်မှ လူကုန်ကူးမှုနှင့် ဆက်စပ်ပြီး မည်သည့်သင်ခန်းစာကိုသင်တို့ ရရှိလိုက်ပါသနည်း။

တစ်ဖွဲ့ချင်းစီမှ မိမိကိုယ်တိုင် လူကုန်ကူးမခံရအောင် မည်သို့ သတိပြုနေထိုင်မည်ဟု စဉ်းစားမိသည်ကို နံရံတွင် ကပ်ထားသော Flip Chart တွင်ရေးစေပါ။ အချိန်ရှိပါက အခြားအဖွဲ့များနှင့်ပြန်လည်ဝေမျှစေပါ။

## ဗျိုင်း၊ ငါး၊ ပုဇွန်လုံး

မြန်မာ့ရိုးရာ ကျေးလက်ပုံပြင်



တစ်ရံရောအခါက လှပတင့်တယ်သောရေကန်ငယ်တစ်ကန်တွင် ငါးများကူးခတ်နေထိုင်ကြသည်။ ယင်းကန်သည် တဖြည်းဖြည်းခန်းခြောက်လျက်ရှိသည်။ ကန်ထဲတွင် ရေကလည်းနည်းသထက် နည်းပါးလာသည့်အတွက် ငါးတို့သည် အသက်ရှင်ရန် ကြံစည်ကြသည်။ အနီးအနားတွင်နေထိုင်သော ဗျိုင်းတစ်ကောင်ရှိရာ ဗျိုင်းအားငါးတို့က မိမိတို့ကိုအနီးအနားရှိ အခြားရေကန်ငယ်သို့ ပို့ပေးရန် ပြောကြသည်။ ရေကန်ငယ်သည် သာယာပြီး အရိပ်အာဂါသ လည်းကောင်းသည်။ ဗျိုင်းကပို့ပေးနိုင်ပါသည်ဟု ဖြေကြားသည်။ ဗျိုင်းသည် ငါးတို့ကိုအနီးအနားရှိ အခြားရေကန်ငယ်သို့ ပို့ဆောင်ရာတွင် ကူညီမည် ဖြစ်သော်လည်းတစ်ကြိမ်တွင် တစ်ကောင်ကိုသာ ပို့ဆောင်နိုင်မည်ဟု ပြောသည်။ ဗျိုင်း၏ပြောစကားကို ယုံကြည်စိတ်ချသည့်အတွက် ငါးအားလုံးက သဘောတူညီလိုက်ကြသည်။ ထိုသို့ဖြင့် ဗျိုင်းသည် ငါးကိုတစ်ကြိမ်လျှင် တစ်ကောင်စီ ကောက်ယူချီမပြီး အနီးအနားရှိရေကန်ငယ်သို့ ပျံသန်းသွားလေသည်။ ရေကန်သို့ ရောက်သောအခါ ငါးကိုရေထဲသို့ချပေးမည့်အစား ရေကန်အနီး ရှိသစ်ပင်တစ်ပင်ဆီသို့ ချီယူချထားပြီးငါးတစ်ကောင်ချင်းကို စားလေတော့သည်။ မူလရေကန်ငယ်တွင် ပုဇွန်လုံးတစ်ကောင်သာကျန်တော့သည်။

ပုဇွန်လုံးကလည်း နေရာသစ်တစ်ခုကို ရှာဖွေပြောင်းရွှေ့နေထိုင်ရေးအတွက် လိုအပ်လာသည်ကို စဉ်းစားလျက် ရှိသည်။ ငါးများကို မြိန်ယှက်စွာစားသောက်ပြီးသော ဖျိုင်းသည် တစ်နေ့တွင် ပုဇွန်လုံးထံသို့ ရောက်ပြီး ရေကန်ငယ်အသစ်ဆီသို့ ပြောင်းရွှေ့ရန် သယ်ယူပေးရမည်လားဟုမေးသည်။ သို့ရာတွင် ပုဇွန်လုံးသည် ငါးများ မည်သည့်အခြေအနေရှိကြသည်ကို ကြည့်ရှုနေသည်ဖြစ်ရာ ယခုဖြစ်ပျက်မှုအားလုံးကို အလွန်သေချာကျနစွာဖြင့် စဉ်းစားဆင်ခြင်လျှက်ရှိသည်။ ပုဇွန်လုံးသည် ဖျိုင်းအနေနှင့် ထိုသို့သယ်ယူမှုလုပ်ငန်းကို လုပ်ပေးနေသည်မှာ ကောင်းမြတ်သောစေတနာဟုတ် မဟုတ်ကိုစဉ်းစားနေသည်။ ငါးများရေကန်အသစ်ဆီသို့ ရောက် မရောက်ကိုလည်း ပုဇွန်လုံးက စဉ်းစားတွေးတောနေသည်။

အခြားတစ်ဖက်တွင်မူ ပုဇွန်လုံးကိုယ်တိုင်ကလည်းနေရာသစ်ဆီသို့ ပြောင်းရွှေ့လိုသည်။ နောက်ဆုံးတွင် ပုဇွန်လုံးသည် ဖျိုင်းကိုပြောဆိုသည်။ "ကျွန်ုပ်၏ ကိုယ်ထည်ခွံမှာမာကျောလွန်းသည်ဖြစ်ရာ ဖျိုင်းအနေဖြင့် ကျောကုန်းပေါ်တင်ပြီး ရေကန် ငယ်ဆီသို့သယ်ဆောင်သွားရန်မှာခက်ခဲလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် အသင်ဖျိုင်း၏လည်ပင်းတွင် ချိတ်တွယ်လျက် ရေကန်ငယ်ဆီသို့ လိုက်ပါလိုပါသည်။" ဖျိုင်းသည် ပုဇွန်လုံးအားရေကန်ငယ်အသစ်သို့ သယ်ဆောင်ရမည့် အစားသစ်ပင်တစ်ပင်၏အကိုင်းပေါ်တွင် ရပ်နားလိုက်လေသည်။ ထို့နောက် ဖျိုင်းကပုဇွန်လုံးအားပြောသည် "ဟိုအောက်က မြေပြင်ကို ကြည့်လိုက်စမ်း။ ငါးအရိုးတွေကိုတွေ့တယ်မဟုတ်လား။ ငါးကောင်တွေအားလုံးကို ကျွန်ုပ်သတ်စားပစ်လိုက်ပြီးပြီ။ အခုတော့ အသင် ပုဇွန်လုံးရဲ့အလှည့်ပဲ"။

ပုဇွန်လုံးကပါးနပ်သူဖြစ်သည့်အားလျော်စွာ ဖျိုင်းအားပြောလိုက်သည်။ "ငါးတွေအားလုံးကိုအသင်ဖျိုင်းက လိမ်ညာဖျားယောင်းလိုက်တဲ့အတွက် ငါးတွေဟာသနားစရာပါပဲ။ သူတို့ဟာအသင်ဖျိုင်းရဲ့ပြောစကားကို ချင့်ချိန်စဉ်းစားပြီး မတွေးတောခဲ့ကြဘူး။ ဒါပေမယ့် ကျွန်ုပ်ကတော့ အသင်ဖျိုင်းရဲ့စကားကို အယုံအကြည်မရှိဘူး။ ဒါကြောင့် ကျွန်ုပ်ဟာအသင်ဖျိုင်းရဲ့လည်ပင်းကို ကျွန်ုပ်ရဲ့လက်မကြီးနဲ့ ညှပ်ပြီးလိုက်လာခဲ့တာပါ။ အခုအချိန်ဟာ အသင်ဖျိုင်းအတွက် သေဖို့အလှည့်ရောက်ပြီ"။ ထို့နောက် ပုဇွန်လုံးသည် ဖျိုင်း၏လည်ပင်းကို လက်မဖြင့်ညှစ်ဖြတ်လိုက်ပြီး ရေကန်ငယ်အတွင်းသို့ ခုန်ချလိုက်သည်။ ရေကန်ငယ်အတွင်း၌ရေကလည်း အပြည့်ရှိနေပြီးပုဇွန်လုံးကို နေရာသစ် တစ်နေရာပေးရန် ကြိုဆိုလက်ကမ်းလျက် ရှိနေလေသည်။

အခန်း

၂

# လူကုန်ကူးမှုဆိုတာ ဘာလဲ

ယနေ့အချိန်တွင် လူကုန်ကူးမှုသည် နေရာဒေသအတော်များများ၌ ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိပါသည်။ လူများစွာသည် လူကုန်ကူးခံရသော်လည်းလူကုန်ကူးခံရမှန်းပင်မသိ ဖြစ်နေကြသူများလည်း ရှိနေပါသည်။ ထို့ကြောင့် မည်သည့်အခြေအနေကို လူကုန်ကူးမှုဟုခေါ်သည်၊ မည်သို့ဖြစ်လာတတ်သည်ဆိုသည်ကိုလူတိုင်းသိရှိရန် အလွန်အရေးကြီးလှပါသည်။ လူကုန်ကူးမှုကိုကျား/မ မရွေး၊ အသက်အရွယ်မရွေး၊ နေရာဒေသမရွေးလူတိုင်းကြုံတွေ့နိုင်ပါသဖြင့် လူအားလုံးပိုမိုသတိ ထားရန်၊ ပိုမိုသိရှိရန် လိုအပ်လှပါသည်။ ထို့ကြောင့် ဤသင်ခန်းစာအားဖြင့် လူကုန်ကူးခြင်းအား အသေးစိပ်လေ့လာပြီး မိမိတို့ဘဝတွင် သတိပြုနေထိုင်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။

## လှုပ်ရှားမှု

- မေးခွန်းများဖြင့် ဆွေးနွေးခြင်း (၃၀ မိနစ်)
- မိမိတို့ ဖော်ထုတ်လိုက်သည့် လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် အဖွဲ့လိုက် ပြဇာတ်သရုပ်ဆောင်ခြင်း (၆၀ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဘောလ်ပင်
- A4 စာရွက်များ
- မာကာများ
- ခဲတံနှင့် ရောင်စုံခဲတံများ
- Flip chart

## ရည်ရွယ်ချက်

- လူကုန်ကူးသန်းရောင်းဝယ်သည့် အဓိပ္ပာယ်ကို သိရှိနားလည်စေရန်။
- လူကုန်ကူးမှု သမိုင်းကြောင်းအား ရှင်းလင်းစွာ သိရှိလာစေရန်။
- မိမိကိုယ်တိုင် လူကုန်ကူးမခံရအောင် ကာကွယ်တတ်ရန်။

## ကူညီပံ့ပိုးသူမှပြင်ဆင်ထားရန်

- လူကုန်ကူးမှုနှင့်ပတ်သက်သည့် သမိုင်းကြောင်းကို သင်ခန်းစာမစတင်မီ ကောင်းစွာဖတ်ထားရန်။
- အဓိပ္ပာယ်ဖွင့်ဆိုချက်အား သေချာစွာဖတ်ပြီး ကိုးကားရမည့်အရာများကို ပြန်လည်ပြင်ဆင်ထားရန်
- အဓိပ္ပာယ်ဖွင့်ဆိုအပြီး ပြဇာတ်အား သေချာစွာ ပြုလုပ်နိုင်စေရန် အဖွဲ့တိုင်းအား လိုက်လံကြည့်ရှု အားပေးမှု ပြုလုပ်ရန်။

## လုပ်ရှားမှု ၁

### မေးခွန်းများမေးခြင်း

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု အများအပြား ဖြစ်ပွားလျက် ရှိသော်လည်း လူအများသည် ထိုအရာကိုယုံတမ်း တစ်ခုလို သတ်မှတ်ပြီးအလေးမထားကြပေ။ ထို့အပြင် လူအများ လူကုန်ကူးခံရမှု အခြေအနေ ပိုမိုများပြားလာသည့်အတွက် လူကုန်ကူးမှုနှင့် ပတ်သက်သော အကြောင်းအရာများကို မည်မျှ သိရှိထားသည်ဆိုသည့် အတွေးအခေါ်များ ဆန်းစစ် မေးမြန်းကြမည်ဖြစ်သည်။

### မေးခွန်းများ

- လူကုန်ကူးမှုဆိုတာ ကြားဖူးပါသလား။
- မည်သည့်နေရာတွင် မည်သို့ကြားဖူးပါသလဲ။
- မည်သည့်အခြေအနေမှာ လူများသည် လူကုန်ကူးခံရသနည်း။
- မည်သည့်အသက်အရွယ်ရှိလူများသည် လူကုန်ကူးမှုကိုခံရသနည်း။
- လူကုန်ကူးသူများထဲတွင် မည်သူများ ပါဝင်နိုင်ပါသလဲ။
- လူကုန်ကူးခံရသူများသည် မည်ကဲ့သို့သော အလုပ်များကို လုပ်ရပါသနည်း။
- မည်သည့်အကြောင်းကြောင့် လူကုန်ကူးမှုများ ဖြစ်သည်ဟု ထင်ပါသလဲ။

**အားလုံးမေးပြီးသောအခါ ကူညီပံ့ပိုးသူမှ အနစ်ချုပ်ပြီး ပြန်လည်ပြောပြရန်။**

### လူကုန်ကူးမှု သမိုင်းကြောင်းအားပြောပြခြင်း

လူကုန်ကူးမှုဖြစ်စဉ်သည် ဆန်းသစ်သည့်ဖြစ်စဉ် မဟုတ်ပါ။ ရာစုနှစ်များစွာကပင် ကမ္ဘာတစ်ဝန်းတွင် ပေါ်ပေါက်ခဲ့သော်လည်း ၁၉၉၀ နှစ်များရောက်လာမှသာ နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်လာကြခြင်းဖြစ်သည်။

အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများနှင့် အာရှဒေသတို့တွင် လူများကိုကျေးကျွန်သဖွယ် ပြုခဲ့သည့် ဖြစ်ရပ်များသည်သမိုင်းတွင် သာဓကများစွာ ရှိခဲ့ပြီးဖြစ်သည်။

အာဖရိကနိုင်ငံများမှ လူမဲများကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ပြီးကျေးကျွန်ပြုလုပ်သည့် စနစ်ကို လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) မတိုင်မီကမှ ပျောက်ကွယ်ခဲ့ခြင်းဖြစ်သည်။


ယခုအခါ လူကုန်ကူးခြင်း (သို့မဟုတ်) ခေတ်သစ်ကျေးကျွန်စနစ် (Modern Form of Slavery) ဟု ပြန်လည် ရှင်သန်လာသည်မှာ(၁၅)နှစ်ကျော်ခန့်သာ ရှိပါသည်။

ဆင်းရဲနွမ်းပါးသောနိုင်ငံများ (သို့မဟုတ်) ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသောသူများသည် ဘေးဂန်းကျင်ရှိနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတောင့်တင်းခိုင်မာမှုများကို လိုလားတောင့်တကြသည်။

ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်း၊ လူဦးရေများပြားလာခြင်း၊ ရပ်တည်ရန်ခက်ခဲသည့် အခြေအနေဖြစ်လာခြင်း၊ မိမိဘဝကို လက်ရှိအခြေအနေထက်ပိုပြီး မြင့်မားလိုခြင်းနှင့် ဘဝသစ်ထူထောင်လိုသူများပြားလာခြင်းကြောင့် ထိုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် အလုပ်လုပ်ကိုင်ရန် မျှော်လင့်ချက်များများသထက်များလာကြပါသည်။ သို့သော် သူတို့သည် ထိုသို့ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသို့သွားရောက် အလုပ်လုပ်ကိုင်ရန် တရားဝင်လုံခြုံစွာ သွားရောက်လုပ်ကိုင်ရမည်ဆိုသည်ကို မသိကြသည့်အတွက် လူကုန်ကူးမှုများဖြစ်ပွားလာခြင်းဖြစ်ပါသည်။

ထိုအခြေအနေများက နွမ်းပါးသူများ၊ မသိနားမလည်သူများ၊ နွမ်းပါးမှုကိုကျော်လွှားလိုသူများ၊ လက်ရှိဘဝထက်မြင့်မားလိုသူများအပေါ်တွင် အမြတ်ထုတ်လိုသူများအတွက် အခွင့်အရေးဖန်တီးပေးနေသလိုဖြစ်သည်။

> အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်း၊ လူဦးရေများပြားလာခြင်း၊ ရပ် တည်ရန်ခက်ခဲသည့် အခြေအနေဖြစ်လာခြင်း၊ မိမိ ဘဝကို လက်ရှိအခြေအနေထက်ပိုပြီး မြင့်မားလိုခြင်း နှင့် ဘဝသစ်ထူထောင်လိုသူများပြားလာခြင်းကြောင့် ထိုဖွံ့ ဖြိုးတိုးတက်သောနိုင်ငံများတွင် အလုပ်လုပ်ကိုင်ရန် မျှော်လင့်ချက်များများသထက်များလာကြပါသည်



**၂၁-၃၆ သန်း** ကမ္ဘာနှင့်အဝှမ်း (၂၁ - ၃၆) သန်းသော လူများသည် ခေတ်သစ် ကျေးကျွန် ဘဝသို့ ရောက်ရှိနေပါသည်။



**၇၈%** ၇၈%သောလူကုန်ကူးခံရသူများသည် အလုပ်ကြမ်း လုပ်ရသော ခေတ်သစ် ကျွန်များ ဖြစ်သည်။



**၂၂%** ၂၂% သော လူကုန်ကူးခံရသူများသည် လိင်လုပ်သားများအဖြစ် လုပ်ကိုင် ကြရသည်။



**၅၅%** ၅၅% သော လူကုန်ကူးခံရသူများသည် မိန်းကလေးနှင့် အမျိုးသမီး များဖြစ်သည်။



**၄၅%** ၄၅% သော လူကုန်ကူးခံရသူများသည် ယောကျ်ားလေးများနှင့် အမျိုးသားများဖြစ်သည်။



**၂၆%** ၂၆% သော လူကုန်ကူးခံရသူများသည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်။

*(ကောက်နုတ်ချက် - Trafficking and Slavery Fact Sheet, Free the Slaves, 17 November 2015)*

## လှုပ်ရှားမှု ၂

### လူကုန်ကူးမှုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

လူကုန်ကူးမှု သမိုင်းကြောင်းကို သိရှိပြီး ဖြစ်သော်လည်း လူကုန်ကူးမှုဆိုသည့် ဖြစ်ရပ်များကို တိကျစွာခွဲခြားရသည်မှာ ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် ရွှေ့ပြောင်းသွားလာခြင်း၊ လုပ်မှောင်ခိုခြင်း၊ ခေါင်းပုံဖြတ်ခြင်း စသည်တို့သည် ဆင်တူယိုးမှား ဖြစ်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို တစ်ဦးတစ်ယောက်ခြင်းစီမှ သေချာနားလည်ထားရန် လိုအပ်သည်။

### လုပ်ဆောင်ပုံအဆင့်ဆင့်

- ၄/၅ ယောက်တစ်ဖွဲ့ဖြင့် အဖွဲ့ခွဲပါ။
- တစ်ဖွဲ့စီအား A4 စာရွက် တစ်ရွက်စီပေးပြီး လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မိမိတို့အဖွဲ့တွင် တိုင်ပင်ပြီးရေးခိုင်းပါ။
- မိမိတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ပြဇာတ်ပုံစံဖန်တီးပြီး အဖွဲ့ထဲတွင် တင်ပြရမည် ဖြစ်သည်။ (၁၀ - မိနစ်)
- အားလုံးပြီးပါက တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြဇာတ်အား တင်ပြရန် ဖိတ်ခေါ်ပါ။
- တစ်ဖွဲ့တင်ပြပြီးတိုင်း ထိုအဖွဲ့မှ မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည် ဆိုသည်ကို ကြည့်ရှုသည့် သူများအား ခန့်မှန်းစေပါ။ ပြီးမှသာလျှင် သူတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် စာရွက်အားပြစေပါ။

### ပြန်လည်မျှဝေခြင်း

လူကုန်ကူးမှုနှင့်ပတ်သက်ပြီးမည်သို့ခံစားရပါသနည်း။ မည်သည့်ထူးခြားသည့် အကြောင်းအရာကိုသင်ယူရရှိလိုက်ပါသနည်း။
မိမိကိုယ်တိုင် လူကုန်ကူးမခံရအောင် မည်သို့ သတိပြုမည်ဆိုသည့်အရာကို Flip Chart တွင်ရေးစေပါ။
အချိန်ရှိပါက ရေးသားထားမှုများကို အဖွဲ့တွင်း ပြန်လည် ဝေမျှစေပါ။

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့် ဘဝတွက်တာ ကျွမ်းကျင်စရာအခြေခံ အကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည်ကို ဆွေးနွေးပြီးအဆုံးသတ်ပါ။

**ykbŒrSrefmEdkifvkbdu;rlwm;qDrnuGif&; Oya' **
**t"y'Ü; f(5)quuft m; ajymjy&ef**

ခြိမ်းခြောက်လို့ဖြစ်စေ၊ အင်အားသုံးပြီးဖြစ်စေ၊ ချောင်ပိတ်အကြပ်ကိုင်လို့ဖြစ်စေ၊ ပြန်ပေးဆွဲပြီးဖြစ်စေ၊ လိမ်လည်လှည့်ဖြားလို့ဖြစ်စေ၊ အာဏာသုံးပြီးဖြစ်စေ၊ မသိနားမလည်တာကို အကြောင်းပြုလို့ဖြစ်စေ၊ အကျိုးအမြတ်ကို ပေးပြီးဖြစ်စေ၊ အမြတ်ထုတ်ဖို့ ရည်ရွယ်ချက်နဲ့သိမ်းသွင်းတာ၊ ပို့ဆောင်တာ၊ ရောင်းဝယ်တာ၊ ခိုလှုံစရာပေးတာတို့ကို ဆိုလိုပါတယ်။ *(အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ တားဆီး ရေးစာချုပ် (ပါလာမိုစာချုပ်) ဒီဇင်ဘာ ၁၂ ရက် ၂၀၀၀ ခုနှစ်)*
(သို့မဟုတ်) လူပုဂ္ဂိုလ် တစ်ဦးဦးသည် အခြားသူတစ်ဦး တစ် ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ရန် အလို့ငှာ လူအများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်။

အခန်း ၃

# ကလေးသူငယ် ကူးသန်းရောင်းဝယ်ရေး

ကလေးသူငယ် ကူးသန်းရောင်းဂယ်သည့် ပုံစံအမျိုးမျိုးကို သိရှိခြင်းဖြင့် ပါဂင်တက်ရောက်သူများသည် ကလေးတို့၏ ဘဂတွင် ထိုကဲ့သို့ကြုံတွေ့ရပါက သတိပြုရှောင်ရှားနိုင်ရန်နှင့် ကောင်းမွန်စွာ သွားလာရှင်သန်လာနိုင်စေမည်ဖြစ်သည်။ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်စာချုပ် (UNCRC) အရ ကလေးသူငယ်ဆိုသည်မှာ (၁၈)နှစ် အောက်လူသားတိုင်းကို ဆိုလိုပါသည်။

## လုပ်ရှားမှု

- အဖွဲ့လိုက်ဆွေးနွေးခြင်း (၃၀ မိနစ်)
- ကြွက်ကြောင် ကစားနည်း (၄၀ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၁၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဘောလ်ပင်
- A4 စာရွက်များ
- မာကာများ
- အမှတ်အသားပြုလုပ်ရန် စတ္တကူတိပ်များ (စက်ဝိုင်းပြုလုပ်နိုင်အောင် လုံလောက်စာ ယူသွားရန်)
- Flip chart

## ရည်ရွယ်ချက်

- ကလေးသူငယ်၏ အသက်အရွယ်ကို သိရှိစေရန်။
- ကလေးသူငယ် ကူးသန်းရောင်းဝယ်မှု၏ အဓိပ္ပာယ်ကို သိရှိလာစေရန်။
- ကလေးကူးသန်းရောင်းဝယ်ရေးအကြောင်း သိရှိနားလည်စေရန်။
- ကလေးကူးသန်းရောင်းဝယ်သည့် ပုံစံများကို သိရှိနားလည်ပြီး ပါဝင်တက်ရောက်သူများ မိမိတို့၏ ဒေသရှိကလေးသူငယ်များ ရောင်းစားမခံရအောင် သတိထားတတ်လာစေရန်။

## လုပ်ရှားမှု ၁

### လူကုန်ကူးခံရသူများအား ခွဲခြားသတ်မှတ်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော လူကုန်ကူးခံရသူများအားခွဲခြားသတ်မှတ်ထားသော ပုံစံများဖြစ်သည့် စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခရီးလမ်းဆုံး ရောက်ခြင်းစသည်တို့ကို တက်ရောက်သူများအနေဖြင့် သိရှိနားလည်စေရန် ဆွေးနွေးရမည်ဖြစ်သည်။

- တက်ရောက်လာသူများအားအဖွဲ့ (၃)ဖွဲ့ ခွဲစေပါ။
- ထို့နောက် တစ်ဖွဲ့မှ စုဆောင်းခြင်း၏ လုပ်ငန်းစဉ်အဆင့်ဆင့်များချရေးခြင်း၊ နောက်တစ်ဖွဲ့မှ သယ်ယူပို့ဆောင်ခြင်း၏ လုပ်ငန်းစဉ်အဆင့်ဆင့်အား ချရေးခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်းရှင်းပြပါ။ (၁၅ - မိနစ်)
- ထိုသို့ရေးသားပြီးပါက အဖွဲ့ကိုယ်စားတစ်ယောက်မှ အဖွဲ့၏ရေးသားဆွေးနွေးထားမှုကို အားလုံးသိရှိစေရန် တင်ပြစေပါ။
- တင်ပြပြီးသောအရာများကို နားမလည်ပါက၊ မေးခွန်းရှိပါက တစ်ဖွဲ့ပြီးတိုင်းမေးမြန်းရန် အချိန်ပေးပါ။

ကူညီပံ့ပိုးသူမှ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ခရီးလမ်းဆုံးရောက်ခြင်းပုံများကို ရှင်းပြရန်။ (ဗွီနိုင်းပုံများဖြင့် ဆွေးနွေးပြောဆိုခြင်း)

### စုဆောင်းခြင်း

- ငွေနှင့်လှည့်ဖြား၍ ဂယ်ယူခံရခြင်း
- လစာကောင်းသော အလုပ်ကောင်းရမည်ဟု အလိမ်ခံရခြင်း
- တန်ဖိုးရှိသောပစ္စည်း၊ ကား၊ ရွှေ၊ လက်ကိုင်ဖုန်း စသည်များကိုပေး၍ မြူဆွယ်ခံရခြင်း
- သိမ်မွေ့သောစကားနှင့် ဖြားယောင်းသွေးဆောင်၍ ခေါ်ယူခံရခြင်း
- အကြွေးနှင့် ချည်နှောင်ခံရခြင်း
- အကြမ်းဖက်၊ ပြန်ပေးဆွဲခေါ်ဆောင်ခံရခြင်း

### လမ်းခရီးမှာ

- ပင်ပန်းဆင်းရဲစွာအနေအထိုင်၊ အစားအသောက်ဆင်းရဲစွာပုန်းရှောင်၍သွားလာရခြင်း
- အသက်အန္တရာယ်ကြုံတွေ့နိုင်ခြင်း
- ခြိမ်းခြောက်၍ လည်းကောင်း၊ အတင်းအဓမ္မနိုင်းစေ၍လည်းကောင်း၊ ပြောသည့်အတိုင်း မလုပ်လျှင် ရဲဖမ်းခံရမည် ဟူ၍လည်းကောင်း ခြိမ်းခြောက်ခံရခြင်း
- အဓမ္မပြုခံရခြင်း၊ လိင်မှုဆိုင်ရာ အလွဲသုံးစား ပြုခံရခြင်း၊ လက်ပြောင်းလက်လွှဲလုပ်ခံရခြင်း၊ တစ်ဆင့်ရောင်းစားခံရခြင်း

### ခရီးလမ်းအဆုံးတစ်နေရာမှာ

- ပြောထားတဲ့လစာအတိုင်းမဟုတ်ပဲ လစာကိုနည်းစွာရရှိခြင်း (သို့) လုံးဝမရရှိခြင်း
- အလုပ်ခွင်မှာအသုံးအဆောင်ပစ္စည်းနဲ့ စားစရိတ်အတွက် ကျသင့်တဲ့တန်ဖိုးထက် အဆမတန်ပေးပြီး အကြွေးဆပ်ရခြင်း။
- ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရခြင်း၊ နှိပ်စက်ခံရခြင်း။
- လိင်မှုဆိုင်ရာ အလွဲသုံးစားပြုခံရခြင်း၊ ဝိတ်လျှော့ခံရခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြတ်ထုတ်ရောင်းစားခံရနိုင်ခြင်း။
- ဂုဏ်သိက္ခာဆုံးရှုံးရခြင်း၊ HIV ရောဂါပိုးကူးစက်ခံရနိုင်ခြင်း။

## လူစုဆောင်းခြင်း





## လမ်းခရီးတွင်ကြုံတွေ့နိုင်သည့် အခြေအနေများ





## ခရီးလမ်းဆုံး တစ်နေရာတွင် ကြုံတွေ့နိုင်သည့် အခြေအနေများ





## လှုပ်ရှားမှု ၂

## ကလေးကူးသန်းရောင်းဝယ်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်

လူကုန်ကူးမှုအဓိပ္ပာယ်ဖွင့်ဆိုချက် ရှိထားပြီးဖြစ်သော်လည်းယခုအချိန်တွင် ပါဝင်တက်ရောက်သူများအနေနှင့် ကလေးသူငယ်များအား ရောင်းစားမှု ပိုမိုဖြစ်ပွားလျှက် ရှိသောကြောင့် တက်ရောက်သူများအနေဖြင့် ကလေးသူငယ် ကူးသန်းရောင်းဝယ်ခြင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သေချာစွာသိရှိထားရမည်ဖြစ်သည်။

### ကြွက်၊ ကြောင် ၊ကျား ကစားနည်း

- ပါဝင်သူများအား ကြွက်၊ ကြောင်၊ ကျားဟု အဖွဲ့ သုံးဖွဲ့ ခွဲစေပါ။
- ကူညီပံ့ပိုးသူမှ စက္ကူတိတ်ဖြင့် ကြွက်အဖွဲ့ လွတ် လပ်စွာ နေရန် လုံလောက်သည့် စက်ဝိုင်းတစ်ခုကို ပြုလုပ် သတ်မှတ်ပါ။
- ကြွက်အဖွဲ့အား စက်ဝိုင်းအတွင်း၌နေစေရန်၊ ကြောင် အဖွဲ့အနေဖြင့် စက်ဝိုင်း၏အပြင်ဘက် ကပ်လျက်တွင် နေရန်နှင့် ကျားအဖွဲ့အနေဖြင့် စက်ဝိုင်း၏အဝေး တစ်နေရာတွင် နေရမည်ဟု ရှင်းပြပေးပါ။
- ထို့နောက် ကြောင်မှ ကြွက်ကိုဖမ်းပြီး မိပါက ကျားထံသို့ ပို့ပေးရမည်ဖြစ်သည်။ ထိုသို့ ကြွက်အားဖမ်းရာတွင် စည်းဝိုင်းသတ်မှတ်ချက်အား လုံးဝ (လုံးဝ) ထိခွင့်မရှိပါ။

**ကစားပြီးပါက**

**အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးရန်**

- ဤကစားနည်းအပေါ် မည်သို့ခံစားရပါသနည်း။
  ကစားနည်းအပေါ် သင်ခန်းစာနှင့် ဆက်စပ်ပြီး မည်သည့်အရာများအား သတိပြုမိပါသနည်း။
- ကြွက်အဖြစ် ပါဝင်ကစားမှုသည် လက်တွေ့ဘဝ၌ မည်သူများဖြစ်နိုင်မည်နည်း။
- ကျားအဖြစ် ပါဝင်ကစားမှုသည် လက်တွေ့ဘဝ၌မည်သူများဖြစ်နိုင်မည်နည်း။
- ဘာကြောင့် ကြောင်က ကြွက်ကိုဖမ်းရသနည်း။ ဘာကြောင့် ကျားဆီသို့ ပို့ဆောင်သည်ဟု သင် ထင်ပါသနည်း။
- ကလေးသူငယ် ကူးသန်းရောင်းဝယ်ရာတွင် မည်သူများ ပါဝင်လေ့ရှိပါသနည်း။

**ကူညီပံ့ပိုးသူမှ အောက်ဆုံးမေးခွန်း (၃)ခု၏ ဖြေကြားချက်များကို အောက်ပါ ဇယားကွက်တွင် သေချာစွာရေးဖြည့်ရမည် ဖြစ်သည်။ (လက်တွေ့ဘဝနှင့် ဆက်စပ်ပြီးများများပြောလာနိုင်စေရန် ပံ့ပိုးသူမှ အားပေးအားမြှောက်ပြုပေးရန်)**

| ရည်ရွယ်ချက် | နည်းလမ်း | ပါဝင်ပတ်သက်သူများ |
|---|---|---|
| | | |

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ကလေးသူငယ်ကူးသန်းရောင်းဝယ်ရေးဆိုသည်မှာ ကလေးတစ်ဦးသည် ပြည်တွင်းတွင်သော်လည်းကောင်း၊ ပြည်ပတွင်သော်လည်းကောင်း ကလေးကို အင်အားသုံး၍သော်လည်းကောင်း၊ အင်အားမသုံး၍သော်လည်းကောင်း ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်ခြင်းကိုဆိုလိုသည်။

*(ကောက်နုတ်ချက်။ http://www.unicef.org/southafrica/SAF_pressrelease_notetrafficking.pdf)*

### ပြန်လည်ဝေမျှခြင်း

**Flip Chart ပေါ်တွင်ရေးသားခြင်း**

ကလေးကူးသန်းရောင်းဝယ်မှုနှင့်ပတ်သက်ပြီး မိမိသင်ယူရရှိလိုက်သည့် အချက်ပေါ်အခြေခံကာ ကလေးများ ကိုယ်တိုင်ကုန်ကူးမခံရအောင် သတိထားဆင်ခြင်သွားမည်ဆိုသည့် စိတ်ကူးပုံအား Flip Chart တွင်ချရေးပါ။ ရေးသားပြီးပါက အဖွဲ့သို့ပြန်လည်ဝေမျှပါ။

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့် ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှု ရှိသည်ကို ဆွေးနွေးပြီးအဆုံးသတ်ပါ။

အခန်း

၄

# လူကုန်ကူးရောင်းဝယ်မှု အခြေအနေ၊ အမျိုးအစားများနှင့် လူမှောင်ခိုခြင်း

သင်ခန်းစာတွင်ပါဝင်သူများသည် လူကုန်ကူးရောင်းဝယ်မှု အခြေအနေများနှင့် အမျိုးအစားများကို လေ့လာခြင်းဖြင့် မိမိတို့၏ ဘဝတစ်သက်တာတွင်သတိပြုဆင်ခြင်ပြီး မိမိ၏ဘဝကို ထိန်းသိမ်းနေထိုင်နိုင်ရန်နှင့် လူမှောင်ခိုခြင်းဆိုသည်ကိုလည်း ရှင်းလင်းတိကျစွာ နားလည်သဘောပေါက်လာစေရန် ဖြစ်သည်။

## လှုပ်ရှားမှု

- လူကုန်ကူးရောင်းဝယ်ရေးကို ဖော်ပြသော ဓာတ်ပုံကဒ်များ (၄၀ မိနစ်)
- အဖွဲ့လိုက်ဆွေးနွေးခြင်း (၅၀ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- လူကုန်ကူးမှုကို ဖော်ပြသော ဓာတ်ပုံကဒ်များ
- A4 စာရွက်များ
- Flip chart
- မာကာများ၊ ဘောလ်ပင်

## ရည်ရွယ်ချက်

- လူကုန်ကူးရောင်းဝယ်မှု အခြေအနေနှင့် အမျိုးအစားများကို သိရှိစေရန်။
- လူမှောင်ခိုခြင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်စေရန်။
- လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်းတို့၏ ခြားနားချက်များကို သိရှိလာစေရန်။

လှုပ်ရှားမှု
၁

## လူကုန်ကူးရောင်းဝယ်မှု အခြေအနေ၊ အမျိုးအစားများကိုလေ့လာခြင်း

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများနှင့် လက်ရှိကြုံတွေ့နေရသော လူကုန်ကူးမှု အခြေအနေများကိုတက်ရောက်သူများ အသေးစိတ် သေချာရှင်းလင်းစွာ နားလည်ထားရန် လိုအပ်ပါသည်။

- ➲ ကလေးကုန်ကူးမှုကို ပြသသည့် ဗွီနိုင်းပုံများကို စက်ဝိုင်းအလယ်တွင်ချထားပေးပါ။
- ➲ ထို့နောက် တက်ရောက်သူများအား တစ်ယောက်တစ်ခုစီကောက်ယူကြရန်ပြောပါ။
- ➲ ထိုသို့ ကောက်ယူပြီးနောက် မိမိ၏ ပုံနှင့် စပ်လျဉ်းပြီးမိမိဘယ်လိုနားလည်သည်၊ မည်သို့ ခံစားရသည်၊ မည်သည့်အချက်များကိုတွေ့ရှိရသည် ဆိုသည်ကို (၃)မိနစ်ခန့် တိတ်ဆိတ်စွာစဉ်းစားစေရန် လမ်းညွှန်ပေးပါ။
- ➲ အားလုံးပြီးသည့်အခါ အဖွဲ့ကြီးအတွင်း တစ်ယောက်တစ်လှည့်ဖြင့် ပြန်လည်ဝေငှစေပါ။

**အားလုံးပြီးသွားပါက အောက်ပါမေးခွန်းများဖြင့် ပြန်လည်ဆွေးနွေးပါ။**

- ➲ ဤကဒ်များကိုလေ့လာခြင်းအားဖြင့် လူများက အဘယ်ကြောင့် ရောင်းစားခံရသည်ဟု လေ့လာမိပါသနည်း။
- ➲ မည်သည့်နေရာများ၌ ရောင်းစားခံရပြီး မည်ကဲ့သို့သော အလုပ်များကို လုပ်ရပါသနည်း။
- ➲ မည်သည့်အခြေအနေရှိသောသူများ၌ အန္တရာယ်ကို ပိုမိုတွေ့ရနိုင်ပါသနည်း။

### ကူညီပံ့ပိုးသူမှရှင်းပြရန်

**၁။ ပြည်တွင်းအခြေအနေ**

- ➲ နယ်မှကလေးများအား မြို့ကြီးများတွင် အလုပ်လုပ်ရန် ဟူသောရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်း၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ကားဂိတ်များတွင် အလုပ်စေခိုင်းခြင်း၊ မိုင်းများတွင် စေခိုင်းခြင်း၊ နယ်စပ်မြို့သို့ပို့ဆောင်ခြင်း။
- ➲ စစ်တပ်များသို့ ဝင်ရောက်ရန်အတွက် လိမ်လည်ခေါ်ဆောင်၍စေခိုင်းခြင်း။

**၂။ အခြားနိုင်ငံများသို့ ကူးသန်းရောင်းဝယ်ခြင်း**

အခြားနိုင်ငံများသို့ သယ်ယူပို့ဆောင်သည့် ရည်ရွယ်ချက်များမှာ

- ➲ လိင်လုပ်ငန်းများတွင်စေခိုင်းရန် (ဥပမာ - ထိုင်း၊ တရုတ်၊ ပါကစ္စတန် အစရှိသည့်နိုင်ငံများ)
- ➲ တောင်းရမ်းစားသောက်သူအဖြစ် စေခိုင်းရန် (ဥပမာ - ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား)
- ➲ သတို့သမီးငယ်များအဖြစ် လက်ထပ်ယူရန် (ဥပမာ - တရုတ်)
- ➲ အခြားလုပ်ငန်းများဖြစ်သော အိမ်ဖော်၊ စက်ရုံ၊ မိုင်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးခြံ၊ စားပွဲထိုးနှင့် အခြားလုပ်ခဈေးပေါသောလုပ်ငန်းများတွင် စေခိုင်းခြင်း (ဥပမာ - ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်)

**၃။ လူကူးသန်းရောင်းဝယ်မှုအခြေအနေ**

- ➲ ကမ္ဘာနှင့်အပှမ်း(၂၁-၃၆)သန်းသောလူများသည် ခေတ်သစ်ကျေးကျွန်ဘဝသို့ ရောက်ရှိနေပါသည်။
- ➲ ၇၈%သော လူကုန်ကူးခံရသူများသည် အလုပ်ကြမ်း လုပ်ရသော ခေတ်သစ်ကျွန်များဖြစ်သည်။
- ➲ ၂၂% သောလူကုန်ကူးခံရသူများသည် လိင်လုပ်သားများအဖြစ် လုပ်ကိုင်ကြရသည်။
- ➲ ၅၅% သော လူကုန်ကူးခံရသူများသည် မိန်းကလေးနှင့် အမျိုးသမီးများဖြစ်ပြီး ၄၅% သော လူကုန်ကူးခံရသူများ သည်ယောကျ်ားလေးများနှင့် အမျိုးသားများဖြစ်သည်။
- ➲ ၂၆%သော လူကုန်ကူးခံရသူများသည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်။

လှုပ်ရှားမှု ၂

## လူမှောင်ခိုခြင်းအား လေ့လာခြင်း

မြန်မာနိုင်ငံအတွင်းရှိလူအများစုသည် လူကုန်ကူးမှုနှင့် လူမှောင်ခိုခြင်းကို ကွဲပြားစွာ မသိရှိကြပေ။ သို့သော် ထိုနှစ်ခုကြားတွင် ကြီးမားသောကွဲပြားမှုရှိနေပါသည်။ ထို့ကြောင့် တက်ရောက်သူများ အနေဖြင့် ထိုနှစ်ခု၏ ကွဲပြားမှုကို သေချာစွာ သိရှိနားလည်ရန် လိုအပ်ပါသည်။

**ယခင်သင်ခန်းစာများဖြင့် အနည်းငယ် ပြန်လည်ဆွေးနွေးခြင်း**

- လူကုန်ကူးမှုဆိုတာဘာလဲ။
- ကလေးကူးသန်းရောင်းဝယ်ခြင်းဆိုတာဘာလဲ။

ထို့နောက်

- လူမှောင်ခိုခြင်းဆိုတာဘာလဲ။
- လူမှောင်ခိုခြင်းဖြစ်သည်ဟု မိမိကြားဖူးသော၊ ကြုံဖူးသော အတွေ့အကြုံကိုပြောပြပါ။

### လူမှောင်ခိုခြင်းအဓိပ္ပါယ်

တစ်စုံတစ်ဦးက ငွေကြေးအကျိုးအမြတ်ရယူကာ အခြားတစ်စုံတစ်ဦးကို နိုင်ငံနယ်နိမိတ်ဖြတ်ကျော်၍ ပို့ဆောင်ခြင်းဖြစ်သည်။

**အသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုချက် -**

လူသယ်ယူခြင်း (သို့မဟုတ်) လူမှောင်ခိုခြင်း ဆိုသည်မှာ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အုပ်စုလိုက် ဖြစ်စေ၊ အခြားသူ တစ်ဦးတစ်ယောက်ကို (သို့မဟုတ်) လူတစ်စု၏ သွားလိုရာနေရာရောက်အောင် အခကြေးငွေလက်ခံပြီး ပို့ဆောင်ခြင်းကို ခေါ်ပါသည်။ အများအားဖြင့် နိုင်ငံတစ်နိုင်ငံမှာ တရားဝင်နေထိုင်ခွင့်၊ သွားလာခွင့်မရှိသည့်အတွက် နည်းမျိုးစုံသုံးပြီး လိုက်ပါ ပို့ဆောင်ခြင်းမျိုး ဖြစ်ပါသည်။ ထိုကိစ္စမျိုးမှာ ပို့ဆောင်သည့်သူ၏ တာဝန်သည် ယခင်က သဘောတူ သတ်မှတ်ထားသည့် အခြေအနေရောက်သည်နှင့် တာဝန်ကုန်ဆုံးသွားပြီဖြစ်သည်။

ထိုသို့ပို့ဆောင်ရသည့် လုပ်ငန်းဝန်ဆောင်မှုအတွက် မည်မျှပေးရမည်ဆိုသည့် အခကြေးငွေတန်ဖိုးနှင့် သွားလာရမည့် နည်းလမ်းပုံစံအား ခရီးမစတင်မီကပင် သွားသူနှင့် ပို့သူနှစ်ဦး ကောင်းမွန်စွာ ညှိထားပြီးဖြစ်ပါသည်။ ဤသို့ပို့ဆောင်ခြင်းမျိုးသည် နိုင်ငံအတွင်းသွားလာခွင့် မရှိသည့်သူများ၊ တရားဝင်နေထိုင်ခွင့်မရှိသူများအား တရားမဝင်သည့်နည်းလမ်းဖြင့် သယ်ယူမှုဖြစ်သည့်အတွက် လူမှောင်ခိုမှုမြောက်ပါသည်။

| လူကုန်ကူးခြင်း | လူမှောင်ခိုခြင်း |
|---|---|
| အမြတ်ထုတ်ရန်ရည်ရွယ်ချက်ရှိခြင်း | အခကြေးငွေ ရရှိရန် ရည်ရွယ်ချက်ရှိခြင်း |
| မရိုးသားသောပုံစံများဖြင့်ချဉ်းကပ်စည်းရုံးခြင်း | သွားလာလိုသည့်သူများနှင့် ဈေးစကားပြောခြင်း |
| သွားလာလုပ်ကိုင်ရမည့်အခြေအနေများကို ကြိုတင်မသိထားခြင်း | သွားလာလုပ်ကိုင်ရမည့် အခြေအနေများကို သွားလာသူကိုယ်တိုင် ကြိုတင်သိထားခြင်း |
| ခံရသူအတွက်ရွေးချယ်စရာအခြေအနေမရှိခြင်း | သွားလာမည့်သူကရွေးချယ်နိုင်သည့်အနေအထားရှိခြင်း |
| နေရာတိုင်းတွင်ဖြစ်ပွားနိုင်ခြင်း | နယ်စပ်ဒေသဖြစ်ပွားခြင်း |

## ပြန်လည်ဝေမျှခြင်း

**သင်ခန်းစာတစ်ခုလုံးအပေါ် ပြန်လည်သုံးသပ်ခြင်း**

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၏ ကွာခြားချက်ကိုပြောပြပါ။

ပြည်တွင်း၌ရောင်းစားခံရသောသူများသည် မည်သည့်လုပ်ငန်းများကို ပြုလုပ်ရပါသနည်း။

ပြည်ပ၌ရောင်းစားခံရသောသူများသည် မည်သည့်လုပ်ငန်းများကို ပြုလုပ်ရပါသနည်း။

မိမိ၏ဘဝတွင် လူကုန်ကူးသူ၏ လိမ်လည်မှုကိုမခံရအောင် မည်သို့ဂရုစိုက်နေ ထိုင်မည်ဆိုသည့် စိတ်ဆုံးဖြတ်ချက်ထားမှုကို Flip Chart တွင်ရေးသားပါ။

အချိန်ရှိပါကရေးသားထားမှုများကိုအဖွဲ့အတွင်း ပြန်လည်ဝေမျှစေပါ။

## အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့် ဘဝတွက်တာကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည်ကို ဆွေးနွေးပြီးအဆုံးသတ်ပါ။



# အခန်း ၅

# လူကုန်ကူးရောင်းဝယ်မှု ဖြစ်ရသည့် အကြောင်းရင်းများနှင့် ဆိုးကျိုးများ

ဖြစ်ရပ်မှန်ဇာတ်လမ်းအားလေ့လာခြင်း၊ အဖွဲ့လိုက်ပြဇာတ်များပြုလုပ်ခြင်း၊ မှန်/မှားမေးခွန်းများဖြေခြင်းဖြင့် တက်ရောက်သူများသည် လူကုန်ကူးရောင်းဂယ်ရေးဖြစ်ရသည့် အကြောင်းအရင်းများနှင့် ဆိုးကျိုးများကိုရှင်းလင်းစွာသိရှိသွားမည်ဖြစ်သည်။

## လုပ်ရှားမှု

- မှား/မှန် မေးခွန်းများ ဖြေခြင်း (၁၅ မိနစ်)
- ဖြစ်ရပ်မှန်ဇာတ်လမ်းများအား လေ့လာခြင်း (၄၀ မိနစ်)
- အဖွဲ့လိုက် ပြဇာတ်ပြုလုပ်ခြင်း (၄၅ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၄၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဖြစ်ရပ်မှန်ဇာတ်လမ်း ရေးသားထားသော စာရွက်
- ဘောလ်ပင်
- A4 စာရွက်များ
- Flip Chart

## ရည်ရွယ်ချက်

- လူကုန်ကူးရောင်းဝယ်မှု ဖြစ်ရသည့် အကြောင်းအရင်းများကို သေချာစွာ နားလည် သဘောပေါက်စေရန်။
- လူကုန်ကူးရောင်းဝယ်သည့်အခါ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သိရှိစေရန်။

## ကူညီပံ့ပိုးသူမှ ပြင်ဆင်ထားရန်

- ဇာတ်လမ်းစာရွက်များကို ကြိုတင်ပြင်ဆင်သွားရန် (ပူးတွဲပေးထားသည်)

လှုပ်ရှားမှု ၁

## မှန်/မှား မေးခွန်းများ ဖြေခြင်း

မြန်မာနိုင်ငံအနှံ့အပြားတွင် လူကုန်ကူးမှုများပြားစွာဖြစ်နေသော်လည်း မည်သည့်ကိစ္စများကြောင့် မည်သို့ဖြစ်သည်ဆိုသည် ကိုသေချာစွာမသိရှိကြပေ။ များသောအားဖြင့် ဆင်းရဲခြင်းကြောင့်၊ စားဝတ်နေရေးကြောင့်၊ အလုပ်အကိုင် အဆင်မပြေသောကြောင့်ဟုသာ လွယ်လွယ်ပြောနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်ပေါ်လာသည့်အကြောင်းရင်းများကို သေချာစွာသိရှိရန် အရေးကြီးလှသည်။ ပါဝင်တက်ရောက်သူများအနေဖြင့်လည်း သိရှိဖို့လိုအပ်ပါသည်။

### လမ်းညွှန်ချက်များ

- ပါဝင်တက်ရောက်သူများအား မတ်တပ်ရပ်စေပါ။
- ပံ့ပိုးကူညီသူမှ အောက်တွင်ပေးထားသော အကြောင်းအရာ တစ်ခုချင်းစီကိုဖတ်ပြပါ။
- ပံ့ပိုးကူညီသူမှ အောက်တွင်ပေးထားသော အကြောင်းအရာ တစ်ခုချင်းစီကို ဖတ်ပြပြီးသည့်အခါတိုင်း တက်ရောက်သူများမှ ၄င်းအကြောင်းအရာအား မှန်သည်ဟုယူဆလျှင် လက်ယာဘက်တွင် သွားရောက်ရပ်နေကြရန်၊ မှားသည်ဟုယူဆလျှင် လက်ဝဲဘက်တွင် သွားရောက်ရပ်နေကြရန်နှင့် မှားသည်/မှန်သည်ကို မဆုံးဖြတ်နိုင်ဘဲ ဇဝေဇဝါဖြစ်နေပါက အလယ်တွင် ရပ်နေရန်ညွှန်ကြားပါ။
- ဖတ်ပြသော အကြောင်းအရာများအား နားမလည်ပါက မေးမြန်းရန်ခွင့်ပြုပေးပါ။ ထို့နောက် သူတို့ရွေးချယ် မတ်တပ်ရပ်ပြီးသောအခါ သူတို့၏ အမြင်များကိုမေးမြန်းပါ။ ဆွေးနွေးပြီးသောအခါ အသေးစိတ်ရှင်းပြရန် အောက်တွင် အဖြေများကိုရှင်းလင်းပေးထားပါသည်။

### အကြောင်းအရာများ

၁။ လူကုန်ကူးခြင်းသည် ဆင်းရဲခြင်းနှင့် ပညာမတတ်ခြင်းတို့ကြောင့် အဓိကဖြစ်သည်။

၂။ ဆယ်ကျော်သက်မိန်းကလေးအားလုံးသည် လိင်မှုလုပ်ငန်းများတွင်သာ ရောင်းစားခံရသည်။

၃။ ရောင်းစားခံရသော ကလေးများအားလုံးသည် ပြည့်ပြည့်စုံစုံကောင်းကောင်းမွန်မွန် နေထိုင်ကြရသည်။

၄။ ရောင်းစားခံရသော ကလေးများအား ပြန်လည်ကယ်ဆယ်ပြီးသောအခါ နေအိမ်သို့တစ်ခါတည်း/ ချက်ချင်းပြန်လည် ပို့ဆောင်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

၅။ လူကုန်ကူးသူပွဲစားများအားလုံးကို ဖမ်းဆီးအရေးယူပါက လူကုန်ကူးမှုများလျော့ကျသွားမည်ဖြစ်သည်။

### ကူညီပံ့ပိုးသူမှအနှစ်ချုပ်ရှင်းပြရန်

၁။ လူကုန်ကူးမှုအဓိကဖြစ်ရခြင်းသည် တရားဝင်သွားလာရေးနည်းလမ်းများကို လက်လှမ်းမမီခြင်း၊ လက်လှမ်းမီသော်လည်းအလိမ်ခံရခြင်း၊ နိုင်ငံသားဖြစ်ခွင့်မရှိခြင်း၊ မိမိတို့နေထိုင်ရာဒေသ၌ စီးပွားရေးအခွင့်အလမ်းများမရှိခြင်း၊ အရေးပေါ် ကျန်းမာရေးချေးငွေများ မရရှိခြင်းအစရှိသည့် အခြေခံအကြောင်းအမျိုးမျိုးတို့ကြောင့်ဖြစ်သည်။

၂။ ရောင်းစားခံရသောသူများသည် အိမ်ဖော်လုပ်ငန်း၊ ရာဘာခြံ၊ အန္တရာယ်ရှိသောစက်ရုံများ၊ ကလေးငယ်များအား တောင်းရမ်းစားသောအလုပ်ကိုလုပ်ခိုင်းခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများအားဖြတ်တောက်ရောင်းစားခံရခြင်း၊ သကြားလုံး၊ ပန်းစသည်တို့ကို ရောင်းခိုင်းခြင်းအစရှိသည့် နေရာများတွင် အလုပ်လုပ်ရသည်။

၃။ သတ်မှတ်ထားသောအလုပ်များ မပြီးပါက ရိုက်နက်ခြင်း၊ အစာမကျွေးခြင်းများပြုလုပ်ခြင်း၊ အိပ်ရေးဝဝမအိပ်ရခြင်း၊ မလုပ်ချင်သောအလုပ်များလုပ်ရခြင်း၊ နားချိန်မရှိခြင်း၊ အမြဲတမ်းကြောက်ရွံ့နေရခြင်း၊ အခွင့်အရေးများဆုံးရှုံးခြင်း (သို့) အခွင့်အရေးများမရရှိခြင်းစသည်တို့ ဖြစ်သည်။

၄။ ပုံမှန်အားဖြင့် ရောင်းစားခံရသောသူများသည် ပတ်ဝန်းကျင်မှအကောင်းမြင်ရန်၊ နွေးထွေးစွာကြိုဆိုရန်ခက်ခဲသည့် အနေအထားများရှိနေတတ်ပါသည်။ သို့သော် အချို့သော ပတ်ဝန်းကျင်မှ သူများသည်လည်း ထိုသို့သောသူများကို အကောင်းမြင်ပေးပြီး နွေးထွေးလက်ခံမှုများလည်းရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူအရောင်းစားခံရသောသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ (အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာတစ်ခုခုဖြင့် ဘဝရပ်တည်နိုင်အောင်) ပြုပြင်ပြောင်းလဲခြင်းများ ဖြစ်စေနိုင်သောလုပ်ငန်းများကို ၄င်းတို့နေထိုင်ရာ မူရင်းဒေသသို့ ပြန်မရောက်မီကပင် ထိုနေရာများ၌ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်သင့်ပါသည်။

၅။ ထိုသူများကိုသာ ဖမ်းဆီးအရေးယူပါက တစ်စိတ်တစ်ပိုင်းသာ မှန်ကန်မည်ဖြစ်သည့်အပြင် လူကုန်ကူးမှုဖြစ်ရသော တွန်းပို့နေသည့်အရာများနှင့် ဆွဲခေါ်နေသောအရာများကိုလည်းလျှော့ချရမည်ဖြစ်သည်။
(ဥပမာ - ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် အရှေ့ရောက်နေသော နိုင်ငံများထဲမှ အပါအဝင်ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများလည်း တိုးတက်ပါသည်။ သို့ဖြစ်ပါ၍ အောက်ခြေလုပ်သားများအမြဲလိုအပ်သောနိုင်ငံများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် ဆင်းရဲသော နိုင်ငံဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။ ထို့အတွက်ကြောင့် ရရာအလုပ်ကို လုပ်မည်ဆိုသည့်စိတ်ဖြင့် ထိုင်းနိုင်ငံဘက်သို့ သွားကြပါသည်။ တရားဝင်သွားတာရှိကြသလို တရားမဝင်ခိုးသွားမှုများလည်း ရှိကြပါသည်။ ထိုင်းနိုင်ငံအနေဖြင့်ကြည့်လျှင်လည်း လုပ်ခလစာ သက်တောင့်သက်သာ ပေးပြီး ခိုင်းလို့ရသော အလုပ်သမားများကို ရခြင်းဖြစ်သည်။ နိုင်ငံနှစ်ခု၏ အခြေအနေကိုကြည့်လျှင် ကုန်းမြေထိစပ်သောနိုင်ငံဖြစ်သည့်အတွက် ကူးလူးသွားလာရ လွယ်ကူမှုရှိနေခြင်း စသည့်အချက်များသည် လူကုန်ကူးမှုဖြစ်အောင် တွန်းပို့နေသည့် အချက်များနှင့် ဆွဲခေါ်နေသောအချက်များထဲမှ အချို့ဖြစ်ပါသည်။

---

## လှုပ်ရှားမှု ၂

## ဖြစ်ရပ်မှန်ဇာတ်လမ်းများအား လေ့လာခြင်း

- ဇာတ်လမ်းသရုပ်ဆောင်မှုအတွက် အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ပါ။
- ထို့နောက် အောက်တွင်ပူးတွဲပေးထားသော ဇာတ်လမ်းအား တစ်ဖွဲ့တစ်ပုဒ်ပေးပြီးဖတ်စေပါ။ (၁၀ - မိနစ်)
- အားလုံးအဆင်သင့်ဖြစ်ပါက အဖွဲ့အတွင်းသရုပ်ဆောင်ရန် ဖိတ်ခေါ်ပါ။
- အချင်းချင်း အပြန်အလှန်မေးခွန်းများ မေးမြန်းမည့် အချိန်ကိုပေးပါ။
- နှစ်ဖွဲ့လုံးသရုပ်ဆောင်ပြသပြီးပါက သူတို့၏ ကြိုးစားလုပ်ဆောင်မှုအတွက် အားလုံးကို ဂုဏ်ပြုလက်ခုပ်တီးစေပါ။

## ပြန်လည်ဝေမျှခြင်း

**သင်ခန်းစာတစ်ခုလုံးအပေါ် ပြန်လည်သုံးသပ်ခြင်း**

- လူကုန်ကူးမှုအဓိကဖြစ်ရသည့် အကြောင်းရင်းကို ပြောပြပါ။
- ပြန်လည်ရောက်ရှိလာသောသူများကို မည်ကဲ့သို့သော ပြင်ဆင်မှုများပြုလုပ်ပေးရမည်နည်း။
- လူကုန်ကူးမှုဖြစ်ရသည့် အကြောင်းရင်းတစ်ခုနှင့် ဆိုးကျိုးတစ်ခုကိုပြောပြပါ။
- မိမိကိုယ်တိုင် လူကုန်ကူးမခံရအောင် မည်သို့ သတိပြုနေထိုင်မည်ဟု သင်စိတ်ကူးမိသည်ကို ဆိုသည်ကို Flip Chart တွင် ချရေးပါ။
- အချိန်ရှိပါကအဖွဲ့ကြီးအတွင်း Flip Chart ၌ ရေးသားထားသောအချက်များကို ဝေမျှစေပါ။

## အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့်ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည်ကိုဆွေးနွေးပြီးအဆုံးသတ်ပါ။

## ဖြစ်ရပ်မှန်ဇာတ်လမ်းများ

jzp&yre (1)

eeon or\ trwi ti , q;jzpon twu rom;p\ cpcijci;uc&owp0;jzpon/ oron tou (14)Epom&ao;on/ wpaewi oron or\rbrm; tm;au;&mb&m;yo oi , ci;rm; Ei tw om;von [ajymaom tc rom;ci;on twu pwaumujy; rbrm;roatmi c;om;c on/ xyoa&muaom tc oi , ci;\ tpu0r;uawmpyo uuarmiqoEi our;con/ xojzi aemuaerm;wi uuarmion ee\aemuo wpaumuaumu vujy; eeu cpalumi; ajymavon/ Epywcelumaom tc eeEiuuarmiwep0; cpojzpom;u avawmon/ wpvcelumaom tc ee\rbrm;oom;y;ee tm; uuarmiEi tquto ,jzw&e aumi;pm uom u;pm;&e twi;tuywuwe;avawmon/ tazjzporvn; ee tm;aumi;o tytu vyaqmiay;avon/ xojzi wpywcelumaom tc or\cpo uuarmiaemuo rbrm; roatmi vuom;avawmon/ xo vuom;jy; wpywcelumaom tc uuarmion ee tm; w&wjyne , pywi&aom otru;qo om;a&muaexizajymon/ xoom;r ee\ rbrm; orw tm;&mraweirnjzpalumi;ajymjy;ac:aqmi vmcyon/w&wjyne , pyoa&muaom tc yiye;aomalumi tem; , rn [ajymjy;wn;cce;wpco ac:om;avon/

xaemu tarmajyaomu&e uuarmiay;aom tc&nuaomuy; tyaymom;avawmon/ or e;vmaom tc or\ab;wi uuarmiuraw&awmy orwpcrrjriz;aom vu;wp0;u awavon/ orar;aom tc uuarmi xr or tm;w&wai , r (10000) jzi 0 , , cy;jzpalumi; , c t cerpy; o\Ze;jzpom;alumi; ajymavon/ eermbmr rwweiawmon twu w&wZe; jzpom;c&avon/ xw&wrom;p0irm;u tvruyu &ueujci; xri;rau;jci;rm; jyvyjy; aewi;yiyiye;ye; tvyrm;u vyuiae&awmon/ trojyeom;ciaomvn; rjyewwon twu &e;ueae&yawmon/

jzp&yre (2)

E , E , on t o u (11)epom&ao;jy; olaex i&m&yu u& t p;& t v , we;aumi;wi ynm o ilum;aeojzpo n/ t rraumi;o rep (20)ce v r;avmu om;&o n/ x&yu uwi rom;pEi twlaex i o n/ zcirmaepm; t vyo rm;wp0;jzpo n/
olrwi ajcmuep t & , nrav;wpa , mu&o n/ olro n uav;yy t ve t aqmru o n/ aumi;o om;&mv r;wi oli , csi;rsm;Ei t wl lul;cejci; xypn;w;jci;rsm; upm;av&o n/ wpae aumi;oom;p0 v r;wi0;av; t & , vlu;wpa , muEiawjy; cirico n/ aep0 x vlu;o n olrpm;csiaomrersm; 0 , aul;co n/ þojzi wpywce t lumwi olr \ oli , csi; wpa , murwpqi x0;av;xrpmwp apmi v uc&&co n/ pmxwi olr t wu t &yrsm; pm;p&mrsm; 0 , xm;alumi; vmy&er t m;ojzi vm , lapv alumi;a&;xm;o n/ pmxwiygo n ae&mo olra&mu om;aom t cg x0;av;lu;x r azsm&n wpcuwu o n/
olro n xazsm&naomu t jy; t yaysmom;co n/ xaemu0;av;lu;o n olr t m;ac:aqmi om;av o n/E , E , aysmu om;o n t cserpjy;olr \ rci o n olr t m;ae&ma' o t pv u v&mazaomv n; rawaomalumi ty&mxwi v om;awmo n/ olr \ zcijzpolrmv n; t r t vyrsm;u vy&jci; 0iai& t vyrsm;v n;vy&jci;walumi ajcmuEp t & , nrav;rm aumi;x ujy; rciu jylp &avawmo n/ rom;prsm;o n E , E , t m;en;rsl;pjzi&mazaomv n; rnonowi;r r&&aom alumi rcijzpol \ use;rma&;rmyrq;&m;vmavawmo n/

အခန်း

၆

# လူကုန်ကူးရောင်းဝယ်မှုကို ကာကွယ်တားဆီးခြင်း

ဤလုပ်ရှားမှုတွင် ပါဝင်တက်ရောက်သူများသည် လူကုန်ကူးခံရသူတစ်ယောက်၌ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို သိရှိလာပြီး လူကုန်ကူးမခံရအောင် ကာကွယ်နိုင်မည့် နည်းလမ်းများကို စဉ်းစားဖော်ထုတ်ကာ မိမိကိုယ်တိုင်နှင့် အခြားသူများအား မည်သို့ဂရုပြုနေထိုင်ရမည်ကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

## လုပ်ရှားမှု

- ရွေးစွန်ညှိုကစားနည်း (၄၅ မိနစ်)
- ပုံပြင်ပြောခြင်း (၄၅ မိနစ်)
- အုပ်စုခွဲကာ မေးခွန်းများဖြင့် ဆွေးနွေးခြင်း (၄၅ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ပုံပြင်စာရွက်
- ဘောလ်ပင်
- မာကာများ
- A4 စာရွက်များ

## ရည်ရွယ်ချက်

- လူကူးသန်းရောင်းဝယ်မှုကို ကာကွယ်နိုင်မည့် နည်းလမ်းများအား စဉ်းစားတတ်စေရန်။
- လူကုန်ကူးခံလိုက်ရသော လူတစ်ယောက်၌ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများကို ဖော်ထုတ်တတ်စေရန်။
- ဤနည်းလမ်းများအား လက်တွေ့ဘဝတွင် အသုံးချပြီး မိမိကိုယ်တိုင်သော်လည်းကောင်း အခြားပတ်ဝန်းကျင်မှ လူများသော်လည်းကောင်း လူကုန်ကူးမခံရအောင် ဂရုစိုက် သတိပြုနိုင်စေရန်။

## လှုပ်ရှားမှု ၁

### ရွှေစွန်ညိုကစားနည်း

လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း လုပ်ငန်းများအားလုပ်ဆောင်ရာတွင် တက်ရောက်လာသူများ ကိုယ်တိုင် သိရှိနားလည်ပြီးပါဝင်လုပ်ဆောင် တတ်လာစေရန်ဖြစ်သည်။

**ကစားနည်းလမ်းညွှန်ချက်များ**

၁။ ကလေးဘဝတုန်းက ကစားခဲ့ကြသည့် ရွှေစွန်ညိုကစားနည်းအတိုင်းရထားပုံတန်းစီလိုက်ပါ။

၂။ ထို့နောက် ရွှေစွန်ညိုတစ်ယောက်၊ မထွေးတစ်ယောက်နှင့် ဦးဆောင်ကာကွယ်မည့်သူ တစ်ယောက်ကိုရွေးလိုက်ပါ။

၃။ အားလုံးအဆင်သင့်ဖြစ်ပါက (၃)မိနစ်ခန့် ကစားကြမည်ဖြစ်သည်။

၄။ (၃)မိနစ်ခန့် ကစားပြီးသောအခါ ရွှေစွန်ညိုလုပ်ချင်သောသူ နှစ်ယောက်ကိုဖိတ်ခေါ် လိုက်ပါ။ ထို့နောက် ထိုရွှေစွန်ညိုသုံးယောက်အား မထွေးကို မည်သို့ဖမ်းမည်ဆိုသည်ကို တိုင်ပင်စေပါ။

၅။ ပြီးပါက ရွှေစွန်ညိုသုံးယောက်ဖြင့် မထွေးကိုဖမ်းရမည်ဖြစ်သည်။ မထွေးနှင့် ကာကွယ်ပေးမည့် ခေါင်းဆောင်ကိုလည်း လူပြောင်းနိုင်သည်။

၆။ အားလုံးအဆင်သင့်ဖြစ်ပါက နောက်ထပ် (၃) မိနစ် ထပ်မံကစားရမည်ဖြစ်သည်။

မေးမြန်းရန် -

- ကစားနည်းတောက်လျှောက်၌ မည်သည့်အရာများ ဖြစ်ခဲ့သနည်း။
- မည်သို့ခံစားရပါသနည်း။
- မထွေးအဖမ်းမခံရအောင် အဖွဲ့သားများအနေဖြင့် မည်သို့ကာကွယ်ခဲ့ပါသနည်း။
- ရွှေစွန်ညိုများအနေဖြင့် မထွေးအားဖမ်းနိုင်ခဲ့ပါကမည်သို့ဖမ်းနိုင်ခဲ့သနည်း။
- မဖမ်းနိုင်ပါက အဘယ့်ကြောင့် မဖမ်းနိုင်ခဲ့သနည်း။

**ကစားနည်းနှင့် လက်တွေ့ကိုဆက်စပ်ပေးသည့် မေးခွန်းများမေးခြင်း**

- လက်တွေ့ဘဝ၌ မည်သူတို့သည် ရွှေစွန်ညိုနှင့်တူသောသူများ ဖြစ်နိုင်သနည်း။
- လက်တွေ့၌ မည်သူများအား ပိုဖမ်းလေ့ရှိသည်ဟု သင်ထင်ပါသလဲ။
- လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး လူများတွင် မည်သည့် အန္တရာယ်ကြုံတွေ့နိုင်ပါသနည်း။

## လှုပ်ရှားမှု ၂

### အဖြစ်အပျက်ဇာတ်လမ်းများပြောပြခြင်း

ရောင်းစားခံရသောသူများအပေါ် အကျိုးသက်ရောက်မှုများကိုဖော်ထုတ်တတ်စေပြီး ကာကွယ်ရေးနည်းလမ်းများကို တက်ရောက်သူအားလုံး သိရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။

- ပံ့ပိုးသူမှ ပုံပြင်ပြောပြရန်။ (ပူးတွဲပေးထားသည့်ပုံပြင်ထဲမှ အသင့်တော်ဆုံးကိုရွေးချယ်ပါ။)
- ထို့နောက် တက်ရောက်သူများအားအဖွဲ့(၃)ဖွဲ့ခွဲစေပြီး အောက်တွင်ပေးထားသော ခေါင်းစဉ်များကိုအဖွဲ့အတွင်းဆွေးနွေးစေပါ။ ဆွေးနွေးချက်များကို Flip Chart တွင်ရေးစေပါ။ (၁၀ - ၁၅ မိနစ်)
- ကူးသန်းရောင်းဝယ်ခံရသော သူတစ်ဦးအပေါ် အကျိုးသက်ရောက်မှုများ။
    - ရုပ်ပိုင်းဆိုင်ရာ
    - လတ်တလောအကျိုးဆက်များ
    - ရေရှည်အကျိုးဆက်များ
- အားလုံးဆွေးနွေးပြီးသောအခါ အဖွဲ့ငယ်အတွင်း ဆွေးနွေးထားမှုများအားကိုယ်စားလှယ် တစ်ဦးမှ အဖွဲ့ကြီးအတွင်း ပြန်လည်တင်ပြစေပါ။

- အခြားတစ်ဖွဲ့၏တင်ပြချက်အပေါ် အချင်းချင်း မေးခွန်းများမေးနိုင်ပါသည်။
- အားလုံးပြီးသွားပါက ပံ့ပိုးသူမှ ပြန်အနှစ်ချုပ်ပြော ပြပေးရန်။

---

## လှုပ်ရှားမှု ၃ — အုပ်စုခွဲ၍ မေးခွန်းများဖြင့် ဆွေးနွေးခြင်း

- ကူညီပံ့ပိုးသူမှ တက်ရောက်လာသူများအား အဖွဲ့ (၄)ဖွဲ့ သို့မဟုတ် (၅)ဖွဲ့ ခွဲပါ။
- ဆွေးနွေးရမည့်မေးခွန်းများအား တစ်ဖွဲ့ချင်းစီကို ပေးပါ။
- မေးခွန်းများအား ဆွေးနွေးပြီးဆွေးနွေးမှုများကို ရေးချနိုင်စေရန် ပံ့ပိုးကူညီသူမှ Flip Chart နှင့် မာကာများကို တစ်ဖွဲ့ချင်းစီကိုပေးပါ။
- မေးခွန်းများအား ဆွေးနွေးပြီးဆွေးနွေးမှုများကို ပြန်လည်တင်ပြနိုင်စေရန် တစ်ဖွဲ့ချင်းစီအတွက် ကိုယ်စားလှယ်များရွေးထားစေပါ။
- တစ်ဖွဲ့ချင်းစီ၏ ဆွေးနွေးမှုများကို ပြန်လည်တင်ပြ စေပါ
- အဖွဲ့အားလုံးတင်ပြပြီးသောအခါ ပံ့ပိုးကူညီသူမှ အနှစ်ချုပ်ပြီး ပြန်လည်ပြောပြရန်။

**မေးခွန်းများ**

၁။ အလုပ်သမားဆိုသည်မှာ အဘယ်နည်း။ အလုပ်ရှင်ဆိုသည်မှာအဘယ်နည်း။

၂။ လူတစ်ယောက်အနေဖြင့် အလုပ်စတင် လုပ်လို့ရနိုင်သည့် အသက်အရွယ်မှာအဘယ်နည်း။

၃။ လူများသည် မည်သို့သောအလုပ်အကိုင်များကို လုပ်ကြပါသနည်း။

၄။ အလုပ်သမားတစ်ယောက်အနေဖြင့် အလုပ်လုပ်သည့်အပေါ်တွင် မည်သို့သောခံစားခွင့်များ ရရှိနိုင်သည်ကို ဖော်ပြပါ။

၅။ အလုပ်သမားတစ်ယောက်အနေဖြင့် အလုပ်လုပ်သည့်အပေါ်တွင် အကျိုးခံစားခွင့်ရှိရန်အတွက် မည်သည့် အာမခံချက်၊ အထောက်အထားများရှိသည်ဟုသိရှိပါသနည်း။

### ပံ့ပိုးကူညီသူမှ ပြန်လည်ရှင်းပြခြင်း

**tvyorm;tzJ tpn; 0ya' (2011)**

tvyorm;qonrm/ aepm;tvyorm;? ,m, tvyorm;? puy;a&;tvyorm;? trtultvy orm;? tp;&0exr;? tvyoiw tyg t0i p;ym;a&;vyie;wpcwijzpap? touar;0r;aumi; twujzpaprr\ vytm;tay:tm;u;tm;xm;jyvyuiaeoluqon/ ,i;pum;&yüwyrawmom;? jrermeii&wyz0i or[w wyrawm\ uyuratmu& vueuuitztpn;wryg0iyg/ tvy&iqonrm/ vyie;wpccwi tvytuiqi&m oabmwncsut& ep0;epzuoabm wnaom tcalu;aijzi tvyorm;wp0;ujzpap? trsm;ujzpap im;&r;vyui íwu&uaomvn; aumi;? o,0u íaomvn;aumi; pruyu tycsyjy; tvyorm;uvycay;&e wm0e&olu qvon/ ,i;pum;&yrsm;wi tvy&i\ w&m;0iprcecrlqi&mu ,pm;v ,vn;tus;0ion/ vyie;or[w vyaqmirl qonrm/ jynaxmiporwjrermeiiawmtwi;&eiiyi or[w y*vupu&tvy&tvyXmersm;ei ,i;w\ xwvyrlvyie;? aqmu vyrlvyie;? jyjyiajymi;vrl

vyie;? pur|vur|vyie;? o , |,|yaqmir|vyie;? 0eaqmir|vyie; or[w tjcm;touar;0r; ausmi; tvyywpccuqon/ ,i;pum;&ywi tp;&Xmeei tp;&tztpn;rsm;vn; yg0ion/ 0eaqmir|vyie;/ q&mwi trsm;jynolqi&m 0eaqmir|vyie;ei trsm;jynoleiouqijci; r&on0eaqmir|vyie;rsm;yg0ion/

trsm;jynolqi&m0eaqmir|vyie; qonrmatmuazmjyygvyie;rsm;uqvon/

(1) o , |,|yaqmia&;vyie;

(2) qyur;vyie;ei qyur;uewiuecsvyie;

(3) pmwu? wvup or[w zu(p)vyie;

(4) owi;tcsu tvuei quo , a&;en;ynmqi&mvyie;

(5) trsm;jynolwtwu a&eor[w a&exuypn;jzejzL;onvyie;

(6) tnptalu;or;qn;a&;or[w use;rmoe&i;a&;vyie;

(7) trsm;jynolwtm; v|ypp"gwtm;or[w avmipmpr;ti xwvyyvwjzejzL;onvyie;

(8) trsm;jynolqi&m aialu;0eaqmir|vyie;

(9) jynaxmiptp;&u trsm;jynolqi&m0eaqmir|vyie;[ tcgtm;avsmpmowrwonvyie;

## 1951 qirsm;ei tvyXmersm;0ya'

tou (13)eprjynaomolon v;0ci;apcyicir&aomojzpon/ (y'r - 8 (1))

tvycse y'r 7(2) y'r 7(6)

qi?ueo , tvyXme - tvyvycse+ tem; , |cse= 11em&xury&/

trsm;aysm&ia&; tvyXme- tvyvycse+ tem; , |cse= 14em&xury&/

wp&u (8)em&? wpyw (48)em&xuyjy;awm rvyap&? vycirjy|/

wpywu ten;q; (1)&u vycvpmjyne yw&ucijy|&rn/ (y'r 6(1))

wpepu tcseyem& (60)omcijy|&rn/ (y'r 7(2))

tcseyalu;u tcseyvpm (2) ay;&rn/ (y'r - 10)

- &;&;qi zicse eeu (5)em& r ywcse n (9)em& tx
- pm;aomuqi zicse eeu (5)em& r ywcse eeu (1)em& tx
- ueo , tvyXmezicse eeu (5)em& r ywcse n (9)em& tx
- trsm;aysm&ia&; tvyXmezicse eeu (9)em&r ywcse eeu 1 em& tx

## ပြန်လည်ဝေမျှခြင်း

၁။ ရွှေစွန်ညိုကစားခြင်းမှ လူကုန်ကူးမှုနှင့်ဆက်စပ်ပြီးမည်သည့်သင်ခန်းစာကို သင်ယူရရှိလိုက်ပါသနည်း။

၂။ မိမိတို့ ဆွေးနွေးလိုက်သောပုံပြင်ပြောခြင်းမှ လူကုန်ကူးမှုနှင့် ဆက်စပ်ပြီး မည်သည့်သင်ခန်းစာကို သင်ယူရရှိလိုက်ပါသနည်း။

၃။ အုပ်စုခွဲ၍မေးခွန်းများဖြင့် ဆွေးနွေးခြင်းမှ မည်သည် တို့ကို သိရှိလိုက်ရပါသနည်း။

၄။ မိမိကိုယ်တိုင် လူကုန်ကူးမခံရအောင် မည်သို့ သတိပြုနေထိုင်မည်ဟု စိတ်ကူးမိသနည်း ဆိုသည်ကို Flip Chart တွင်ချရေးစေပါ။ အချိန်ရှိပါက အဖွဲ့ကြီးအတွင်းပြန်လည်ပြောပြစေပါ။

## အပိတ်နှုတ်ဆက်ခြင်း

- အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်းပြန်လည်စုဝေးပါ။
- မည်သည့်ဘဝတွက်တာကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည်ကို ဆွေးနွေးပြီး အဆုံးသတ်ပါ။

## ဖြစ်ရပ်မှန် ဇာတ်လမ်းများ (အမည်များကို လွှဲထားပါသည်။)

jzp&yre (1)

at;at;on tou (13)ep&aom (8)we;wuaeon q,ausmoure;uav; jzpon/ olru lun&onrm jzLzwjzLa&mEi tvetm;en;aeon ypjzpaeygon/ olrwi armiav;epa,mu &on/ rbrsm;rmtveqi;&aomvn; olru&m&tv,we;ausmi;wi ynmoilum;apon/ olron ausmi;wuaeaomvn; tvy&mjy; olr\rom;p0iaiw;a&;u ulnay;vaomqE&aeyg on/

wpaewi olr\&mo&euera':at;wiqaomtrsl;or;wp0;a&muvmon/a':at;wirmtou (50) ce&on olrtarburaqrsl;awmpyojzpon/&morlumcPvmvnwwjy;&m0;ausmi;wi tvLtwe;vyjy;&eueojyeom;v|i &mr trsl;or;i,wpcsl/uac:om;av&jy; tvytui &may; on[ajymluygon/

xalumi at;at;onvn; a':at;wite;ocs0;uyjy; tvytalumi;ppr;&m &euewitrazm vyygu aep&w? pm;p&wtjy;wpvv|i (100000) wpoe;usyce &eion[ajymvmygon/ tvytqioi&aeontwu wpcgwn;vuvmeialumi;ajymygon/ xalumi rciEiwiyi&m rom;ppm;0waea&;alumi vuom;&ercircijylcon/ a':at;wirrcitm; (100000)wpoe; usyxway;cavon/&eueoa&muaomtcga':at;wiuolrtm;tvyae&moyay;rn[ajymjy; trwptroycygon/ olrtaejzi yretrazmtvyuom vy&rn[xicaomvn; tr&ir olrtm;reu (4)em&r n (11) em&tx aep0&uqu trtvyrsm;urw&m;ci;apontjyi pwrauseyygu &ujci;? xri;u r0a&pmom aul;ar;jci;rsm; jylvycygon/ xalumi olron yi&itm; tvyqurvyeiawmalumi;ajym&m a':at;wixr aiusyo;oe;jzi 0,,lvujy; jzpontwu tvyquvyay;&rnjzpalumi; ajymcygon/

jzp&yre (2)

rax;on tou (16)ep &onre;uav;wp0;jzpjy; rom;peitwaexiygon/ (8)we; ratmiontwu ausmi;qurwueiy trtvyrsm; 0i;ujy; tcseuevecygon/ zcirm vuorm;tvyuvyjy; rcirm&yuutwi;& &;wp&;wioe&i;a&;tvyvyygon/ rom;p (6) a,mu&ojzi0iairm rom;pyrepm;ei&om&ygon/ rax;on olrw&mü "gwy&ujy; wpyig;&m usyjzi a&mi;csaeaomvyie;u tveoabmusaeygon/ olr\trrurm 'p*spw,uir&m wpv;0,jy; "gwyqizi&ejzpon/ xalumiolrtarx uir&mwpv;0,&e ylqmcz;on/ rciu 0,ray;eialumi; ajymontwu om;trlum;wi;rmrlyijzpym;cz;on/

wpaewi olrwaexionvr;& trsl;or;wpa,muu rEav;auwAqiü ocsi;qygu 0iai aumi;alumi;? olrtvyvycsiygu yay;eialumi;ajymjyavon/ xalumi oleiolr\tpr 0r;uon rbrsm;utoray;y rEav;ovuom;con/ rEav;oreu (3)em&cewi a&muom;jy; trwptroac:om;um reur;vi;ontx tyci;cygon/ reur;vi;aomtcg olrwtm; ac:vmaomtrsl;or;u raw&awmay/ oaom tr&itrsl;or;lu;r olrwtm; jynweqmtvyu vyui&rnjzpalumi;ajym qcygon/olrw jii;qeaomvn;vr;p&wei tjcm;pm;aomup&w rsm;ux trsl;or;r tuetuscjy; ac:vmjci;jzpontjyi olrwtm;yaqmiay;on trsl;or; onvn; yaqmic aiwpoe;xw,lom;jy;jzpontwu jii;q í r&awmalumi;ajymcavon/

jzp&yre (3)

Eeon tou (11)Ep&jy; 5 we;u tjcm;&mwi&aom tp;&tv , we;ausmi;wi ynmoilum; aeol jzpon/ olrwi armiErav;a , mu&on/ zcirm v , ol&i;im; tjzp tvyvyjy; rcirm trtvyuomvyon twu pm;0waea&; tcu tc&on/rbrsm;rvn; olruausmi;quxm;&e tcu tc&onu olroaeon/

wpaewi tjcm;&mwp&mr trsl;or;wp0;u olrrbxoa&muvmly; 4i;w\or; lrUwitvy om;vyygu vytm;c wpvvsi 50000 usy&rn[ajym&m tcu tcjzpaeaom rbuvn; oabmusom;on/ aemuwpywwi xtrsl;or;lrUay:om;onaemuo EEygom;awmon/ olron um;utcselumjripmp;&on twu tyaysmom;on/ olre;vmaomtcg olrwcgr ra&muz;aom jrUoa&muaely; xtrsl;or;u olru trwptro ac:om;on/ xtrwi tvyvy&rn[ajymly; olruxm;cvuon/ olrtrrjyewwawmay/ xaerply; olron aep0 jrUwi;oom;jy; yuqvuawmi;&on/ owrwxm;on aiyrmPr&ygu olr trrjye&ay/ t&uc&on? tEypuc&on/ olron trutveow&aomvn; rjyewwawmay/

အခန်း ၇

# ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း

ဤလှုပ်ရှားမှုအားဖြင့် တက်ရောက်သူများသည် ရွှေ့ပြောင်းသွားလာရသည့် အကြောင်းအရင်းများကို ကွဲပြားစွာသိရှိပြီး လုံခြုံစွာရွှေ့ပြောင်းသွားလာရေး နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကာ ရွှေ့ပြောင်းသွားလာနေသော လူများ အန္တရာယ်အတွင်းမှ ကာကွယ်နိုင်မည့် အကြောင်းအရာများကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

## လှုပ်ရှားမှု

- ရပ်ကွက်ထဲသို့ လျှောက်လည်ခြင်း (၄၅ မိနစ်)
- ပြည်တွင်းပြည်ပသို့ လျှောက်လည်ခြင်း (၄၅ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဘောလ်ပင်
- A4 စာရွက်များ
- မာကာများ
- ရွှေ့ပြောင်းသွားလာခြင်းပုံများ

## ရည်ရွယ်ချက်

- ရွှေ့ပြောင်းသွားလာသော ဆယ်ကျော်သက်လူငယ်များအကြား အန္တရာယ်အတွင်းမှ ကာကွယ်နိုင်ရန်။
- လုံခြုံစွာ ရွှေ့ပြောင်းသွားလာရေး နည်းလမ်းများကို သိရှိလာစေရန်။
- ရွှေ့ပြောင်းသွားလာသည့် အကြောင်းအရင်းများကို ကွဲပြားစွာ သိရှိလာစေရန်။

လှုပ်ရှားမှု ၁

## ရပ်ကွက်အတွင်း လျှောက်လည်ခြင်း

မြန်မာနိုင်ငံအတွင်းရှိလူအများစုသည်မိမိတို့၏စီးပွားရေးအရသော်လည်းကောင်း၊ပညာရေးအရသော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်းကောင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာ နေထိုင်ကြရသည်။ ထိုအထဲတွင် အားလုံးနီးပါးပါဝင်နေသည့်အတွက် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ ပြောင်းသွားလာရာတွင် လုံခြုံစွာဖြင့် ရွှေ့ပြောင်းသွားလာမှုကိုသိရှိရန်လိုအပ်ပါသည်။

### လမ်းညွှန်ချက်

- တက်ရောက်သူများအား အဖွဲ့ (၃)ဖွဲ့ခွဲလိုက်ပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီ တိတ်ဆိတ်စွာ တိုင်ပင်ဆွေးနွေးနိုင်မည့် နေရာများတွင်နေစေပြီး ကူညီပံ့ပိုးသူမှ အဖွဲ့သားများပြုလုပ်ရမည့် လမ်းညွှန်ချက်များကို ယင်းအဖွဲ့တစ်ဖွဲ့ချင်းဆီသို့ အနီးကပ်သွားပြီး တိုးညင်းစွာပြောပြရန်။

  **ပထမအဖွဲ့** - ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

  *ရပ်သူရွာသားများအား ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ လုံခြုံမှုရရှိရန်။*

  **ဒုတိယအဖွဲ့** - ရပ်ရွာအတွင်း အလုပ်လက်မဲ့ဖြစ်နေသူများ၊ အလုပ်လိုချင်သူများအဖွဲ့

  *ဝင်ငွေရမည့်အလုပ်တစ်ခုခုကို မရမက လိုက်ရှာနေရန်*

  **တတိယအဖွဲ့** - ပွဲစားအဖွဲ့

  *ရပ်ရွာထဲတွင်ရှိသော အလုပ်လိုချင်သောသူများကို စည်းရုံးရန်၊ လိမ်လည်လှည့်ဖြား ဖြားယောင်းသွေးဆောင်ရန်*

  ထိုသို့အဖွဲ့တိုင်းအားလမ်းညွှန်မှုပေးပြီးသောအခါ (၁၀)မိနစ်ခန့် ရွာအတွင်းလှည့်လည်ပြီး မိမိတို့၏ တာဝန်များကို ပြုလုပ်ရမည်ဖြစ်ကြောင်း ကြေငြာပေးပါ။ ဤအခန်းတစ်ခုလုံးသည် မိမိတို့ သွားလာရမည့် ရွာဖြစ်ကြောင်းအသိပေးလိုက်ပါ။

### ပြန်လည်ဝေမျှခြင်း

(၁၀) မိနစ်ပြည့်သောအခါ စက်ဝိုင်းအတွင်း ပြန်လည်စုဝေးစေပြီး အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးမှုကို ပြုလုပ်ပါ။

- မည်ကဲ့သို့သောလူအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရပါသနည်း။
- ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ ရပ်သူရွာသားများကို ကာကွယ်ပေးနိုင်ပါသလား။
- ပွဲစားများမှ လူဘယ်နှစ်ဦးခန့်ကို စုဆောင်းနိုင်ခဲ့ပါသနည်း။ မည်သို့စုဆောင်းစည်းရုံးခဲ့ပါသနည်း။
- အလုပ်လိုချင်သောသူများမှ မည်သည့် တောင်းဆိုမှုများကို တောင်းဆိုခဲ့ပါသနည်း။
- အလုပ်လိုချင်သော သူများအတွက် အသက်အာမခံချက်နှင့် လုံခြုံစိတ်ချရသည့် အလုပ် ရရှိနိုင်ရန် မည်သည့်အချက်များအား တောင်းခံဖို့ လိုအပ်မည်ဟု သင်ထင်ပါသနည်း။ ထိုအချက်များအား တောင်းခံရန် အရေးကြီးပါသလား။ အဘယ်ကြောင့်နည်း။

## လှုပ်ရှားမှု ၂

### ပြည်တွင်းပြည်ပသို့ လျှောက်လည်ခြင်း

- တက်ရောက်သူများအား စိတ်ကူးယဉ်အိမ်မက်တစ်ခုကို ပြုလုပ်ကြမည်ဖြစ်ကြောင်းပြောပြပါ။
- အကယ်၍ ခရီးတစ်ခုကို သွားခွင့်ရမယ်ဆိုရင် ပြည်တွင်းမှာပဲသွားချင်သလား၊ ပြည်ပတစ်နေရာကိုသွားချင်သလား စိတ်ကူးယဉ်ကြည့်လိုက်ပါ ဟုပြောလိုက်ပါ။
- ထို့နောက် ပြည်တွင်း၌သာ သွားလာချင်သူများအားတစ်ဖွဲ့၊ ပြည်ပသို့ သွားလာချင်သူများအားတစ်ဖွဲ့ခွဲလိုက်ပြီး ရေးသားရန်စာရွက်နှင့် မာကာတို့ကိုပေးပါ။
- ထို့နောက် အောက်ပါလမ်းညွှန်ချက်များဖြင့် အဖွဲ့လိုက်ဆွေးနွေးစေပါ။

**ပြည်တွင်း**

ပြည်တွင်း၌ အလုပ်ကိစ္စဖြစ်စေ၊ ပညာသင်ကိစ္စဖြစ်စေ၊ အလည်အပတ်ဖြစ်စေ သွားလာရာတွင် စိတ်ချလုံခြုံမှုရှိစေရန် အဓိကသယ်ဆောင်သင့်သည့် အရာဝတ္ထု (၅) မျိုးကို အဖွဲ့အတွင်း စဉ်းစားပြီးရေးစေပါ။

**ပြည်ပ**

ပြည်ပသို့ အလုပ်ကိစ္စဖြစ်စေ၊ ပညာသင်ကိစ္စဖြစ်စေ၊ အလည်အပတ်ဖြစ်စေ သွားလာရာတွင် စိတ်ချလုံခြုံမှုရှိစေရန် အဓိကသယ်ဆောင်သင့်သည့် အရာဝတ္ထု (၅) မျိုးကို အဖွဲ့အတွင်း စဉ်းစားပြီးရေးစေပါ။

နှစ်ဖွဲ့စလုံးအဖွဲ့အတွင်းဆွေးနွေးမှုပြီးသွားပါကကိုယ်စားလှယ်တစ်ဦးဖြင့် အဖွဲ့ကြီးအတွင်း ပြန်လည်တင်ပြစေပါ။ ထိုသို့တင်ပြရာတွင် တက်ရောက်သူအချင်းချင်းမေးခွန်းများအပြန်အလှန်မေးနိုင်သည်။ အားလုံးပြီးသွားသောအခါ ကူညီပံ့ပိုးသူမှ လုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းပိုစတာဖြင့် ရှင်းပြပါ။

### ပြန်လည်ဝေမျှခြင်း

ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပသို့သော်လည်းကောင်းသွားလာရာတွင် မိမိဘဝလုံခြုံ စိတ်ချမှု ရှိနိုင်စေရန် မိမိကိုယ်တိုင် သတိထားပြုလုပ်မည်ဟု တွေးမိသည့် သင်ခန်းစာမှ သင်ယူမှုကို Flip Chart တွင် ရေးစေပါ။ ရေးပြီးပါကအဖွဲ့အတွင်းပြန်လည်ဝေမျှစေပါ။

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်းပြန်လည်စုဝေးပါ။ မည်သည့် ဘဝတွက်တာကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည် ကိုဆွေးနွေးပြီးအဆုံးသတ်ပါ။

အခန်း ၈

# လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးခံရသူများအပေါ် စာနာပေးခြင်း

ဤလုပ်ရှားမှုတွင် တက်ရောက်သူများအနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေများကို ကောင်းမွန်စွာသိရှိပြီး လူကုန်ကူးမှုခံရသည့် လူသားအချင်းချင်းအပေါ် စာနာမှုပေးရမည့် အကြောင်းအရာများကို သင်ယူလေ့လာနိုင်မည်ဖြစ်သည်။

## လုပ်ရှားမှု

- လူကုန်ကူးခံရသူများအပေါ် စာနာပေးခြင်း ဇာတ်လမ်း (၅၀ မိနစ်)
- ကစားနည်း (၄၀ မိနစ်)
- လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ (၃၀ မိနစ်)

## လိုအပ်ချိန်

- ၂ နာရီ

## လိုအပ်သောပစ္စည်းများ

- လူကုန်ကူးခံရသူများအပေါ် စာနာပေးခြင်း ဇာတ်လမ်းစာရွက်

## ရည်ရွယ်ချက်

- လူကုန်ကူးခံရသူများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ စိုးရိမ်မှုများနှင့် အခွင့်အလမ်းများကို ပိုမိုသိရှိနားလည်ပြီး လူကုန်ကူးခံရသူများ အပေါ် စာနာနားလည်တတ်ရန်။
- လူကုန်ကူးခံရသူများအား ပြစ်တင်ဝေဖန်ခြင်းအစား နွေးထွေးပျူငှာစွာ ကြိုဆိုလက်ခံနိုင်မည့် အသိအမြင်များ ရရှိလာစေရန်။
- လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေများကို သိရှိနားလည်လာစေရန်။

## လုပ်ရှားမှု ၁

### လူကုန်ကူးခံရသူများအပေါ် စာနာပေးခြင်း

မြန်မာနိုင်ငံအတွင်းတွင် လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသူများကို နည်းလမ်းမျိုးစုံ ဖြင့်ခွဲခြားဆက်ဆံမှုများ ပြုလုပ်ကြသောကြောင့် လူကုန်ကူးခံရသူများအပေါ် စာနာနားလည် ကူညီဖေးမတတ်စေရန်ဖြစ်သည်။

- ပုံ့ပိုးသူမှလူကုန်ကူးခံရမှု အဖြစ်အပျက်အကြောင်းများ ရေးသားထားသောစာရွက်ကို ပြင်ဆင်ထားရန်။
- တက်ရောက်သူများအားအဖွဲ့ (၄)ဖွဲ့ ခွဲလိုက်ပါ။

**ပထမအဖွဲ့ - အထည်ချုပ်စက်ရုံ**

သင်သည် အထည်ချုပ်စက်ရုံတွင် (၆)လကြာ လုပ်ကိုင်ခဲ့ပြီးလစာမရပါ။ သင်၏ နေစရိတ်၊ စားစရိတ်နှင့် ပွဲစားခများကို ဖြတ်တောက်သည်ဟုယူဆရပါသည်။ စက်ရုံမှာ သုံးထပ်အဆောက်အဦဖြစ်ပြီး လူဦးရေထူထပ်သည့်နေရာတွင်ရှိသည်။ သော့ပိတ်ပြီး အပြင်ထွက်ခွင့်မရှိပါ။

**ဒုတိယအဖွဲ့ - တောင်းရမ်းစားသောက်သောကလေး**

သင်သည်အသက်(၆)နှစ်အရွယ် ကလေးဖြစ်သည်။ မိဘများက သင့်ကို သင့်ဖခင်၏ အစ်ကိုဝမ်းကွဲနှင့်အတူ အခြားနိုင်ငံရှိ မြို့ကြီးတစ်မြို့၏ လမ်းများပေါ်တွင် တောင်းစားရန်စေလွှတ်လိုက်သည်။ ၄င်းနေရာသည် နေအိမ်မှလမ်းလျှောက်သွားလျှင် (၄-၅) နာရီ သွားရသည်။ သင့်ဖခင်၏ အစ်ကိုဝမ်းကွဲသည် သင့်အားအနီးကပ်စောင့်ကြည့်ပြီး သင့်ပိုက်ဆံအားလုံးကို သိမ်းယူသည်။ တစ်ရက် (၁၅၀၀၀) ကျပ် မရပါကလည်း သင့်ကို အစာမကျွေးပဲရိုက်နက်သည်။

**တတိယအဖွဲ့ - အိမ်စေကျွန်အဖြစ်ခိုင်းစေခြင်း**

သင်သည် ချမ်းသာသောပြည်ပနိုင်ငံတစ်ခုရှိ သူဌေးတစ်ဦး၏အိမ်တွင် အစေခံအဖြစ် အလုပ်လုပ်နေသည်။ မနက် (၅)နာရီမှ ညသန်းခေါင်အထိတစ်ပတ် (၇) ရက်အလုပ်လုပ်ရပြီး အကြွင်းအကျန်များကို စားသောက်ရသည်။ သင့်အားအိမ်မှာအမြဲရှိသော အဖွားနှင့်သားတစ်ယောက်မှ အမြဲစောင့်ကြည့်လျက်ရှိသည်။ သင့်အားဗီဒိုတစ်လုံးစာနေရာတွင် အိပ်စေသည်။ ဖန်ခွက်တစ်လုံးအား ကျကွဲစေခဲ့သော် အဖွားက သင့်လက်ကို မီးပူဖြင့်ကပ်ခြင်း၊ ပုံမှန်အရိုက်ခံရခြင်းနှင့် အိမ်အပြင်သို့လည်း တစ်ယောက်တည်း လုံးဝထွက်ခွင့်မရှိပါ။

**စတုတ္ထအဖွဲ့ - ပြည့်တန်ဆာ**

သင်သည်ပြည်ပနိုင်ငံတစ်ခုရှိ ခရိုင်မြို့တော်တစ်ခုမှ ပြည့်တန်ဆာအခန်းတစ်ခုတွင် ရောက်ရှိနေပြီးထွက်ခွာခွင့်မရဖြစ်နေပါသည်။ လွန်ခဲ့သော (၄)လခန့်က ပိုင်ရှင်သည် သင့်ထံမှ ငွေငါးသိန်းကျပ် (၅၀၀၀၀၀ ကျပ်) အကြွေးရရန်ရှိသည်ဟု ထပ်မံပြောလာပါသည်။ သင့်နေစရိတ်၊ စားစရိတ်ကြောင့် အတိုးတက်နေခြင်းဖြစ်ကြောင်းပြောလာခြင်းဖြစ်သည်။

ထိုသို့အဖွဲ့များအားလမ်းညွှန်ချက်ပေးပြီးအောက်ပါမေးခွန်းဖြင့် ဆွေးနွေးရမည် ဖြစ်ကြောင်းပြောပြပါ။

၁။ ဤအခြေအနေမှ လွတ်မြောက်မည့်နည်းလမ်းများကိုစဉ်းစားပါ။

၂။ မိမိသာဤအခြေအနေဖြင့်ကြုံတွေ့ရမည်ဆိုပါက သင်မည်သို့ခံစားရမည်နည်း။

ဆွေးနွေးပြီးပါကကိုယ်စားလှယ်တစ်ဦးဖြင့် အဖွဲ့အတွင်းပြန်လည်တင်ပြစေပါ။

## တင်ပြပြီးပါက ကူညီပံ့ပိုးသူမှ ပြန်လည်အနှစ်ချုပ် ပြောပြရန် . . .

မိမိတို့အနေဖြင့် ကိုယ်တိုင်ကြုံတွေ့ရခြင်း မဟုတ်ပဲ စိတ်ကူးယဉ်ခြင်းဖြင့် မိမိသာဒီလိုဖြစ်ခဲ့သော်ဆိုသည့် အတွေးလေးရှိရုံဖြင့် ဤမျှလောက် ခံစားချက်များ ထွက်ပေါ်လာခြင်းကို နက်နဲစွာပြန်လည်စဉ်းစားကြည့် မည်ဆိုလျှင် အမှန်တကယ် လူကုန်ကူးခံရသော သူများအနေဖြင့် မည်မျှခံစားနေရမည်ဆိုသည်ကို စာနာပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ထိုသို့ ဒုက္ခရောက်နေသူများအား နွေးထွေးစွာ ကြိုဆိုမည့်အစား ပြစ်တင်ဝေဖန်မှု၊ လူတောပိုမတိုးနိုင်လောက်အောင် ပြောဆိုဆက်ဆံနေမှုများကိုသာ အတွေ့များနေသည် ဖြစ်ရာ ဤလေ့ကျင့်ခန်းကြောင့် တက်ရောက်သူများ အနေဖြင့် ထိုသူများကို နွေးထွေးစွာကြိုရန် လိုအပ်ကြောင်း သိရှိသွားစေလိုခြင်းဖြစ်ပါသည်။

---

## လှုပ်ရှားမှု ၂

### ဥပဒေများကို လေ့လာခြင်း

- ပံ့ပိုးသူမှ *"တစ်"* ဟုအော်လျှင် ဘယ်ဘက်လက်ဖဝါးလေး ကိုဖြန့်ပါ။
- ပံ့ပိုးသူမှ *"နှစ်"* ဟုအော်လျှင် ညာဘက်လက်ညိုးကိုထောင်ရမည်။
- ပံ့ပိုးသူမှ *"သုံး"* ဟုအော်လျှင် မိမိ၏ ထောင်ထားသောညာဘက်လက်ညိုးသည် သူငယ်ချင်း ဖြန့်ထားသော ဘယ်ဘက်လက်ဝါးကိုထိရမည်။
- ပံ့ပိုးသူမှ *"လေး"* ဟုအော်လျှင် ဖြန့်ထားသော လက်ဝါးဖြင့် ထိုလက်ညိုးကိုရအောင် ဖမ်းရမည် ဖြစ်ပြီး မိမိလက်ညိုးအား အဖမ်းမခံရအောင် ကြိုးစားပြီး တစ်ဖက်ကလည်း တစ်ခြားသူ၏ လက်ညိုးကို ဖမ်းမိအောင် ကြိုးစားရမည် ဖြစ်သည်။ လက်ညိုးအဖမ်းခံရပါက ကစားဝိုင်းမှ ထွက်ခွာသွားရမည် ဖြစ်သည်။

### ပြန်လည်ဝေမျှခြင်း

**ကစားနည်းအပေါ် မေးခွန်းမေးမြန်းခြင်းနှင့်ပြန်လည်ဝေမျှခြင်း**

မေးရန်

- ဤကစားနည်းနှင့်ပတ်သက်ပြီးသင်ဘယ်အရာကို ကြိုက်နှစ်သက်ပါသနည်း။
- အဘယ်ကြောင့် ဤကစားနည်းကိုကစားသည်ဟုသင်ထင်ပါသနည်း။
- ဤကစားနည်းမှ မည်သည့်သင်ခန်းစာကိုသင်ရရှိလိုက်ပါသနည်း။

### ကူညီပံ့ပိုးသူမှ ရှင်းလင်းပြောကြားရန်အချက်များ

ကစားနည်းတွင် လက်ဝါးသည် လူကုန်ကူးမှုကိုကိုယ်စားပြုပြီးလက်ညိုးသည် မိမိကိုယ်ကိုကိုယ်စားပြုသည်။ လူပွဲစားများ သည်လက်ဝါးများကဲ့သို့ မိမိတို့အားဖမ်းဆီးရန် အသင့်အနေအထားရှိနေသည်ကိုသတိရှိနိုင်စေရန်ဖြစ်သည်။ ထို့အပြင် လူကုန်ကူးမှုအခြေအနေကို ကျရောက်နိုင်သောသူများကိုလည်း ကာကွယ်တတ်စေရန်ဖြစ်သည်။ ထိုကဲ့သို့ ကာကွယ်ပေးခြင်း၊ ရှန်းထွက်ခြင်းများ ပြုလုပ်သောအခါတွင်လည်း ဥပဒေအကြောင်းအရာများကို သေချာစွာနားလည်ဖို့လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံတွင် မိမိကိုယ်တိုင် သတိမမူမိဘဲ ဥပဒေချိုးဖောက်သူဖြစ်သွားတတ်ပါသည်။ (ဥပမာ - မိမိသည် ရောင်းစားခံလိုက်ရသည်ဆိုပါစို့။ ထိုအခြေအနေမှ လွတ်မြောက်အောင် ကြိုးစားရင်း မိမိကိုယ်တိုင်က လူကုန်ကူးသူ ပြန်ဖြစ်သွားတတ်ပါသည်။) ထိုသို့ဖြစ်ရခြင်းမှာ ဥပဒေကိုသေချာစွာမသိသောကြောင့် ဖြစ်နိုင်ပါသည်။

လှုပ်ရှားမှု ၃

## ကလေးသူငယ်ကူးသန်းရောင်းဝယ်ခြင်းနှင့် မြန်မာနိုင်ငံရှိလက်ရှိဥပဒေကိုရှင်းပြခြင်း

ကလေးကူးသန်းရောင်းဝယ်မှုအပါအဝင် လူကုန်ကူးသန်းရောင်းဝယ်မှုနှင့် သက်ဆိုင်သော မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်များအား ကူးသန်းရောင်း ဝယ်ခြင်းကို အထူးသတိပြု လုပ်ဆောင်သွားမည်ဟု ဖော်ပြထားပါသည်။ ထိုဥပဒေထဲတွင် ကလေးဆိုသည်မှာ အသက် (၁၆)နှစ် မပြည့်သေးသောသူကို ဆိုလိုပြီး လူငယ်ဆိုသည်မှာအသက် (၁၆)နှစ်ပြည့်ပြီး (၁၈) နှစ်မပြည့်သေးသူကိုဆိုလိုသည်။ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်စာချုပ် (UNCRC) အရ ကလေးသူငယ်ဆိုသည်မှာ (၁၈)နှစ်အောက် လူသားတိုင်းကို ဆိုလိုပါသည်။ ထိုဥပဒေတွင် လူကုန်ကူးမှုဆိုသည်မှာလူပုဂ္ဂိုလ်တစ်ဦးဦး သည် အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ပြီးလူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်။

**ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဆိုသည်မှာ . . .**
အခြားသူတစ်ဦး၏ လုပ်အားခရပိုင်ခွင့်ကို ကြားဖြတ်ယူခြင်း၊ လုံးဝမပေးခြင်း၊ ကြွေးမြီ ဖြင့်ချည်နှောင်ခိုင်းစေခြင်း၊ ကာယကံရှင်၏ သဘောတူညီမှုမရှိပဲ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းဖြစ်သည်။

**ပြစ်ဒဏ်များ**
မည်သူမဆို အမျိုးသမီးများနှင့် ကလေးသူငယ်များကို ကုန်ကူးသည်ဟု ပြစ်မှုထင်ရှားလျှင် အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါသည်။ အမျိုးသမီး၊ ကလေးနှင့် လူငယ် မဟုတ်သူများကိုကုန်ကူးလျှင် အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ (၁၀)နှစ် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါသည်။ လူကုန်ကူးရန် ကလေးမွေးစားခြင်း၊ လက်ထပ်ခြင်း၊ စာရွက်စာတမ်းအတု ပြုလုပ်ခြင်းများတွင် ပြုလုပ်သူကို အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ (၁၀) နှစ်အထိချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါသည်။ အစိုးရဝန်ထမ်းများမှ လာဘ်စားမှုများ ပြုလုပ်သည်ဟု ပြစ်မှုထင်ရှားလျှင် အနည်းဆုံးထောင်ဒဏ် (၃)နှစ် မှ (၇)နှစ်အထိချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါသည်။

*မှတ်ချက်။ ။ လက်ရှိဥပဒေကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။*

### ပြန်လည်ဝေမျှခြင်း

ရောင်းစားခံရသူအပေါ် စာနာပေးခြင်းနှင့် ပတ်သက်ပြီး သင့်နှလုံးသားထဲတွင် စွဲကျန်ခဲ့သည့် ခံစားချက်ကို ရေးပါ။

ကလေးကူးသန်းရောင်းဝယ်သည့် ဥပဒေမှ သင်သိရှိနားလည်လိုက်သောအချက်များကိုချရေးပါ။

အားလုံးပြီးပါက အဖွဲ့အတွင်းပြန်လည်ဝေမျှစေပါ။

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့် ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှုရှိသည်ကိုဆွေးနွေးပြီး အဆုံးသတ်ပါ။

အခန်း ၄

# လူကုန်ကူးရောင်းဝယ်မှု တားဆီးကာကွယ်ရေးတွင် ပါဝင်သည့်သူများနှင့် လုပ်ဆောင်ရမည့် ပုံစံများ

လူသားတိုင်း ကူးသန်းရောင်းဝယ်မခံရစေရန်နှင့် လူကုန်ကူးရောင်းဝယ်မှု ပပျောက်ရန်လူသားတိုင်း၌ တာဝန်ရှိကြောင်း၊ မိမိကိုယ်တိုင်၌လည်း တာဝန်ရှိကြောင်းကို အဖွဲ့လိုက်ဆွေးနွေးခြင်း၊ တစ်ဦးတည်းသီးသန့် စဉ်းစားခြင်းများဖြင့် တာဝန်များနှင့် ပါဝင်ဆောင်ရွက်ရမည့်သူများကို သိရှိသွားရန် ဖြစ်သည်။

## လုပ်ရှားမှု

- ဆွေးနွေးပွဲ ပြုလုပ်ခြင်း (၆၀ မိနစ်)
- တစ်ဦးချင်းလုပ်ဆောင်ချက်များ (၃၀ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ပုံ၊ စာများ စုစည်းထားသော စာရွက်
- ရောင်စုံ သို့မဟုတ် မာကာများ
- ခဲတံ၊ ဘောလ်ပင်များ

## ရည်ရွယ်ချက်

- ပါဝင်တက်ရောက်သူများ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်သူများကို သိရှိပြီး အတူတကွ လုပ်ဆောင်တတ်လာစေရန်။
- လူကုန်ကူးမှု ပပျောက်ရေးတွင် ထည့်သွင်းလုပ်ဆောင်ရမည့် နည်းလမ်းများကို သိရှိလာစေရန်။

## လုပ်ရှားမှု ၁

### အဖွဲ့လိုက်ဆွေးနွေးခြင်း

လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ရာတွင် လူတိုင်း၊ ဌာနတိုင်း၊ အဖက်ဖက်တွင် တာဝန်ရှိသကဲ့သို့ ယခုတက်ရောက်သူများကိုယ်တိုင်လည်း တာဝန်ရှိကြောင်း၊ မိမိကိုယ်တိုင်ကာကွယ်ဖို့လိုအပ်ကြောင်း သိရှိနားလည်စေရန်ဖြစ်ပါသည်။

- ကူညီပံ့ပိုးသူမှ တက်ရောက်လာသူများကို အရင်စကားပိုင်းများတွင် ဆွေးနွေးခဲ့သော အကြောင်းအရာများကို မေးခွန်းများ ပြန်လည်မေးမြန်းရမည်ဖြစ်သည်။
  - မည်သည့်ခေါင်းစဉ်များကို လေ့လာခဲ့ရပါသလဲ။
  - ဘယ်သူတွေကပိုပြီးရောင်းစားခံရပါသလဲ။
  - အဘယ်ကြောင့် ကလေးများကို ဦးတည်အုပ်စုအဖြစ် ရောင်းစားနေကြသနည်း။
- ကူညီပံ့ပိုးသူမှ ပါဝင်တက်ရောက်သူများအား အဖွဲ့ (၃)ဖွဲ့ ခွဲလိုက်ပါ။ (မိသားစု/ မိမိကိုယ်တိုင်၊ အစိုးရ/လူမှုအဖွဲ့အစည်း၊ ပတ်ဝန်းကျင်) စသည်ဖြင့် ခွဲရမည်ဖြစ်သည်။
- ထို့နောက်အောက်ပါမေးခွန်းများဖြင့် အဖွဲ့အတွင်း ဆွေးနွေးစေပါ။
- တစ်ဖွဲ့ချင်းအနေဖြင့် မည်သည့်အရာများ လုပ်ဆောင်သင့်သနည်း။
- အဘယ့်ကြောင့် လူကုန်ကူးမှုပပျောက်ရေးကို ဤအဖွဲ့များက လုပ်ဆောင်သင့်သနည်း။
- ဆွေးနွေးပြီးပါက အဖွဲ့ကြီးအတွင်း ကိုယ်စားလှယ်ဖြင့် ပြန်လည်တင်ပြစေပါ။

### ကူညီပံ့ပိုးသူမှ ပြန်လည်ရှင်းလင်းပြောပြခြင်း

**မိသားစု၊ မိမိကိုယ်တိုင်**

အထူးသဖြင့် ဆယ်ကျော်သက် လူငယ်များကို သတိထားစောင့်ရှောက်ရမည်။ အနည်းဆုံး တစ်လ တစ်ကြိမ် မိသားစုဝင် အချင်းချင်းကြား ပွင့်ပွင့်လင်းလင်းစကားပြောဆိုမှုများ ပြုလုပ်ရန်လိုအပ်သည်။ မိသားစုဝင်တိုင်း လူကုန်ကူးမှုနှင့်ပတ်သက်သည့် အကြောင်းအရာများအား သိရှိထားရန်လိုအပ်သည်။ ကလေးများ အနေဖြင့်လည်း မိမိတစ်နေရာသို့သွားမည်၊ တစ်ခုခုလုပ်တော့မည်ဆိုလျှင် မိဘလူကြီးများအား အသိပေးရန်လိုအပ်သည်။ မိဘများအနေဖြင့်လည်းမိမိတို့၏ သားသမီးများအပေါ် မျက်ခြေမပြတ်စောင့်ရှောက်ရန် လိုအပ်သည်။ အထူးအရေးကြီးသည်မှာ မိသားစုဝင်အချင်းချင်းကြား ပွင့်လင်းမှုရှိရန်လိုအပ်သည်။

**အစိုးရနှင့် လူ့အဖွဲ့အစည်းများ**

**ကြိုတင်တားဆီးကာကွယ်ခြင်း** - အမြင်ဖွင့်သင်တန်းများ၊ ဟောပြောပွဲများ၊ လူအများမြင်နိုင်သောနေရာများတွင် လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပိုစတာများကြော်ငြာပေးခြင်း စသည်တို့ ပြုလုပ်ပေးရမည်။

**ကာကွယ်စောင့်ရှောက်ရေး** - လူကုန်ကူးခံရသူများပြန်လည်ရောက်ရှိလာပါကသူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာထောက်ပံ့ကူညီခြင်းများ (Psycho Social Support) လိုအပ်ပါက အသက်ရှင်ရပ်တည်ရေးအတွက် အကူအညီအထောက်အပံ့များပေးခြင်း၊ အသိပညာ ဗဟုသုတများပေးခြင်း၊ မိသားစုများနှင့် လူမှုပတ်ဝန်းကျင်တွင် အဆင်ပြေအောင် ပြန်လည်လုပ်ဆောင်ပေးခြင်းတို့ ပြုလုပ်ပေးရမည်။

**လူကုန်ကူးခံရသူများအားဥပဒေအရကူညီပေးခြင်း (အစိုးရ၏ အဓိကတာဝန်)** - တရားဥပဒေစိုးမိုးရေး၊ လူကုန်ကူးခံရသော အမျိုးသမီးများ၊ ကလေးသူငယ်၊ လူငယ်များ၏ ဂုဏ်သိက္ခာကိုမထိခိုက်စေရန်၊ သက်ဆိုင်ရာတရားရုံးများတွင် အမှုများကို စစ်ဆေးသောအခါ သီးသန့်ရုံးခန်းများတွင် စစ်ဆေးရန် (အမျိုးသမီးများနှင့်ကလေးများ)၊ လာဘ်စားမှုမရှိစေရန်၊ တာဝန်ရှိသူများမှ အမှုအားစစ်ဆေးနေစဉ်အတွင်း သို့မဟုတ် မသေချာသေးပဲ သတင်းထုတ်ပြန်မှုမလုပ်စေရန်၊ အမှုရင်ဆိုင်နေချိန်တွင် လူကုန်ကူးခံရသူများအတွက် သက်တောင့်သက်သာနေထိုင်နိုင်သည့် နေရာစီစဉ်ပေးရန်လိုအပ်သည်။

## လုပ်ရှားမှု ၂

## သီးသန့်လှုပ်ရှားမှု

- မိမိတို့အနေဖြင့် ကလေးကူးသန်းရောင်းဝယ်မှု ပပျောက်အောင် မည်သည့်အရာများ ပြုလုပ်နိုင်မည်နည်းဆိုသည့်အချက်များကို မိမိ၏ Flip Chart တွင် ချရေးစေပါ။ (၁၅ - မိနစ်)
- ရေးပြီးသွားသောအခါ အဖွဲ့ကြီးအတွင်းပြန်လည်ဝေငှပါ။

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက် ပါဝင်သူများအား စက်ဝိုင်းအတွင်း ပြန်လည်စုဝေးပါ။ မည်သည့်ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက်စပ်မှု ရှိသည်ကိုဆွေးနွေးပြီးအဆုံးသတ်ပါ။

**လူကုန်ကူးမှုဖြစ်ပွားလျှင်နှင့် ဖြစ်သည်ဟုယူဆရလျှင် သတင်းပို့နိုင်သောအဓိကဆက်သွယ်ရမည့် ကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ ဖုန်းနံပါတ်များ**

နေပြည်တော် . . . . . . . . ၀၆၇ ၄၁၂၂၀၁
မြစ်ကြီးနား . . . . . . . . . . . ၀၇၄ ၂၂၃၃၆
ဗန်းမော် . . . . . . . . . . . . ၀၇၄ ၅၀၁၉၉
လွယ်ဂျယ် (မူဆယ်မှတဆင့်) ၀၈၂ ၅၂၈၉၀
မူဆယ် . . . . . . . . . . . . . ၀၈၂ ၅၂၈၉၀
လောက်ကိုင် . . . . .၀၈၂ ၇၂၀၀၃ / ၇၂၀၃၆
လားရှိုး . . . . ၀၈၁ ၂၃၀၁၇ / ၀၉၅၂၇၅၉၆၂
တောင်ကြီး . .၀၈၁ ၂၀၀၇၆၄ /၀၉၅၂၁၄၉၁၇
ကျိုင်းတုံ . . . ၀၈၄ ၂၁၆၃၇ / ၀၉၅၂၄၂၅၀၄
တာချီလိတ် . . . . . . . . . . . ၀၈၄ ၅၃၀၂၂
မြဝတီ. . . . . . . . . . . . . . ၀၅၈ ၅၀၂၆၈
မော်လမြိုင် . . . . . . . . . . . ၀၅၇ ၂၆၉၈၃

ကော့သောင်း. . . . . . . . . . . ၀၅၉ ၅၁၉၈၁
မြိတ် . . . . . . . . .၀၅၉ ၄၁၀၄၁ / ၄၁၀၀၄
ပုသိမ် . . . . .၀၄၈ ၅၄၈၁၈၇/ ၀၉၅၀၁၂၈၁၉
ရန်ကုန် . . . . .၀၁ ၂၅၁၄၃၈/ ၀၉၅၁၂၈၈၂၆
ပဲခူး. . . . . . . . . . . ၀၅၂ ၂၁၀၃၀/ ၂၁၂၅၉
စစ်တွေ . . . . . . . . . . . . . ၀၄၃ ၂၃၆၂၅
မောင်တော . . . . . . . . . . . ၀၄၃ ၅၅၀၈၉
ကလေး. . . . . . . . . . . . . . ၀၇၃ ၂၁၁၀၅
မကွေး . . . . . . . . . ၀၆၃ ၂၃၃၇၄/ ၂၅၀၁၆
မိတ္ထီလာ . . . . . . .၀၆၄ ၂၄၇၁၄ / ၂၃၀၅၄
မန္တလေး . . . . . . . . . . . . . ၀၂ ၇၃၈၃၀

အခန်း ၁၀

# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်ခန်းစာများအား ပြန်လည်ဆွေးနွေးခြင်း

ရှေ့သင်ခန်းစာများတွင် လေ့ကျင့်ဆောင်ရွက်ခဲ့သော လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာခြင်း သင်ခန်းစာများအား မည်မျှ မှတ်မိသည်၊ မည်မျှနားလည်သည်ဆိုသည်ကို ပြန်လည်ဆန်းစစ်နိုင်ရန် နှင့် မိမိတို့၏ လက်တွေ့ဘဝတွင် မည်သည့်အရာများ အားလက်တွေ့အသုံးပြုနိုင်သည် ဆိုသည့် အကြောင်းအရာများကို ပြန်လည်မှတ်မိလာနိုင်စေရန် ဖြစ်သည်။

## လှုပ်ရှားမှု

- အပြန်အလှန်မေးခွန်းများ မေးခြင်း (၃၀ မိနစ်)
- ကိုယ်ပိုင်တွေးတောဆင်ခြင်ခြင်း (၃၀ မိနစ်)
- သင်ခန်းစာ၏ အရေးကြီးသော အပိုင်းများအား ပြန်လည်အမှတ်ရစေခြင်း (၃၀ မိနစ်)

## လိုအပ်ချိန်

- ၁ နာရီ ၃၀ မိနစ်

## လိုအပ်သောပစ္စည်းများ

- ဘောလုံး
- ဘောလ်ပင်

## ရည်ရွယ်ချက်

- လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ဆောင်ချက်များ၊ လှုပ်ရှားမှုများ အားလုံးကို ပြန်လည်အမှတ်ရ၊ သတိရမိစေရန်။
- လူကုန်ကူးမှုနှင့် ပတ်သက်ပြီး မိမိမည်မျှ သိရှိနားလည်သွားသည်၊ မည်သည့်အရာများ ဆက်လက်လေ့လာရန် လိုအပ်သည်ဆိုသည့် အရာများကို ရှင်းလင်းစွာ သိရှိလာစေရန်။
- လေ့လာခဲ့သော သင်ခန်းစာများထဲမှ လက်တွေ့ဘဝတွင် ပိုမိုအသုံးချနိုင်မည့် အချက်များကို ပိုမိုသိရှိ နားလည်သွားစေရန်။

## လှုပ်ရှားမှု ၁ အပြန်အလှန်မေးခွန်းများ မေးခြင်း

လေ့လာခဲ့သောသင်ခန်းစာများအား ပြန်လည်အမှတ်ရစေမည့် ကစားနည်းအား ထည့်သွင်းဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ ကစားရန် မေးခွန်းများအား တစ်ရွက်ချင်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ တက်ရောက်သူများမှ ပြင်ဆင်ထားသော မေးခွန်းများကို မဲနှိုက်ပြီး မေးရမည်ဖြစ်သည်။ မေးခွန်းများကို အောက်တွင် ပူးတွဲပေးထားသည်။

### ကစားနည်းလမ်းညွှန်ချက်

- ကူညီပံ့ပိုးသူမှ ပါဝင်တက်ရောက်သူများအား စက်ဝိုင်းပုံဝိုင်းစေပါ။
- ကူညီပံ့ပိုးသူမှ စက်ဝိုင်းအလယ်တွင် မတ်တပ်ရပ်ရမည်/ နေရာယူရမည် ဖြစ်သည်။
- ထို့နောက် ကူညီပံ့ပိုးသူမှ တက်ရောက်သူ တစ်ဦးအား နာမည်ခေါ်ပြီး လက်ညှိုးထိုးပြရမည် ဖြစ်သည်။
- ထိုလက်ညှိုးထိုးခံရသောသူမှာ ချက်ချင်းထိုင်ချရမည်ဖြစ်သည်။
- ထို့နောက် ထိုထိုင်ချလိုက်သောသူ၏ ဘေးတစ်ဘက်တစ်ချက်ရှိ လူနှစ်ယောက်သည် တစ်ယောက် နာမည်ကိုတစ်ယောက် သူ့ထက်ငါ အပြိုင်နာမည်ကို ခေါ်ရမည်ဖြစ်သည်။
- ထိုနှစ်ယောက်ထဲမှ အရင်ဆုံးနာမည် ခေါ်နိုင်သောသူသည် အနိုင်ရမည်ဖြစ်ပြီးနာမည် မခေါ်နိုင်သောသူအား ပြင်ဆင်ထားသော မေးခွန်းစာရွက်ထဲမှ တစ်ရွက်ကိုမဲနှိုက်ပြီးမေးရမည်ဖြစ်သည်။
- နာမည်မခေါ်နိုင်သောသူမှ မေးလာသော မေးခွန်းများကို အတတ်နိုင်ဆုံးဖြေရမည်ဖြစ်သည်။
- ထို့နောက် ထိုနာမည်မခေါ်နိုင်သောသူသည် မေးခွန်းကို ဖြေပြီးသောအခါ စက်ဝိုင်းအလယ်၌ နေရာယူပြီး ကူညီပံ့ပိုးသူလုပ်ပြခဲ့သည့်အတိုင်း ပါဝင်သူတစ်ယောက်ကို လက်ညှိုးထိုးပြီး နာမည်ခေါ်၊ ဘေးမှနှစ်ယောက် တစ်ယောက်နာမည် တစ်ယောက်ခေါ်ပြီး နိုင်သူမှမေးခွန်းမေး၊ ရှုံးသူမှ ဖြေစသည်ဖြင့် တက်ရောက်သူများအားလုံး မေးခွန်းမေးခြင်း၊ ဖြေခြင်းများ ပြုလုပ်ပြီးသည်အထိ ဆက်လက်ပြုလုပ်သွားကြရမည်ဖြစ်သည်။

## လှုပ်ရှားမှု ၂ ကိုယ်ပိုင်တွေးတော ဆင်ခြင်ခြင်း

တက်ရောက်သူများသည် သင်ယူလေ့လာခဲ့ပြီးသော သင်ခန်းစာ (၉)ခုကိုမိမိကိုယ်ပိုင်အတွက် မည်သည့်အရာများမှတ်မိသည်၊ မည်သည့်အရာများက မိမိဘဝအတွက် အသုံးဝင်သည်၊ မည်သည့်အရာများအား အခြားသောသူများအတွက် အရေးကြီးသည် ဆိုသည်ကို ပြန်လည်ဆန်းစစ်ကြရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်နိုင်ရန် အောက်ပါမေးခွန်းများဖြင့် စဉ်းစားပြီး Flip Chart ထဲတွင် ရေးသားကြရမည်ဖြစ်သည်။

၁။ မိမိမှတ်မိသောသင်ခန်းစာခေါင်းစဉ်ကိုချရေးပါ။

၂။ သင်ခန်းစာများသည် လက်တွေ့ဘဝတွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိသနည်း။

၃။ ဤအကြောင်းအရာများ သင်ကြားပြီးသောအခါ လက်တွေ့ဘဝတွင် မည်သို့ ပြန်လည်အကျိုးရှိအောင်ပြုလုပ်မည်နည်း။

### ပြန်လည်ဝေမျှခြင်း

**လှုပ်ရှားမှု (၂) အပေါ်ပြန်လည်ဝေမျှခြင်း**

အားလုံးရေးပြီးပါက စက်ဝိုင်းအတွင်းပြန်ပြီးဝိုင်းစေပါ။ ထို့နောက် ကူညီပံ့ပိုးသူမှစတင်ပြီးတက်ရောက်သူတစ်ဦးထံ ဘောလုံးပစ်ပေးလိုက်ပါ။ ဘောလုံး ရရှိသောသူသည် မိမိရေးသားထားချက်များကို စက်ဝိုင်းကြီးတွင် ဝေမျှရမည်ဖြစ်သည်။

ဂေမျှပြီးပါက နောက်ထပ်တစ်ယောက်အား ထိုဘော လုံးကို ပစ်ပေးရမည်ဖြစ်သည်။

ထိုသို့ဖြင့် တက်ရောက်သူများအားလုံးဂေမျှပေးသည် အထိ ဆက်လက်ပြုလုပ် သွားရမည်ဖြစ်သည်။

တစ်ယောက်ဂေမျှနေသည့်အချိန်တွင် သေချာစွာ နား ထောင်ကြရန်နှင့်မိမိတို့၏ Flip Chart များကို အောက်ချ ထားရန်နှင့် ဘောပင်၊ ခဲတံများကို သိမ်းထား ပေးပါ။

## လှုပ်ရှားမှု ၃ — သင်ခန်းစာ၏ အရေးကြီးသော အပိုင်းများအား ပြန်လည်အမှတ်ရစေခြင်း

ဤအပိုင်းတွင်ပံ့ပိုးသူမှပြင်ဆင်ဖို့များစွာလိုအပ်ပါသည်။ အောက်တွင်ဖော်ပြထားသော အချက်များအား တက် ရောက်မည့်သူများထံ မသွားမီသေချာစွာ လေ့လာပြင် ဆင်ထားရမည် ဖြစ်သည်။

- လူကုန်ကူးမှုအဓိပ္ပါယ်ဖွင့်ဆိုချက်
- ကလေးသူငယ် ကူးသန်းရောင်းဝယ်မှု အဓိပ္ပါယ် ဖွင့်ဆိုချက်
- ကလေးသူငယ် ကူးသန်းရောင်းဝယ်မှု တားဆီး ကာကွယ်ရေးဥပဒေ
- လူကုန်ကူးပုံအဆင့်ဆင့် (ဗီနိုင်းယူသွားရန်)
- တစ်နေရာမှ တစ်နေရာသို့ လုံခြုံစွာ ကူးသန်း သွားလာနိုင်ရန် လိုအပ်သည့်အချက်များ

### အပိတ်နှုတ်ဆက်ခြင်း

အပိတ်နှုတ်ဆက်ခြင်းအတွက်ပါဝင်သူများအား စက် ဝိုင်းအတွင်းပြန်လည်စုဝေးပါ။ မည်သည့် ဘဂတွက်တာ ကျွမ်းကျင်စရာ အခြေခံအကြောင်းအရာများနှင့် ဆက် စပ်မှု ရှိသည်ကိုဆွေးနွေးပြီးအဆုံးသတ်ပါ။

v|y&m;r| (1) twu ar;ce;rsm;

1/ vlueul;jci; t"ym , ziqcsu uajymyg/
2/ uav;ul;oe;a&mi;0 , a&;
t"ym , ziqcsu uajymjyyg/
3/ vlueul;rjzp&aom t"u talumi; t&i;rsm;u
ajymjyyg/
4/ vlypm;rsm;xwi rnolrsm;yg0ioen;/
5/ vlueul;c&aomolrsm;on
rnon tvyrsm;u vyuilluoen;/
6/ vlueul;rlyaysmua tmi vyaqmizrnolrsm;ü
wm0e&oen;/
7/ jynyoxucmrnqygu rnon t&mrsm;u
t"uxm; , laqmiom;&rnen;/
8/ ypm;rsm;u vlrsm;urnuo paqmi;lluoen;/
9/ vlueul;c&olrsm;on vr;c&;wi rnuoaom
tcu tcrsm; llulaw&oen;/
10/ a&mi;pm;c&jy;aom tcg rnuoaom
'u tcu tcrsm; llulaw&rnen;/
11/ vlueul;jci;on rnonae&mrsm;wi
jzpavjzpx&jy;vlarmicrlon rnonae&mrsm;ü
jzpygoen;/
12/ vlrsm;ua&mi;pm;ygurnonae&ma'oo
trsm;q;a&mi;pm;lluoen;/
13/ vlueul;jci;ei vlarmicjcm;em;csursm;uazmjyyg/
14/ vlueul;rl wm;q;umu , a&;0ya'
jrermeiiwi&ygovm;/ &ygurnon cep? v?
&uwi jyXme;coen;/
15/ jynwi;c&;om;rnqygu
rnon t&mrsm; t"uxm; , laqmiom;oioen;/
16/ vlueul;jci;u , crnuoac:ygoen;/
17/ vlueul;jci;u llum;zl;ygovm;/
rnuolum;zl;ygoen;/
18/ vlueul;rlyaysmua tmi
rnuovyaqmioioen;/
19/ vlueul;rjy ó emEi oiu , willulaw&aom tcg
rnuovyaqmirnen;/
20/ rnon tout& , on
vlueul;ruyc&ygoen;/ tb , allumien;/



# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ

## သင်တန်းလမ်းညွှန်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

COLORFUL GIRLS

The Asia Foundation

Improving Lives, Expanding Opportunities

# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး လက်စွဲစာအုပ်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

Human Trafficking and Risky Migration Handbook

The Asia Foundation
Improving Lives, Expanding Opportunities

# လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ

# အသိပညာပေး လက်စွဲစာအုပ်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

ဤလက်စွဲစာအုပ်သည် လူကုန်ကူးမှု၊ ၎င်းနှင့် ဆက်စပ်သော ဥပဒေများ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် အစိုးရတွင်းရှိ လူကုန်ကူးမှုဆိုင်ရာ အဓိကလုပ်ငန်းဆောင်ရွက်သူများ၊ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သော မရှိမဖြစ် သတင်းအချက်အလက်များကို အများပြည်သူလူထုအား ပေးဝေရန် ရည်ရွယ်ပါသည်။ ဤလက်စွဲစာအုပ်အား လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သူ နော်ခူးခူမှ ရေးသားထားပါသည်။ အာရှဖောင်ဒေးရှင်းမှနေ၍ ဤစာအုပ်ထုတ်ဝေဖြစ်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အာရှဖောင်ဒေးရှင်းမှ ဆောင်ရွက်နေသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်များအတွက်လည်းကောင်း ငွေကြေး ထောက်ပံ့ပေးသော Chong-Moon Lee Foundation အား ကျေးဇူးတင်ရှိပါသည်။

This *Human Trafficking and Risky Migration* handbook aims to provide essential information for the general public on human trafficking, related laws, key actors in government and civil society, and safe migration. The Asia Foundation would like to thank the Chong-Moon Lee Foundation for its funding support to the Foundation's anti-trafficking program in Myanmar, enabling the production of this handbook which is authored by Naw Ku Ku, an independent consultant on humanitarian assistance and development.

# မာတိကာ


လက်စွဲစာအုပ်၏ ရည်ရွယ်ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁

နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂

**အပိုင်း (၁)** လူကုန်ကူးမှုနှင့်ပတ်သက်သောအကြောင်းအချက်များ . . . . . . . . . . . . . . . . . . . ၃

၁.၁ နောက်ခံသမိုင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃

၁.၂. အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ရှင်းလင်းချက်များ . . . . . . . . . . . . . . . . . . . . . . . . ၄

(က) လူကုန်ကူးမှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄

(ခ) လူမှောင်ခိုမှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆

(ဂ) ရွှေ့ပြောင်းသွားလာမှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁.၃. လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုကွဲပြားခြားနားပုံများ . . . . . . . . . ၉

**အပိုင်း (၂)** လူကုန်ကူးရောင်းဝယ်မှု အခြေအနေနှင့်အမျိုးအစားများ . . . . . . . . . . . . . . . . ၁၂

၂.၁. လူကုန်ကူးရောင်းဝယ်မှု အခြေအနေ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂

၂.၂. လူကုန်ကူးရောင်းဝယ်မှုရည်ရွယ်ချက်နှင့်ပုံစံများ . . . . . . . . . . . . . . . . . . . . . . ၁၄

၂.၃. လူကူးသန်းရောင်းဝယ်ခြင်းတွင်အသုံးပြုသောနည်းလမ်းများ . . . . . . . . . . . . . . . . . . ၁၄

၂.၄. လူကုန်ကူးခံရသူများနှင့်၎င်းတို့၏ အခြေအနေများ . . . . . . . . . . . . . . . . . . . . . ၁၅

၂.၅. လူကုန်ကူးခံရခြင်း၏အကျိုးဆက်များ (နောက်ဆက်တွဲဆိုးကျိုးများ) . . . . . . . . . . . . . . . . ၂၅

၂.၆. လူကုန်ကူးသူများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၇

**အပိုင်း (၃)** လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့်
လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ခြင်း . . . . . . . . . . . . . . . . . . . . . . . ၂၈

၃.၁. မြန်မာနိုင်ငံရှိလက်ရှိဥပဒေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈

၃.၂. လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေမှပြစ်ဒဏ်များ . . . . . . . . . . . . . . . . . . . . ၃၀

၃.၃. လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့်ဆက်စပ်သည့်တည်ဆဲဥပဒေများ . . . . . . . . . . . . ၃၀

၃.၄. လူကုန်ကူးခံရသူများအား အကူအညီပေးခြင်း . . . . . . . . . . . . . . . . . . . . . . . ၃၀

**အပိုင်း (၄)** လူကုန်ကူးမှုကို တားဆီးကာကွယ်ခြင်း . . . . . . . . . . . . . . . . . . . . . . . . ၃၄

၄.၁. ကမ္ဘာ့နိုင်ငံများ၊ မြန်မာနိုင်ငံနှင့် ဒေသဆိုင်ရာဆောင်ရွက်ချက်များ . . . . . . . . . . . . . . . . ၃၄

၄.၂. လူကုန်ကူးမှုကို တားဆီးကာကွယ်ရေးတွင်ပါဝင်ဆောင်ရွက်သူများ . . . . . . . . . . . . . . . . ၃၅

၄.၃. မြန်မာနိုင်ငံတွင်လုပ်ဆောင်နေသောလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ
ကဏ္ဍ (၅) ရပ်နှင့်အဓိကလုပ်ငန်းများအကျဉ်းချုပ် . . . . . . . . . . . . . . . . . . . . . . . ၃၆

၄.၄. လူကုန်ကူးမှုကို တားဆီးကာကွယ်ရေးတွင် ရပ်ရွာလူထုမှရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာ
စောင့်ကြည့်ရေးအဖွဲ့များနှင့်လက်တွဲဆောင်ရွက်ခြင်း . . . . . . . . . . . . . . . . . . . . . ၃၇

၄.၅. ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်း . . . . . . . . . . . . . . . . . . . . . . . . ၃၇

နောက်ဆက်တွဲများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁

ကိုးကားချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၆



# လက်စွဲစာအုပ်၏ ရည်ရွယ်ချက်

လူသားတိုင်းမိမိတို့၏ဘဝတွင်

လူကုန်ကူးမှုမခံရစေရန်၊ မိမိကိုယ်ကိုကာကွယ်တတ်ရန်နှင့်

လူကုန်ကူးခံရပါကလည်း

မိမိ၏လူမှုဝန်းကျင်တွင်ပုံမှန်ပြန်လည်နေထိုင်နိုင်စေရန်အတွက်

လိုအပ်သောသတင်းအချက်အလက်များရရှိရန်

# နိဒါန်း

လူကုန်ကူးခြင်းသည် ကမ္ဘာတစ်ဝှမ်းတွင် နေ့စဉ်နှင့်အမျှ လျင်မြန်စွာကြီးထွားလျက်ရှိသော ပြစ်မှုတစ်ခုဖြစ်သည်။ လူကို ရောင်းဝယ်ဖောက်ကားခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းလုပ်ရပ်သည် ပြစ်မှုဖြစ်သည်သာမက အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည်။

လူကုန်ကူးမှုပြဿနာသည် ၂၀ ရာစုအနှောင်းပိုင်းတွင် ခေတ်သစ်ကျေးကျွန်စနစ် အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုဖြစ်သည်။ သုတေသီများ၏ တွေ့ရှိချက်အရ ယနေ့ ၂၁ ရာစုတွင် အမြတ်အစွန်း ကြီးမားသော လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအများစုကိုစိန်ခေါ်သည့် ပြဿနာတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်းနှင့် လူသားများ၏ အခြေခံလူ့အခွင့်အရေးကို အကြီးမားဆုံးချိုးဖောက်လျက်ရှိကြောင်း သိရှိရသည်။

လူကုန်ကူးမှုပြဿနာသည် သာမာန်မှုခင်းနှင့်မတူပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်နှင့် နယ်စပ်ဖြတ်ကျော်မှုစသည်တို့နှင့် ချိတ်ဆက်ပြီးရှုပ်ထွေးလှသည့် ပြဿနာတစ်ရပ်ဖြစ်သည့် အားလျော်စွာကမ္ဘာ့နိုင်ငံများသည်ကြိုးပမ်းအားထုတ် တားဆီးကာကွယ်ကြသော်လည်း ဆက်လက်၍ ပျံ့နှံ့ကြီးထွားနေဆဲ ဖြစ်ကြောင်းကိုလည်း နိုင်ငံတကာကအသိအမှတ်ပြုကြသည်။

ယနေ့အချိန်တွင် လူကုန်ကူးမှုသည် နေရာဒေသအတော်များများ၌ ကျယ်ပြန့်စွာဖြစ်ပေါ်လျက်ရှိပါသည်။ လူများစွာသည် လူကုန်ကူးခံရသော်လည်း လူကုန်ကူးခံရမှန်းပင်မသိ ဖြစ်နေကြသူများလည်း ရှိနေပါသည်။ ထို့ကြောင့် လူကုန်ကူးမှုဟု မည်သည့်အခြေအနေကိုခေါ်သည်၊ မည်သို့ဖြစ်လာတတ်သည်ဆိုသည်ကို လူတိုင်းသိရှိရန် အလွန်အရေးကြီးလှပါသည်။ လူကုန်ကူးမှုကို ကျား/မ မရွေး၊ အသက်အရွယ်မရွေး၊ နေရာဒေသမရွေးလူတိုင်းကြုံတွေ့နိုင်ပါသဖြင့် လူသားအားလုံး ပိုမိုသိရှိရန် သာမက ပိုမိုသတိထားရန် လိုအပ်လှပါသည်။

မြန်မာနိုင်ငံတွင် အစီရင်ခံစာများအရ လူကုန်ကူးမှုဖြစ်ရပ်များ ဖြစ်ပွားလျက်ရှိသော်လည်းလူအများသည် လူကုန်ကူးမှုပြဿနာ၏ အတိမ်အနက်ကို သဘောပေါက်နားလည်မှု နည်းပါးသည့်အပြင် ထိုအရာကို ယုံတမ်းတစ်ခုလို သတ်မှတ်ပြီး အလေးမထားကြသော သူများလည်းရှိကြသည်။ ထို့ကြောင့်လူအများအနေဖြင့် လူကုန်ကူးမှုနှင့်ပတ်သက်သော အကြောင်းအရာများကို မည်မျှသိရှိထားသည်ဆိုသည့် အတွေးအခေါ်များ လူတိုင်းမိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါသည်။

# အပိုင်း ၁

# လူကုန်ကူးမှုနှင့်ပတ်သက်သော အခြေခံအကြောင်းအချက်များ

## ၁.၁။ လူကုန်ကူးခြင်း၏နောက်ခံသမိုင်း

လူကုန်ကူးမှုသည် လူတစ်ဦးတစ်ယောက်အား ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့်အားအင်သုံးခြင်းဖြင့်ဖြစ်စေ၊ သို့မဟုတ် လိမ်လည်လှည့်ဖြားခြင်းဖြင့်ဖြစ်စေ သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ အလုပ်ခိုင်းစေခြင်း၊ သို့မဟုတ် လိင်ကိစ္စအလို့ငှာ ခိုင်းစေခြင်းတို့ ပါဝင်သည့် ခေတ်ပေါ်ကျွန်ပြုခိုင်းစေခြင်းတစ်မျိုးဖြစ်သည်။

လူကုန်ကူးခြင်းကိစ္စသည် ရာစုနှစ်များစွာကပင် ကမ္ဘာတစ်ဝန်း၌ပေါ်ပေါက်ခဲ့သော်လည်း ၁၉၉၀ နှစ်များရောက်မှသာ နိုင်ငံတကာအသိုက်အဝန်းက အာရုံစိုက်လာကြခြင်းဖြစ်သည်။ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများနှင့် အာရှ ဒေသတို့တွင် လူများကိုကျေးကျွန်သဖွယ်ပြုခဲ့သည့်ဖြစ်ရပ်များ သမိုင်းတွင် သာဓကများစွာ ရှိခဲ့ပြီးဖြစ်သည်။ လူကုန်ကူးခြင်း(သို့မဟုတ်)ခေတ်သစ်ကျေးကျွန်စနစ်(Modern Form of Slavery)ဟူ၍ပြန်လည်ရှင်သန်လာသည်မှာ နှစ်ပေါင်း (၂၀) ကျော်ရှိပြီဖြစ်သည်။

၁၉၈၀ နှောင်းပိုင်းနှင့် ၁၉၉၀ နှစ်ဦးပိုင်းများ၌ ကမ္ဘာ့နိုင်ငံရေးတွင်ကြီးမားသောပြောင်းလဲမှုကြီးများ ဖြစ်ပေါ်လာသည်။ ကမ္ဘာတွင်ဒုတိယကမ္ဘာစစ်ပြီးကာလမှစ၍ပေါ်ပေါက်လာခဲ့သောအရှေ့အုပ်စုနှင့် အနောက်အုပ်စု၊အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်တို့သည် ၁၉၈၀ နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုနှင့်အတူ ပြိုလဲသွားသည်။ အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့ကို ခြားထားသော သံမဏိကန့်လန့်ကာ (Iron Curtain) ပြိုပျက်မှုကြောင့် အရှေ့အုပ်စုဝင်နိုင်ငံများနှင့် အနောက်အုပ်စုဝင်နိုင်ငံများအကြား ခြားထားသော အတားအဆီးများလည်း လျော့ကျလာခဲ့သည်။

နိုင်ငံများအကြားအတားအဆီးများ လျော့ကျလာခြင်းနှင့် ကူးသန်းဆက်သွယ်မှု များလာခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးသော နိုင်ငံများ (သို့မဟုတ်) ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၏လူနေမှု အဆင့်အတန်းများနှင့် စီးပွားရေး တောင့်တင်းခိုင်မာခြင်းမှ ရရှိမည့် အကျိုးတရားများကို လိုလားတောင့်တလာကြသည်။

ဖွံ့ဖြိုးတိုးတက်မှုမညီမျှသော၊ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားမှုမရှိသောအခြေအနေနှင့် ရုပ်ပိုင်း ဆိုင်ရာတိုးတက်ဖွံ့ဖြိုးသော နိုင်ငံများ (သို့တည်းမဟုတ်) နိုင်ငံတစ်ခုအတွင်းရှိ ကြွယ်ဝသာဒေသများနှင့် ပတ်သက်သောအကြောင်းအရာများကို လက်လှမ်းမှီသိရှိနိုင်ခြင်းတို့သည် မိမိဘဝကို လက်ရှိအခြေအနေထက်ပို၍ မြင့်မားလိုသူများနှင့် ဘဝသစ်ထူထောင်လိုသူများအတွက် မျှော်လင့်ချက်များ ဖြစ်ပေါ်စေသည်။ တိမ်ကောပပျောက်သွားပြီဟု ယူဆထားသော လူကုန်ကူးခြင်း (သို့မဟုတ်) ကျေးကျွန်ပြုခြင်း အလေ့အထများသည် ပြန်လည်ပေါ်ပေါက်လာပေသည်။

*(ကောက်နှုတ်ချက်။ http://www.eden.rutgers.edu/~yongpatr/425/final/timeline.htm)*

## ၁.၂။ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ရှင်းလင်းချက်များ

လူကုန်ကူးမှုသမိုင်းကြောင်းကို သိရှိပြီးဖြစ်သော်လည်း လူကုန်ကူးမှုဆိုသည့်ဖြစ်ရပ်များကို တိကျစွာခွဲခြားရသည်မှာ ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် လူအများသည် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှု၊ ခေါင်းပုံဖြတ်မှု စသည်တို့ကိုကွဲပြားမှုမရှိဘဲ ရောထွေးနေတတ်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှု၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်းကို တစ်ဦးတစ်ယောက်ခြင်းစီမှ သေချာနားလည်ထားရန်လိုအပ်သည့်အပြင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှု၊ ခေါင်းပုံဖြတ်မှု တစ်ခုချင်းစီ၏ အဓိပ္ပါယ်ကိုလည်း သဘောပေါက်နားလည်ရန်အရေးကြီးပါသည်။

### ၁.၂.က။ လူကုန်ကူးမှု

**ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ တားဆီးရေးစာချုပ် (ပါလာမိုစာချုပ်) ဒီဇင်ဘာလ ၁၂ ရက် ၂၀၀၀ ခုနှစ် အဓိပ္ပာယ် ဖွင့်ဆိုချက်**

ခြိမ်းခြောက်၍ဖြစ်စေ၊ အင်အားသုံးပြီးဖြစ်စေ၊ ချောင်ပိတ်အကြပ်ကိုင်၍ဖြစ်စေ၊ ပြန်ပေးဆွဲပြီးဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အာဏာသုံးပြီးဖြစ်စေ၊ မသိနားမလည်သည်ကို အကြောင်းပြု၍ဖြစ်စေ၊ အကျိုးအမြတ်ကိုပေးပြီး ဖြစ်စေ၊ အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းသွင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ခိုလှုံစရာပေးခြင်းများကိုဆိုလိုပါသည်။

**မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ စက်တင်ဘာလ ၁၃ ရက်၂၀၀၅ ခုနှစ် အဓိပ္ပာယ် ဖွင့်ဆိုချက်**

လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ရန်အလို့ငှာ လူအများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်းသို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်-

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့မဟုတ်) အခြားနည်းဖြင့်အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း (သို့မဟုတ်) ဘဝရပ်တည်ရန်ခက်ခဲသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ကိုပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်း။

## မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေစက်တင်ဘာလ ၁၃ ရက် ၂၀၀၅ ခုနှစ်၏လူကုန်ကူးမှုအဓိပ္ပါယ်

### အသေးစိတ်ရှင်းလင်းချက်

| ဦးတည်ချက် | ပြုလုပ်ချက် | အသုံးပြုသောနည်းလမ်း |
|---|---|---|
| သဘောတူညီချက် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ရန် အလို့ငှာ ဖြစ်ခြင်း | ▫ သိမ်းသွင်းစုဆောင်းခြင်း<br>▫ သယ်ယူပို့ဆောင်ခြင်း<br>▫ လွှဲပြောင်းပေးခြင်း<br>▫ ရောင်းချခြင်း<br>▫ ဝယ်ယူခြင်း<br>▫ ငှားရမ်းခြင်း<br>▫ ငှားယူခြင်း<br>▫ ခိုလှုံခွင့်ပေးခြင်း<br>▫ လက်ခံခြင်း | (၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့မဟုတ်) အခြားနည်းဖြင့်အနိုင် အထက်ပြုခြင်း<br>(၂) သွေးဆောင်ခေါ်ယူခြင်း<br>(၃) လိမ်လည်ခြင်း<br>(၄) လှည့်ဖြားခြင်း<br>(၅) အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း(သို့မဟုတ်) ဘဝ ရပ်တည်ရန် ခက်ခဲသော အခြေအနေကို အလွဲသုံးစားပြုခြင်း<br>(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ကိုပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်း |

### လူကုန်ကူးမှုနှင့်ပတ်သက်သောအခြားရှင်းလင်းချက်များ

လူကုန်ကူးမှု(သို့) ခေတ်သစ်ကျေးကျွန်စနစ်တွင်ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် အတင်းအကြပ်ခိုင်းစေခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုအတွက်ပြစ်မှုမြောက်သောစျေးကွက်တစ်ခုဖြစ်ပါသည်။ ၎င်းတွင်-

- လိင်ပိုင်းဆိုင်ရာရောင်းဝယ်ဖောက်ကားခြင်း (ကလေးသူငယ်အပါအဝင်)
- အတင်းအဓမ္မခိုင်းစေခြင်း (ကြွေးမြီဖြင့်ချည်နှောင်ခြင်း၊ အိမ်မှုကိစ္စများတွင် ကျေးကျွန်သဖွယ်ခိုင်းစေခြင်း၊ ကလေး သူငယ်များကို အတင်းအဓမ္မခိုင်းစေခြင်းအပါအဝင်)
- ဥပဒေနှင့်မညီသော ကလေးစစ်သားများစုဆောင်းခြင်း တို့ပါဝင်သည်။

*(ကောက်နုတ်ချက်။ www.state.gov/j/tip)*

### ခေါင်းပုံဖြတ်မှု

**မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စက်တင်ဘာလ ၁၃ ရက် ၂၀၀၅ ခုနှစ်၏ ဥပဒေအရ အဓိပ္ပာယ် ဖွင့်ဆိုချက်**

ခေါင်းပုံဖြတ်ခြင်းဆိုရာတွင်ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြား တစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စကိုပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီနှင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ် အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးသော်လည်းကောင်း၊ အကျိုး အမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်းလက်ခံရယူခြင်း(သို့)လက်ခံရယူရန်သဘောတူခြင်းပါဝင်သည်။

**မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စက်တင်ဘာလ ၁၃ ရက် ၂၀၀၅ ခုနှစ် မှ ခေါင်းပုံဖြတ်ခြင်းရှင်းလင်းချက်**

**ခေါင်းပုံဖြတ်ခြင်း ဆိုသည်မှာ**

၁ ပြည့်တန်ဆာပြုခြင်း

၂ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စကိုပြုခြင်း

၃ အဓမ္မအလုပ်ခိုင်းစေခြင်း

၄ အဓမ္မဝန်ဆောင်မှု ပေးစေခြင်း

၅ ကျွန်ပြုခြင်း

၆ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း

၇ ကြွေးမြီနှင့်နှောင်ဖွဲ့ခိုင်းစေခြင်း

၈ သူတစ်ပါးခန္ဓာကိုယ်၏အင်္ဂါ အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်း

**ပြည့်တန်ဆာပြုခြင်းရှင်းလင်းချက်**

ငွေကြေးအကျိုးအမြတ် (သို့မဟုတ်) အခြားအဖိုးသားနားတစ်ခုခုအတွက် ကာမစပ်ယှက်ရန် (သို့မဟုတ်) ကာမရာဂစိတ်ပေါ်ပေါက်ရန်အလို့ငှာပြုလုပ်ခြင်း၊အသုံးပြုခြင်း၊ဆက်ဆံခြင်း (သို့မဟုတ်) အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်း။

ဖော်ပြပါနည်း (၈) နည်း အနက် တစ်နည်းနည်းကိုပြုရာမှငွေကြေး (သို့) အကျိုးအမြတ်တစ်စုံတရာကိုလက်ခံရယူခြင်း (သို့) လက်ခံရန်သဘောတူခြင်းရှိပါက ခေါင်းပုံဖြတ်ခြင်းဖြစ်ပါသည်။

**ကြွေးမြီနှင့်နှောင်ဖွဲ့ခိုင်းစေခြင်းရှင်းလင်းချက်**

ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့်အနေဖြင့် ဖြစ်စေ၊ လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ (သို့မဟုတ်) ကြွေးမြီကျေသည်အထိလုပ်အားတန်ဖိုး သတ်မှတ်ချက်မရှိဘဲ လုပ်ကိုင်ပေးစေခြင်း (သို့မဟုတ်)ဝန်ဆောင်မှုပေးစေခြင်း။

## ၁.၂.ခ။ လူမှောင်ခိုမှု

တစ်စုံတစ်ဦးက ငွေကြေးအကျိုးအမြတ်ရယူကာ အခြားတစ်စုံတစ်ဦးကို နိုင်ငံနယ်နိမိတ်ဖြတ်ကျော်၍ ပို့ဆောင်ခြင်းဖြစ်သည်။ ထိုသို့ပို့ဆောင်ရသည့် လုပ်ငန်းဝန်ဆောင်မှုအတွက် မည်မျှပေးရမည်ဆိုသည့် အခကြေးငွေတန်ဖိုးဖြင့် သွားလာရမည့် နည်းလမ်းပုံစံအား ခရီးမစတင်မီကပင် သွားသူနှင့် ပို့သူနှစ်ဦး ကောင်းမွန်စွာ ညှိထားပြီးဖြစ်ပါသည်။ ဤသို့ပို့ဆောင်ခြင်းမျိုးသည် နိုင်ငံအတွင်းသွားလာခွင့် မရှိသည့်သူများ၊ တရားဝင်နေထိုင်ခွင့်မရှိသူများအား တရားမဝင်သည့် နည်းလမ်းဖြင့် သယ်ယူမှုဖြစ်သည့်အတွက် လူမှောင်ခိုမှုမြောက်ပါသည်။

အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)

ငွေကြေး (သို့မဟုတ်) အခြားသော ပစ္စည်းအကျိုးအမြတ်တစ်ခုကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေ ရယူရန်အလို့ငှာ၊ နိုင်ငံသား (သို့မဟုတ်) အမြဲတမ်းနေထိုင်သူတစ်ဦးကို နိုင်ငံတစ်ခုအတွင်းသို့ တရားမဝင် ဝင်ရောက်ခွင့်ရယူပေးခြင်း (သို့မဟုတ်) ဝင်ရောက်နိုင်စေခြင်းကို ဆိုလိုသည်။ လူမှောင်ခိုပြုရာတွင် နိုင်ငံတစ်ခု (သို့) နိုင်ငံများ၏နယ်နိမိတ်ကို တရားမဝင်ဖြတ်ကျော်မှုရှိသည်။ နိုင်ငံအပေါ် ကျူးလွန်ခြင်းဖြစ်သည်။

*(ကောက်နုတ်ချက်။ ။လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲစာအုပ်၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)*

အဓိပ္ပာယ်ဖွင့်ဆိုချက် (၂)

လူသယ်ယူခြင်း (သို့မဟုတ်) လူမှောင်ခိုခြင်း ဆိုသည်မှာ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကို (သို့မဟုတ်) လူတစ်စု၏ သွားလိုရာနေရာ ရောက်အောင် အခကြေးငွေ လက်ခံပြီး ပို့ဆောင်ခြင်းကို ခေါ်ပါသည်။ အများအားဖြင့် နိုင်ငံတစ်နိုင်ငံ မှာတရားဝင်နေထိုင်ခွင့်၊ သွားလာခွင့် မရှိသည့်အတွက် နည်းမျိုးစုံသုံးပြီး လိုက်ပါပို့ဆောင်ခြင်းမျိုး ဖြစ်ပါသည်။ ထိုကိစ္စမျိုးမှာ ပို့ဆောင်သည့်သူ၏ တာဝန်သည် ယခင်က သဘောတူသတ်မှတ်ထားသည့် အခြေအနေရောက်သည်နှင့် တာဝန်ကုန်ဆုံးသွားပြီဖြစ်သည်။

*(ကောက်နုတ်ချက်။ www.state.gov/j/tip)*

## ၁.၂.၈။ ရွှေ့ပြောင်းသွားလာမှု

ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ လူတို့သည် ဘဝရပ်တည်ရန် (သို့မဟုတ်) ဝင်ငွေပိုရရှိရန် (သို့မဟုတ်) ကြီးပွားတိုးတက်ရန် မိမိတို့ဆန္ဒအလျောက် ရေကြည်ရာမြက်နုရာသို့ ခေတ္တဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကိုဆိုသည်။ ရွှေ့ပြောင်းသွားလာခြင်းတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းနှင့် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာခြင်းဟု ခွဲခြားနိုင်ပါသည်။ ပြည်ပနိုင်ငံများသို့ရွှေ့ပြောင်း သွားလာခြင်းတွင် တရားဝင်ရွှေ့ပြောင်းသွားလာခြင်းနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းဟူ၍ရှိပါသည်။

### တရားဝင်ရွှေ့ပြောင်းသွားလာခြင်း

အခြားနိုင်ငံတစ်ခုသို့ အလုပ်အကိုင်၊ ပညာရေး၊ အလည်အပတ် သို့မဟုတ် ဖျော်ဖြေရေးအတွက် သွားရောက်ရာတွင် လိုအပ်သည့် မှန်ကန်သောစာရွက်စာတမ်းများပြုလုပ်ရရှိပြီးမှ သွားလာခြင်းသည် တရားဝင်ရွှေ့ပြောင်းသွားလာခြင်း ဖြစ်သည်။

*(ကောက်နုတ်ချက်။https://www.iom.int/sites/default/files/country/docs/iom_fact_sheet_safe_migration.pdf)*

### တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း

အခြားနိုင်ငံတစ်ခုသို့ သွားရောက်ရာတွင် ၎င်းနိုင်ငံ၏သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို ချိုးဖောက်ပြီး ထိုနိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် နယ်စပ်အားတရားမဝင်ဖြတ်ကျော်ဝင်ရောက်ခြင်းသည် တရားမဝင်ရွှေ့ပြောင်း သွားလာခြင်းဖြစ်သည်။

*(ကောက်နုတ်ချက်။ https://eschooltoday.com/migration/waht-is-illegal-migration.html)*

> ဥရောပမှ သန်း ၅၀ ကျော်သောသူများသည် ဥရောပ၏ ဆင်းရဲမွဲတေမှုကြောင့် ဥရောပမှတဆင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်အာဖရိက နိုင်ငံများသို့ . . .

ရွှေ့ပြောင်းသွားလာခြင်းသည် ဆန်းသစ်သော အရာတစ်ခုမဟုတ်ဘဲ ရှေးယခင်နှစ်ပေါင်းများစွာ ကပင် လူများသည် တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာခဲ့ကြပါသည်။ ဥပမာ - အာရှနိုင်ငံများမှ ရွှေ့ပြောင်းသွားလာ သူများသည် ဘာရင်းရေလက်ကြားမှတဆင့် အချိန်ကာလတခုအထိ မြောက်နှင့်တောင်အမေရိကသို့ ရွှေပြောင်းနေထိုင်ခဲ့ကြသည်။ စက်မှုတော်လှန်ရေးကာလ (၁၈၄၃ - ၁၉၃၉) အတွင်း ဥရောပမှ သန်း ၅၀ ကျော်သောသူများသည် ဥရောပ၏ ဆင်းရဲမွဲတေမှုကြောင့် ဥရောပမှတဆင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်အာဖရိက နိုင်ငံများသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။ မြန်မာနိုင်ငံမှလူများသည်လည်း အိမ်နီးချင်းနိုင်ငံများ အပါအဝင် အခြားနိုင်ငံများသို့ ရည်ရွယ်ချက် အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် ရွှေ့ပြောင်းသွားလာနေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုသို့ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်ပြီး ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒ ထားရှိပါသည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒ**

- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များစုဆောင်းရယူခြင်း၊ သုတေသနနှင့် လေ့လာရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊
- ပြည်တွင်း၊ ပြည်ပ အလုပ်သမားဈေးကွက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- ပြည်ပအလုပ်အကိုင် ရှာဖွေရန်တရားဝင်လမ်းကြောင်းများ ခွင့်ပြုပေးပြီးသွားလာမှု လွယ်ကူစေခြင်း၊
- ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ် လျှော့ကျခြင်း၊
- ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေခံအခွင့်အရေးများရရှိစေခြင်း၊
- ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် အသိပညာများ ရရှိစေခြင်းနှင့် ပြန်လည်ဝေမျှပေးနိုင်ခြင်း၊
- ရွှေ့ပြောင်းလုပ်သားများ အရေးကိစ္စတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပရှိ လူမှုအခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ရွှေ့ပြောင်းသွားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်စေခြင်း။

*(ကောက်နုတ်ချက်။ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ်၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)*

## ၁.၃။ လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှု ကွဲပြားခြားနားပုံများ

### လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုကွဲပြားခြားနားပုံများ

| လူကုန်ကူးခြင်း | လူမှောင်ခိုခြင်း |
|---|---|
| လူကုန်ကူးမှုသည် နိုင်ငံဖြတ်ကျော်ပြီး ပြည်ပတွင် သာမက ပြည်တွင်းတွင်လည်း ဖြစ်ပွားနေ သောကိစ္စများဖြစ်ပါသည်။ ကျေးလက်ဒေသမှ မြို့များသို့သော်လည်းကောင်း၊ မြို့တွင်းတွင်လည်း ဆင်းရဲနွမ်းပါးသည့် ရပ်ကွက်မှ ချမ်းသာသည့်ရပ်ကွက်များသို့သော်လည်းကောင်း လူကုန်ကူးမှုများ ဖြစ်နိုင်ပါသည်။ | လူမှောင်ခိုမှု ဆိုသည်မှာ ခိုးဝင်သည့်နိုင်ငံ၏ ဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်ပြီး နိုင်ငံဖြတ်ကျော်သည့်မှုခင်း အမျိုးအစားလည်းဖြစ်ပါသည်။ |
| **လူကုန်ကူးခြင်းတွင် -**<br>• အမြတ်ထုတ်ရန်ရည်ရွယ်ချက်ရှိခြင်း<br>• မရိုးသားသောပုံစံများဖြင့်ချဉ်းကပ်စည်းရုံးခြင်း<br>• သွားလာလုပ်ကိုင်ရမည့်အခြေအနေများကို ကြိုတင်မသိထားခြင်း<br>• ခံရသူအတွက် ရွေးချယ်စရာအခြေအနေ မရှိခြင်း<br>• နေရာတိုင်းတွင်ဖြစ်ပွားနိုင်သည် (ပြည်တွင်းနယ်စပ်/ပြည်ပ) | **လူမှောင်ခိုခြင်းတွင် -**<br>• အခကြေးငွေ ရရှိရန် ရည်ရွယ်ချက်ရှိခြင်း<br>• သွားလာလိုသည့်သူများနှင့် ဈေးစကားပြောခြင်း<br>• သွားလာလုပ်ကိုင်ရမည့်အခြေအနေများကိုသွားလာသူကိုယ်တိုင်ကြိုတင်သိထားခြင်း<br>• သွားလာမည့်သူကရွေးချယ်နိုင်သည့်အနေအထား ရှိခြင်း<br>• နယ်စပ်ဒေသာဖြစ်ပွားသည် |
| **ဥပဒေအရ** - လူကုန်ကူးခြင်းဆိုင်ရာပြစ်မှုသည်လူကုန်ကူးခံရသူအား ဆန့်ကျင်၍ ကျူးလွန်သော ပြစ်မှုဖြစ်သည်။ ယင်းတွင် " ခေါင်းပုံဖြတ်ခြင်း" ကို ရည်ညွှန်းလေ့ရှိပြီး ယင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် ပြုမူခြင်းဖြစ်နိုင်သည်။ လူသိအများဆုံး ကျူးလွန်မှုမှာ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် အတင်းအကျပ် ထိမ်းမြားလက်ထပ်ခြင်းတို့ ဖြစ်သည်။ | **ဥပဒေအရ** - လူမှောင်ခိုသည့်ကိစ္စနှင့်စပ်လျဉ်းသော ပြစ်မှုသည် လူဝင်မှုကြီးကြပ်ရေးဥပဒေများကို ချိုးဖောက်၍ နိုင်ငံတော် သို့မဟုတ် တိုင်းပြည်ကို ဆန့်ကျင်၍ ကျူးလွန်ခြင်းဖြစ်ပြီး လူမှောင်ခိုကူးခံရသော သူများကိုယ်တိုင်က မိမိအလိုအလျောက် ဆန္ဒရှိစွာ ပါဝင်ပတ်သက်နေခြင်းဖြစ်သည်။ |
| **ဥပမာ**- လူသစ်စုဆောင်းသူတစ်ယောက်သည် မာရီကို နိုင်ငံရပ်ခြားရှိ စားသောက်ဆိုင်တစ်ခုတွင် အလုပ်ရရန်နှင့် သူမလက်မလွတ်နိုင်သော လုပ်ခလစာရမည်ဟု ကတိပေးကာ အလုပ်လုပ်ရန်အတွက် ဗီဇာရရှိအောင်ကူညီခဲ့ပြီး လိမ်လည်ခဲ့ပါသည်။ မာရီရောက်ရှိသွားချိန်တွင် သူမ၏ သူဌေးအသစ်က စားသောက်ဆိုင်တွင် အလုပ်မရှိကြောင်း၊ သူမ၏ အလုပ်ရှာဖွေနိုင်ရန်အတွက် ကုန်ကျစရိတ်နှင့် ဤနိုင်ငံကိုရောက်ရှိရန်အတွက် ခရီးစရိတ်ကို ပေးရန်ကျန်ရှိကြောင်း ပြောပါသည်။ ပြည့်တန်ဆာအဖြစ်အလုပ်လုပ်ရန် အတင်းအကျပ်ပြောဆိုခဲ့ပြီး တင်နေသောအကြွေးများကို မဆပ်နိုင်ပါက သူမ၏ မိသားစုများထံသို့ သူမ၏အကြောင်းကို ပြောပြမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ မာရီသည် လူကုန်ကူးခံရသူတစ်ဦးဖြစ်ပြီး လိင်ကုန်ကူးမှုတွင် သူမကို လိမ်လည်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် အတင်းအဓမ္မစေခိုင်းခြင်းများ ခံခဲ့ရပါသည်။ | **ဥပမာ** - အမာသည် ပဋိပက္ခဖြစ်နေပြီး အကြမ်းဖက်မှုကြီးမား စွာကြုံတွေ့ ရသည့်ဒေသတွင်နေထိုင်ပါသည်။ ထိုအခြေ အနေဆိုးကို ကျော်လွှားနိုင်ရန် ဒေါ်လာ ၁,၀၀၀ ပေး နိုင်ပါက အခြားသောတိုင်းပြည်သို့ ပို့ဆောင်ပေးနိုင်သော လူတစ်ဦးနှင့် တွေ့ဆုံခဲ့ပါသည်။ အမာကို လေ့နှင့်လုံခြုံစွာ သွားလာနိုင်သည်ဟု လိမ်ညာခဲ့ပါသည်။ အမာသည် ခရီးသွားလာရန် အတွက် ငွေကိုပေးပြီး နိုင်ငံသစ်သို့ ရောက်သွားသော်လည်း သူသိသော လူတစ်ဦးတစ်ယောက်ကို ဘယ်သောအခါမျှ မတွေ့ရတော့ပေ။ ၎င်းအခြေအနေတွင် အတင်းအကျပ် ဖိအားပေးခြင်းမရှိ၊ လိမ်လည်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းမရှိသည့်အပြင် အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း သို့မဟုတ် လိင်မှုလုပ်ငန်းအတွက် ရောင်းချခြင်းလည်း မပါဝင်ပေ။ အမာသည် လူမှောင်ခိုခံရခြင်းသာဖြစ်ပြီး လူကုန်ကူးခံရခြင်း မဟုတ်ပေ။ |

### လူကုန်ကူးမှု/လူမှောင်ခိုမှု/တရားမဝင်ရွှေ့ပြောင်းသွားလာမှုကွဲပြားခြားနားပုံ

| | မူရင်း | ကြားခံ | ခရီးဆုံး |
|---|---|---|---|
| တရားမဝင် ရွှေ့ပြောင်း သွားလာမှု | အခမဲ့ | အခမဲ့ | စက်ရုံတွင်အလုပ်လုပ် လုပ်အားခရ၊ မိဘထံပြန်ပို့ အလည်ပြန် |
| လူမှောင်ခိုမှု | အခကြေးငွေ | အခကြေးငွေ | စက်ရုံတွင်အလုပ်လုပ် လုပ်အားခရ၊ မိဘထံပြန်ပို့ အလည်ပြန် |
| လူကုန်ကူးမှု | အကြွေးစနစ် အခကြေးငွေ အခမဲ့ | အကြွေးစနစ် အခကြေးငွေ အခမဲ့ | စက်ရုံတွင်အလုပ်လုပ်(ရောင်းစားခံရ) လုပ်အားခမရ၊ ပိတ်လှောင်ထား ညှင်းပမ်းနှိပ်စက်၊ အတင်းအကြပ်ခိုင်း၊ |

## လူကုန်ကူးမှု၏အဓိကအကြောင်းရင်းများ

နိုင်ငံရေးမတည်ငြိမ်မှု၊ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းနှင့် ဆင်းရဲချမ်းသာကွာဟမှု စသည်တို့သည် လူကုန်ကူးမှု ဖြစ်ပေါ်စေရန် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ တွန်းအားပေးနေကြောင်း တွေ့ရှိရသည်။ လူကုန်ကူးမှုလုပ်ငန်းဖြင့်ရရှိသော အကျိုးအမြတ်သည် အလွန်ကြီးမားခြင်း၊ လူကုန်ကူးမှုပြုလုပ်ရန်အတွက် အရင်းအနှီးနည်းပါးခြင်း၊ အကောင်အထည်ဖော်ရန်လွယ်ကူခြင်း၊ ခေတ်မီသတင်းနည်းပညာ (Information Technology) အသုံးပြု၍ လျင်မြန်စွာဆက်နွယ်ဆောင်ရွက်နိုင်ခြင်းတို့ ကြောင့် တစ်နေ့တစ်ခြား ကြီးထွားလာခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ လူကုန်ကူးမှုသည် ဆင်းရဲသည့်နိုင်ငံများတွင် ဖြစ်ပွားသကဲ့သို့ ချမ်းသာသည့် နိုင်ငံများတွင် လည်းဖြစ်ပွားလျက်ရှိကြောင်းတွေ့ရသည်။

ကမ္ဘာ့လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင်ချမ်းသာကြွယ်ဝသည့် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အဓိကလူကုန်ကူးမှု ဦးတည်ရာနိုင်ငံ (Destination Countries) များဖြစ်ကြောင်း၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများသည်လည်း လူကုန်ကူးမှု များပြားသည့်နိုင်ငံတွင် ပါဝင်သည်။

အာရှတိုက်တွင်ဖြစ်ပွားမှုများအားလေ့လာကြည့်ရာတွင်မူရင်းနိုင်ငံများအဖြစ်တရုတ်၊ထိုင်းတို့သည်အမြင့်မားဆုံးတွင် ရှိပြီး ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံတို့သည်လည်း များပြားသည့်နိုင်ငံများ စာရင်းတွင်လည်းပါဝင်ပြီး၊ ထိုဒေသများမှ လူကုန်ကူးခံရသူများအား အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်ပြည်နှင့် ဂျပန်နိုင်ငံများသို့ အများဆုံးဦးတည်ပို့ဆောင်သည်။

အရှေ့တောင်အာရှတွင် အာရှဒေသမှ လူကုန်ကူးခံရသူ ၅၄% သည် အရှေ့တောင်အာရှဒေသမှ ဖြစ်ကြောင်း၊၂၄% သည် အရှေ့အာရှမှဖြစ်ပြီး၊ ၈%သည် တောင်အာရှအလယ်ပိုင်းမှ ဖြစ်သည်။ တရုတ်နှင့်မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများသို့ လူကုန်ကူးခံရသည့် နိုင်ငံများအနက် ထိပ်ဆုံးမှာရှိနေပြီး ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊အိန္ဒိယ၊ နီပေါ၊ ရုရှားဖက်ဒရေးရှင်း၊ ဥဇဘက်ကစ္စတန်၊ သီရိလင်္ကာ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် တို့သည် နောက်မှလိုက်နေသည်။

လူကုန်ကူးမှုဖြစ်ရခြင်း၏အခြားအဓိကအချက်မှာ တရားဝင်သွားလာရေးနည်းလမ်းများကို လက်လှမ်းမမီခြင်း၊ လက်လှမ်းမီသော်လည်းအလိမ်ခံရခြင်း၊ နိုင်ငံသားဖြစ်ခွင့်မရှိခြင်း၊ မိမိတို့နေထိုင်ရာဒေသ၌ စီးပွားရေးအခွင့်အလမ်းများ မရှိခြင်း (သို့) နည်းပါးခြင်း၊ အရေးပေါ်ကျန်းမာရေးချေးငွေများ မရရှိခြင်း အစရှိသည့် အခြေခံအကြောင်းအမျိုးမျိုးတို့ကြောင့်ဖြစ်သည်။

(ဥပမာ - ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် အရှေ့ရောက်နေသာနိုင်ငံများထဲမှ အပါအဝင်ဖြစ်ပါသည်။ စက်မှု လုပ်ငန်းများလည်းတိုးတက်ပါသည်။ သို့ဖြစ်ပါ၍ အောက်ခြေလုပ်သားများအမြဲလိုအပ်သော နိုင်ငံများထဲတွင် တစ်ခု အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် ဆင်းရဲသောနိုင်ငံဖြစ်သည်။ အလုပ်အကိုင် အခွင့် အလမ်း နည်းပါးသည်။ ထို့အတွက်ကြောင့် ရရာအလုပ်ကို လုပ်မည်ဆိုသည့်စိတ်ဖြင့် ထိုင်းနိုင်ငံဘက်သို့ သွားကြ ပါသည်။ တရားဝင် သွားတာရှိကြသလို တရားမဝင်ခိုးသွားမှုများလည်းရှိကြပါသည်။ ထိုင်းနိုင်ငံအနေဖြင့်ကြည့်လျှင် လည်း လုပ်ခလစာ သက်တောင့်သက်သာပေးပြီးခိုင်းလို့ရသော အလုပ်သမားများကို ရခြင်းဖြစ်သည်။ နိုင်ငံနှစ်ခု၏ အခြေအနေကိုကြည့်လျှင် ကုန်းမြေထိစပ်သောနိုင်ငံဖြစ်သည့်အတွက် ကူးလူးသွားလာရလွယ်ကူမှုရှိနေပါသည် စသည့်အချက်များသည် လူကုန်ကူးမှုဖြစ်အောင် တွန်းပို့နေသည့်အချက်များနှင့် ဆွဲခေါ်နေသောအချက်များထဲမှ အချို့ဖြစ်ပါသည်။)

ကျေးလက်ဒေသနေလူများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်း၊ လူဦးရေများပြားလာခြင်း၊ ရပ်တည် ရန် ခက်ခဲသည့်အခြေအနေဖြစ်လာခြင်း၊ မိမိဘဝကို လက်ရှိအခြေအနေထက်ပိုပြီး မြင့်မားလိုခြင်းနှင့် ဘဝသစ် ထူထောင်လိုသူ များပြားလာခြင်းကြောင့် ထိုဖွံ့ဖြိုးတိုးတက်သော ပြည်တွင်းရှိမြို့ကြီးများနှင့် အခြားသောနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် မျှော်လင့်ချက်များ များသထက်များလာကြပါသည်။ သို့သော် ၎င်းတို့သည် ထိုသို့ဖွံ့ဖြိုးတိုးတက် သောမြို့ကြီးများနှင့် အခြားသောနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် တရားဝင်လုံခြုံစွာ သွားရောက်လုပ် ကိုင်ရမည်ဆိုသည်ကို မသိကြသည့်အတွက် လူကုန်ကူးမှုများဖြစ်ပွားလာခြင်းဖြစ်ပါသည်။ ထိုအခြေအနေများသည် နွမ်းပါးသူများ၊ မသိနားမလည်သူများ၊ နွမ်းပါးမှုကိုကျော်လွှားလိုသူများ၊ လက်ရှိဘဝထက် မြင့်မားလိုသူများအပေါ် တွင် အမြတ်ထုတ်လိုသူများအတွက် အခွင့်အရေးဖန်တီးပေးနေသလိုဖြစ်သည်။

*(ကောက်နုတ်ချက်။ https://fightslaverynow.org/why-fight-there-are-27-million-reasons/economics-and-human-trafficking/root-causes/)*


အပိုင်း ၂

# လူကုန်ကူးမှုအခြေအနေနှင့် လူကုန်ကူးခံရသူအမျိုးအစားများ

## ၂.၁။ လူကူးသန်းရောင်းဝယ်မှုအခြေအနေ

ကမ္ဘာနှင့်အဝှမ်း (၂၁-၃၆)သန်းသောလူများသည် ခေတ်သစ်ကျေးကျွန်ဘဝသို့ ရောက်ရှိနေပါသည်။ ၇၈%သော လူကုန်ကူး ခံရသူများသည်အလုပ်ကြမ်းလုပ်ရသောခေတ်သစ်ကျွန်များဖြစ်သည်။ ၂၂% သော လူကုန်ကူးခံရသူများသည် လိင်လုပ်သားများအဖြစ်လုပ်ကိုင်ကြရသည်။ ၅၅%သောလူကုန်ကူးခံရသူများသည်မိန်းကလေးနှင့် အမျိုးသမီးများဖြစ်ပြီး ၄၅%သော လူကုန်ကူးခံရသူများသည် ယောကျ်ားလေးများနှင့်အမျိုးသားများဖြစ်သည်။ ၂၆% သော လူကုန်ကူး ခံရသူများသည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်။

*(ကောက်နှုတ်ချက်။ Trafficking and Slavery Fact Sheet, Free the Slaves, 17 November 2015)*



**၂၁-၃၆ သန်း** ကမ္ဘာနှင့်အဝှမ်း ခေတ်သစ် ကျေးကျွန် ဘဝသို့ ရောက်ရှိနေရသူအရေအတွက်



**၇၈%** လူကုန်ကူးခံရသူများအနက်မှ ခေတ်သစ်ကျွန်များအဖြစ် အလုပ်ကြမ်း လုပ်ရသူ ရာခိုင်နှုန်း



**၂၂%** လူကုန်ကူးခံရသူများအနက်မှ လိင်လုပ်သားများအဖြစ် လုပ်ကိုင်ကြရသူ ရာခိုင်နှုန်း



**၅၅%** လူကုန်ကူးခံရသူများအနက်မှ မိန်းကလေးနှင့် အမျိုးသမီးများ၏ ရာခိုင်နှုန်း



**၄၅%** လူကုန်ကူးခံရသူများအနက်မှ ယောကျ်ားလေးများနှင့် အမျိုးသားများ၏ ရာခိုင်နှုန်း



**၂၆%** လူကုန်ကူးခံရသူများအနက်မှ အသက် ၁၈ နှစ်အောက် ကလေးများ၏ ရာခိုင်နှုန်း

**ကလေးသူငယ်ကူးသန်းရောင်းဝယ်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်**

ကလေးသူငယ်ကူးသန်းရောင်းဝယ်ရေးဆိုသည်မှာ ကလေးတစ်ဦးသည် ပြည်တွင်းတွင်သော်လည်းကောင်း၊ ပြည်ပတွင်သော်လည်းကောင်း ကလေးကိုအင်အားသုံး၍သော်လည်းကောင်း၊ အင်အားမသုံး၍သော်လည်း ကောင်း ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်ခြင်းကိုဆိုလိုသည်။

*(ကောက်နှုတ်ချက်။ http://www.unicef.org/southafrica/SAF_pressrelease_notetrafficking.pdf)*

(ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်စာချုပ် (UNCRC) အရ ကလေး သူငယ် ဆိုသည်မှာ (၁၈)နှစ်အောက် လူသားတိုင်းကို ဆိုလိုပါသည်။ သို့ရာတွင် ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေတွင် အသက် ၁၆ နှစ်အောက်ကို ကလေးသူငယ်နှင့် ၁၆ နှစ်နှင့် ၁၈ နှစ်ကြားကို လူငယ်အဖြစ် သတ်မှတ်ထားပါသည်။)

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအစီရင်ခံစာ (၂၀၁၆) အရ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လူကုန် ကူးမှုများတွင် လူကုန်ကူးခံရမှုပုံစံ (၇)မျိုးတွေ့ရှိရပြီး အဓမ္မထိမ်းမြားလက်ထပ်ခြင်း (၆၉.၇%)၊ ပြည့်တန်ဆာပြုခြင်း (၁၃.၆%)၊ လုပ်အားခေါင်းပုံဖြတ်မှု/ အဓမ္မစေခိုင်းမှု (၁၀%)၊ ကလေးသူငယ်လူကုန်ကူးခြင်း (၄.၈%)၊ အဓမ္မ တောင်းရမ်းစေခိုင်းခြင်း (၁.၄%)၊ အဓမ္မမွေးစားခြင်း (၀.၃%)၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်း (၀.၂%) ရှိကြောင်း တွေ့ရှိရပါသည်။

လူကုန်ကူးသူတရားခံများ၏ ၆၅% သည် အမျိုးသမီးများမှ ကျူးလွန်ခဲ့ကြပြီးလူကုန်ကူးခံရသူတွင် အမျိုးသမီး ပါဝင်မှု သည် ၈၅% ရှိပြီးငယ်ရွယ်သောအမျိုးသမီးငယ်များအများစုပါဝင်ကြောင်းနှင့် ကလေးသူငယ် လူကုန်ကူးခံရမှု ၄.၃၈% အထိ ဖြစ်ပွားခဲ့သည်။

နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများအားလေ့လာရာတွင် ၈၀% သည် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၀% သည် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၆% သည် မလေးရှားနိုင်ငံသို့လည်းကောင်း ပို့ဆောင်ခံရပြီး ပြည်တွင်းလူကုန်ကူးမှု ၄% ခန့် ရှိကြောင်းသိရှိရသည်။

တရုတ်နိုင်ငံသို့ လူကုန်ကူးမှုသည် အဓမ္မထိမ်းမြားလက်ထပ်ရန် အမျိုးသမီးငယ်များအား ရောင်းဝယ်ခြင်းဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင်မူ တိုက်ရိုက်လူကုန်ကူးခြင်းထက် တရားမဝင်အလုပ်လုပ်ကိုင်ရာမှတစ်ဆင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ် မှုအတွက် နည်းမျိုးစုံ လူကုန်ကူးခံရမှု ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ မလေးရှားနိုင်ငံသို့လည်း တိုက်ရိုက်လူကုန် ကူးခြင်းထက် ထိုင်းနိုင်ငံမှတစ်ဆင့် သွေးဆောင်ဖြားယောင်းပြီး ပြည့်တန်ဆာပြုခြင်းနှင့် ကလေးငယ်များအား အဓမ္မတောင်းရမ်းစေခိုင်းမှု ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားပါသည်။

## ၂.၂။ လူကုန်ကူးရောင်းဝယ်မှုရည်ရွယ်ချက်နှင့်ပုံစံများ

**ပြည်တွင်းတွင် ကူးသန်းရောင်းဝယ်ခြင်း**

- နယ်မှကလေးများ၊ မိန်းကလေးငယ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများအား မြို့ကြီးများတွင် အလုပ်လုပ်ရန် ဟူသောရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်း၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ကားဂိတ်များတွင် အလုပ်စေခိုင်းခြင်း၊ မိုင်းများတွင်စေခိုင်းခြင်း၊ ငါးဖမ်းလုပ်ငန်းများတွင်စေခိုင်းခြင်း၊ နယ်စပ်မြို့သို့ပို့ဆောင်ခြင်း။
- စစ်တပ်များသို့ ဝင်ရောက်ရန်အတွက် လိမ်လည်ခေါ်ဆောင်၍စေခိုင်းခြင်း။

**အခြားနိုင်ငံများသို့ ကူးသန်းရောင်းဝယ်ခြင်း**

- လိင်လုပ်ငန်းများတွင်စေခိုင်းရန် (ဥပမာ - ထိုင်း၊ တရုတ်၊ ပါကစ္စတန် အစရှိသည့်နိုင်ငံများ)
- တောင်းရမ်းစားသောက်သူအဖြစ်စေခိုင်းရန် (ဥပမာ - ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား)
- သတို့သမီးငယ်များအဖြစ်လက်ထပ်ယူရန် (ဥပမာ - တရုတ်)
- အခြားလုပ်ငန်းများဖြစ်သောအိမ်ဖော်၊ စက်ရုံ၊ မိုင်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးခြံ၊ စားပွဲထိုးနှင့် အခြား လုပ်ခစျေးပေါသော လုပ်ငန်းများတွင် စေခိုင်းခြင်း (ဥပမာ - ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်)

## ၂.၃။ လူကူးသန်းရောင်းဝယ်ခြင်းတွင်အသုံးပြုသောနည်းလမ်းများ

လူကုန်ကူးမှုခံရသူတို့သည် နည်းလမ်းမျိုးစုံဖြင့် လူကုန်ကူးမှုကျူးလွန်သူတို့၏ ထောင်ချောက်အတွင်း သက်ဆင်း ကျရောက်လျက်ရှိသည်။ အချို့သောကိစ္စရပ်များတွင် ကိုယ်ထိလက်ရောက် အင်အားသုံးစေခြင်း ပါဝင်သကဲ့သို့ နိုင်ငံခြားတိုင်းပြည်များတွင် အလုပ်အကိုင်များစီစဉ်ပေးမည် သို့မဟုတ် လက်ထပ်ရန်စီစဉ်ပေးမည် စသည်ဖြင့် လိမ်လည်လှည့်ဖြား ကတိပေးလျက် ထောင်ချောက်ဆင်သိမ်းသွင်းခံခြင်းမျိုးလည်းရှိသည်။

လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများ၏နည်းလမ်းများဖြစ်သော အပိုင်း (၁) တွင်ဖော်ပြထားသကဲ့သို့ လူကုန် ကူးမှု ဥပဒေတွင်ပါဝင်သည့် သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် လွှဲပြောင်းပေးခြင်းထောင်ချောက် များအတွင်း အောက်ပါအတိုင်းကြုံတွေ့ကြရသည်။

**သိမ်းသွင်းစုဆောင်းခြင်းတွင် . . .**

- ငွေနှင့်လှည့်ဖြား၍ ဝယ်ယူခံရခြင်း
- လစာကောင်းသောအလုပ်ကောင်းရမည်ဟုအလိမ်ခံရခြင်း
- တန်ဖိုးရှိသောပစ္စည်း၊ ကား၊ ရွှေ၊ လက်ကိုင်ဖုန်းအစရှိသည်များကိုပေး၍ မြူဆွယ်ခံရခြင်း
- သိမ်မွေ့သောစကားနှင့် ဖြားယောင်းသွေးဆောင်၍ခေါ်ယူခံရခြင်း
- အကြွေးနှင့် ချည်နှောင်ခံရခြင်း
- အကြမ်းဖက်၊ ပြန်ပေးဆွဲခေါ်ဆောင်ခံရခြင်း

**သယ်ယူပို့ဆောင်ခြင်း (လမ်းခရီးတွင်) . . .**

- ပင်ပန်းဆင်းရဲစွာနေထိုင်စားသောက်ရပြီးပုန်းရှောင်၍သွားလာရခြင်း
- အသက်အန္တရာယ်ကြုံတွေ့နိုင်ခြင်း
- ခြိမ်းခြောက်၍လည်းကောင်း၊ အတင်းအဓမ္မခိုင်းစေ၍လည်းကောင်း၊ ပြောသည့်အတိုင်းမလုပ်လျှင် ရဲဖမ်းခံရမည်ဟူ၍လည်းကောင်း ခြိမ်းခြောက်ခံရခြင်း
- အဓမ္မပြုခံရခြင်း၊ လိင်မှုဆိုင်ရာအလွဲသုံးစားပြုခံရခြင်း
- လက်ပြောင်းလက်လွှဲလုပ်ခံရခြင်း၊ တစ်ဆင့်ရောင်းစားခံရခြင်း

**လွှဲပြောင်းပေးခြင်း (ခရီးလမ်းအဆုံးတစ်နေရာတွင်) . . .**

- ပြောထားသည့်လစာအတိုင်းမဟုတ်ပဲ လစာနည်းပါးစွာရရှိခြင်း (သို့) လုံးဝမရရှိခြင်း
- အလုပ်ခွင်တွင် အသုံးအဆောင်ပစ္စည်းနှင့် စားစရိတ်အတွက် ကျသင့်သောတန်ဖိုးထက် အဆမတန်ပေးပြီး အကြွေးဆပ်ရခြင်း
- ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရခြင်း၊ နှိပ်စက်ခံရခြင်း
- လိင်မှုဆိုင်ရာ အလွဲသုံးစားပြုခံရခြင်း
- ပိတ်လှောင်ခံရခြင်း
- ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်ထုတ်ရောင်းစားခံရနိုင်ခြင်း
- ဂုဏ်သိက္ခာဆုံးရှုံးရခြင်း (HIV ရောဂါပိုးကူးစက်ခံရနိုင်ခြင်း)

## ၂.၄။ လူကုန်ကူးခံရသူများနှင့်၎င်းတို့၏အခြေအနေများ

မည်သည့်လူမျိုး၊ ဘာသာ၊ ကျား/မ၊ ကလေးလူကြီး၊ သက်ကြီးရွယ်အို၊ လိင်တူလိင်ကွဲ အစရှိသည့် မည်သူမဆိုဖြစ်နိုင်သည့်အပြင် နိုင်ငံသားနှင့်နိုင်ငံသားမဟုတ်သော မည်သူမဆို လူကုန်ကူးခံရနိုင်ပါသည်။ အောက်တွင် ဖော်ပြထားသော ဥပမာများအားဖြင့် လူကုန်ကူးခံရသူများ၏ ကြုံတွေ့နိုင်မည့်အခြေအနေများကိုပါ ထင်ဟပ်စေပါသည်။

**ကလေးသူငယ်များ**

- အတင်းအဓမ္မ ဖမ်းဆီးပြီး ကိုယ်ခန္ဓာများကို ဖြတ်တောက်ရောင်းချခြင်း၊ ဒုက္ခိတဖြစ်အောင်ပြုလုပ်ပြီး တောင်းရမ်းစားသောက်စေခြင်း၊ လက်ဖက်ရည်ဆိုင် သို့မဟုတ် စျေးဆိုင်များတွင် ကလေးလုပ်သားများ အဖြစ်ခေါ်ယူကာ အခကြေးငွေ အနည်းငယ်ဖြင့် ခိုင်းစေခြင်း
- မွေးစားမည်ဟုလိမ်လည်ပြီး နိုင်ငံရပ်ခြားသို့ခေါ်ဆောင်သွားခြင်း
- ကလေးစစ်သားများအဖြစ် အတင်းအဓမ္မစုဆောင်းခြင်း သို့မဟုတ် ဝင်ရောက်ရန်အတွက် လိမ်လည်ခေါ်ဆောင်၍ စေခိုင်းခြင်း
- ကလေးလိင်လုပ်သားများအဖြစ်ခိုင်းစေခြင်း
- အွန်လိုင်းမှတဆင့် ကလေးသူငယ်များ၏ပုံများကိုအသုံးပြုပြီး လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုလုပ်ခြင်း အစရှိသည်များ . . . .

**အမျိုးသမီးများ**

- အလုပ်အကိုင်ရှားပါးပြီး မိသားစုစားဝတ်နေရေး ကျပ်တည်းသော အရပ်ဒေသများမှ မိန်းကလေးများနှင့် အမျိုးသမီးများအား လုပ်ခလစာကောင်းမွန်သော နေရာရှိရာသို့ ပို့ဆောင်ပေးမည်ဟုပြောပြီး ခေါ်ဆောင်ကာ လိင်

လုပ်ငန်းခွင်များတွင် အသုံးပြုရောင်းချခြင်း၊ ကြွေးမြီများဖြင့် ချုပ်နှောင်ကာ ခိုင်းစေခြင်း၊ လုပ်ခလစာမရရှိပဲ အလုပ်ရှင်များ၏ မတရားဖိနှိပ်ခိုင်းစေမှုကိုခံရခြင်း

- ပဋိပက္ခဒေသတွင်းရှိအမျိုးသမီးများမှ နေရပ်စွန့်ခွာရှောင်တိမ်းရင်း နယ်စပ်ဒေသများတွင် အလုပ်အကိုင် ရှာဖွေရင်း လိင်လုပ်ငန်းသို့ ရောက်ရှိသွားခြင်း
- သတို့သမီးရှားပါးသောနိုင်ငံတချို့တွင် သတို့သမီးများအဖြစ် ဝယ်ယူခံရခြင်း သို့မဟုတ် ရောင်းစားခံရခြင်း
- မြို့ပြနေရာတချို့တွင် နိုင်ငံတကာမှလာရောက်နေထိုင်သောသူများ၏ အိမ်ဖော်အဖြစ်မှ လိင်ဆက်ဆံဖော်အထိ ဖိအားပေးခိုင်းစေခြင်း အစရှိသည်များ.......

**အမျိုးသားများ**

- ဝင်ငွေနည်းပါးသောအရပ်ဒေသမှ လူများအား လုပ်ခလစာပိုမိုကောင်းမွန်သောနေရာသို့ ချိတ်ဆက်ပို့ဆောင်ပေးမည်ဟု အယုံသွင်းကာ ပြည်တွင်းသာမက ပြည်ပရှိ ငါးဖမ်းလုပ်ငန်း၊ ရာဘာခြံကဲ့သို့သောလုပ်ငန်းများတွင် တရားမဝင်လုပ်သားများအဖြစ်ခိုင်းစေခြင်း
- အန္တရာယ်ရှိသော မိုင်းလုပ်ငန်း ကဲ့သို့သော လုပ်ငန်းခွင်များတွင် လုပ်ခလစာအနည်းငယ်ဖြင့် ခိုင်းစေခြင်း
- တခါတရံတွင် လိင်လုပ်ငန်းများတွင်လည်း လိင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ရခြင်း၊ အစရှိသည်များ

## လူကုန်ကူးမှုဆိုင်ရာဖြစ်ရပ်မှန်ဇာတ်လမ်းများ (အမည်များကိုလွှဲထားပါသည်)

### ❍ ဗီယက်နမ်| တရုတ်

*ပင်း* အသက် ၁၂ နှစ်မှာ သူမရဲ့အိမ်နီးချင်းဟာ ဗီယက်နမ်နိုင်ငံရဲ့အခြားမြို့တစ်ခုမှာ အလုပ်လုပ်ဖို့အတွက် သူမနဲ့ သူမရဲ့ သူငယ်ချင်းတစ်ဦးကို ကမ်းလှမ်းခဲ့ပါတယ်။ *ပင်း* နဲ့ သူမသူငယ်ချင်းဟာလည်း ကမ်းလှမ်းမှုကို လက်ခံခဲ့ပါတယ်။ လူသစ်စုဆောင်းသူဟာ သူတို့ကို ဒေသတွင်း ကားဂိတ်တစ်ခုဆီကို ခေါ်သွားခဲ့ပြီး အစောင့်တစ်ယောက်နဲ့ ဘတ်စ်ကားပေါ်ကို တင်ပေးလိုက်ပါတယ်။ ကားပေါ်ကနေ ဆင်းလိုက်တဲ့အခါမှာတော့ တရုတ်ပြည်ကို ရောက်ရှိနေတာလို့ အစောင့်ကပြောပြီး အခြားသောမိန်းကလေး အယောက် ၂၀ နဲ့အတူ ပြည့်တန်ဆာအဖြစ် အရောင်းစားခံလိုက်ရပါတယ်။ သူမ ပြောတဲ့အတိုင်း လိုက်လုပ်ဖို့ မိန်းကလေးတစ်ယောက်က ငြင်းဆန်တဲ့အခါမှာ သူမကို ပိုင်ရှင်က ဆိုးဆိုးဝါးဝါး ရိုက်နှက်ခဲ့ပါတယ်။ အာဏာပိုင်တွေက အဆောက်အဦကို စီးနင်းဖွေရှာကာ မိန်းကလေးတွေကို ကယ်တင်ပြီး သူတို့ဗီယက်နမ်ကို ပြန်မရောက်ခင်အထိ တစ်နှစ်နီးပါး *ပင်း*ဟာ ပြည့်တန်ဆာအိမ်မှာ နာကျင်စွာခံစားခဲ့ရပါတယ်။ ခေါင်းပုံဖြတ်ခံရမှုရဲ့ရလာဒ်တစ်ခုအဖြစ် ပင်းဟာ ခေါင်းကိုက်ဝေဒနာနဲ့ မျက်စိအမြင်အာရုံခဏတာ ကွယ်ပျောက်ခြင်း အပါအဝင် အမြင်အာရုံချို့ယွင်းမှုကို ခံစားခဲ့ရသော်လည်း ဆံပင်အလှပြုပြင်ရေး သင်တန်းမှာ သင်တန်းပေးရင်းနဲ့ အလုပ်လုပ်ကိုင်နေပါတယ်။

### ❍ ဟန်ဂေရီ | အမေရိကန်ပြည်ထောင်စု

*မိုက်ကယ်*ဟာ အင်တာနက်ပေါ်မှာ အလုပ်အကိုင်တွေကို ရှာဖွေရင်းနဲ့ အမေရိကန်ပြည်ထောင်စုမှာ အမျိုးသားကိုယ်ရံတော်အဖြစ်နဲ့ အလုပ်လုပ်ရင်း ဝင်ငွေအများကြီးရနိုင်တယ်လို့ ကမ်းလှမ်းလာတဲ့ *လောရင့်*နဲ့တွေ့ဆုံခဲ့ပါတယ်။ *မိုက်ကယ်*နဲ့အတူ အခြားသော အမျိုးသားတော်တော်များများလည်း အဲဒီကမ်းလှမ်းမှုကိုလက်ခံပြီး ဟန်ဂေရီကနေ သူတို့ ထွက်လာပြီး ပိုက်ဆံမရဘဲ တစ်နေ့ကို ၁၈ နာရီကနေ နာရီ ၂၀ အထိ ပြည့်တန်ဆာအလုပ်ကို အတင်းအကျပ်စေခိုင်းတဲ့ *လောရင့်* နေတဲ့ ဖလော်ရီဒါကို ခရီးထွက်ခဲ့ပါတယ်။ အိပ်ခန်းတစ်ခုသာပါတဲ့ တိုက်ခန်းတစ်ခုထဲမှာ အမျိုးသား (၈) ဦး အတူနေဖို့အတွက် *လောရင့်* က အတင်းအကြပ်စေခိုင်းခဲ့ပြီး သူတို့ရဲ့စာရွက်စာတမ်းတွေကိုသိမ်း

ယူထားကာ သူတို့ ပြန်ချင်တယ်လို့ ပြောလာခဲ့ရင် သတ်ပစ်မယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။ အမျိုးသားတွေနေတဲ့ တိုက်ခန်းမှာ ပုံမှန် မဟုတ်တဲ့ အနေအထားတွေနဲ့ နေနေတယ်လို့ အိမ်နီးချင်းတွေက ရဲတပ်ဖွဲ့ကို တိုင်လိုက်ပြီးနောက်မှာ လူကုန်ကူးတဲ့ စီမံချက်တွေကို ရဲတွေက ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ *လောရင့်* ကို လူလိမ်အဖြစ် လူကုန်ကူးမှုနဲ့ စီရင်ချက်ချပြီး ထောင် ၁၁ နှစ် ကျသွားခဲ့ပါတယ်။

### ❍ ပြင်သစ်

*အဒဲလ်လိတ်* နဲ့ *ပေါလ်* ရဲ့ ခက်ခဲတဲ့ကြမ်းတမ်းခဲ့အချိန်တွေကို ကြုံတွေ့ခဲ့နေချိန်မှာ *ပေါလ်* ဟာ သူရဲ့ဇနီးကို သူတို့ရဲ့ ဝင်ငွေအတွက် တစ်နှစ်သို့မဟုတ် နှစ်နှစ်လောက် ပြည့်တန်ဆာလုပ်စားဖို့စဉ်းစားပြီး အကြံပေးခဲ့ပါတယ်။ *အဒဲလ်လိတ်*က သဘောတူခဲ့ပါတယ်။ ဒါပေမယ့် သူမ မလုပ်ချင်တော့တဲ့အချိန်မှာ *ပေါလ်* ဟာ သူမကို ဆက်ပြီး ပြည့်တန်ဆာအဖြစ်အလုပ်လုပ်ဖို့ အတင်းအကြပ်စေခိုင်းခဲ့ပါတယ်။ သူမရဲ့သော့တွေနဲ့ လက်ကိုင်ဖုန်းကို သိမ်းယူပြီး သူတို့ရဲ့ သားကို စောင့်ရှောက်ဖို့ သို့မဟုတ် အိမ်ပြင်ကိုတောင်မထွက်ခိုင်းတော့ပါဘူး။ သူမကို လိင်အဖော်အချွတ် ဝက်ဘ်ဆိုက် (၄) ခုမှာ စာရင်းတင်ထားပြီး သူမ ဝတ်ခြင်း၊စားခြင်းကိုလည်း ချုပ်ကိုင်ထားကာ သူမရရှိတဲ့ ဝင်ငွေအားလုံးကိုလည်း သိမ်းဆည်းခဲ့ပါတယ်။ *ပေါလ်* ဟာ စိတ်ပိုင်းဆိုင်ရာ အကျပ်ကိုင်မှုတွေနဲ့ ခြိမ်းခြောက်မှုတွေကိုသုံးပြီး ပြည့်တန်ဆာအဖြစ် ဆက်လက်လုပ်ကိုင်စေခဲ့ပါတယ်။ သူမထွက်သွားဖို့ ခြိမ်းခြောက်ခဲ့ချိန်မှာ သူမကို ရှာတွေ့စေရမယ်လို့ ကျိန်ဆိုခဲ့ပါတယ်။ ပေါလ်ဟာ နောက်ဆုံးမှာ အဖမ်းခံခဲ့ပြီး စီရင်ချက် ချနိုင်ခဲ့မယ်ဆိုရင် ထောင်ထဲမှာ ၁၀ နှစ်အထိ နေသွားရမှာဖြစ်တာကြောင့် အမှုစစ်ရင်းစောင့်ဆိုင်းနေရပါတယ်။

### ❍ နိုင်ဂျီးရီးယား | အင်္ဂလန်

ဗြိတိသျှ-နိုင်ဂျီးရီးယားနိုင်ငံသားစုံတွဲဟာ ၁၄ နှစ် အရွယ် *ပေါလ်* ကို နိုင်ဂျီးရီးယားကနေ အင်္ဂလန်ပြည်ကိုခေါ်လာပြီး ကျောင်းတက်ဖို့နဲ့ အိမ်အလုပ်တွေလုပ်ပေးရင် အခကြေးငွေပေးမယ်ပြောလို့ လက်ခံခဲ့ပါတယ်။ ဗြိတိန်ကိုရောက်တဲ့ အချိန်မှာတော့ အဲဒီမိသားစုဟာ သူ့နာမည်ကိုပြောင်းပြီး သူတို့မိသားစုနိုင်ငံကူးလက်မှတ်ထဲမှာ မွေးစားသားအဖြစ် ထည့်သွင်းခဲ့ပါတယ်။ သူတို့ရဲ့အိမ်ကို တစ်ရက် ၁၇ နာရီနီးပါး သန့်ရှင်းရေးလုပ်ခိုင်းပြီး အခကြေးငွေလည်း မပေးတဲ့ အပြင် ကျောင်းလည်းပေးမတက်ခဲ့ပါဘူး။ သူ့ရဲ့နိုင်ငံကူးလက်မှတ်ကိုလည်း သိမ်းထားပြီး သူ့ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်ဖို့ ကင်မရာကိုတပ်ဆင်ပြီးတော့ အပြင်လောကနဲ့ဆက်သွယ်မှုကို ကန့်သတ်ထားခဲ့ပါတယ်။ *ပေါလ်* ဟာ လွတ်မြောက်ဖို့အတွက် အကြိမ်ပေါင်းများစွာကြိုးစားခဲ့ပြီး မိသားစုပြဿနာကို ကိုင်တွယ်ဖြေရှင်းတဲ့ ရဲတွေနဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ ရှစ်နှစ်ကြာပြီးတဲ့နောက်မှာ ရေဒီယိုကနေတဆင့် ခေတ်သစ်ကျွန်ပြုမှုအကြောင်း အစီရင်ခံတာကို ကြားခဲ့ရပြီး သူက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတခုကို ရဲဝံ့စွာနဲ့ ချိတ်ဆက်နိုင်ခဲ့ပါတယ်။ အဲဒီအစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းကလည်း သူ့ကိုကယ်တင်ပြီး လအနည်းငယ်အကြာမှာတော့ *ပေါလ်* ကို ၂၄ နှစ်ကြာ ခေါင်းပုံ ဖြတ်ခဲ့တဲ့ စုံတွဲကို ဖမ်းဆီးခဲ့ပါတယ်။ ကျွန်အဖြစ်စေခိုင်းမှုကြောင့် ထောင်ဒဏ် ၆ နှစ်နှင့် အခြားသော ပြစ်မှုတွေအတွက် ထောင်ဒဏ် ၄ နှစ် စုစုပေါင်း တစ်ယောက်ကို ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပါတယ်။

### ❍ ဂွါတီမာလာ | ဘယ်လ်လစ်

*ဂျန်နိုင်း*အသက် ၁၃နှစ်အရွယ်တုန်းက သူမကို ဘယ်လ်လစ်မှာနေပြီးလစာကောင်းတဲ့ကလေးထိန်းတစ်ယောက်အဖြစ် အလုပ်လုပ်ဖို့ ဂွါတီမာလာက အမျိုးသမီးတစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ *ဂျန်နိုင်း*လက်ခံခဲ့ပြီး အလိုတူစွာနဲ့ ဂွါတီမာလာကနေ ဘယ်လ်လစ်ကို မှောင်ခိုသွားရောက်ခဲ့ပါတယ်။ ကလေးထိန်းအလုပ်အစား ဂျန်နိုင်းကို ရွာငယ်လေးတစ်ခုရဲ့ ဆိုင်တစ်ခုမှာ အလုပ်လုပ်စေပြီး လိင်ကုန်ကူးမှုကိုလည်း ခိုင်းစေခဲ့ပါတယ်။ *ဂျန်နိုင်း*ဟာ နိုင်ငံထဲကို တရားမဝင် ခိုးဝင်ခဲ့တဲ့အတွက် အမြဲတမ်းခြိမ်းခြောက်ခံရပြီး သူမရဲ့လစာကိုလည်း မရရှိခဲ့ပါဘူး။ သူမကို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်တဲ့

ကြံ့ရာပါ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတစ်ဦးကိုလည်းပဲ ကြောက်ရွံ့နေရပါတယ်။ တစ်နှစ်ကျော်အကြာမှာတော့ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဒေသခံရွာသားတွေနဲ့ အခြားအုပ်ချုပ်ရေးအရာရှိတွေရဲ့ကူညီထောက်ပံ့မှုကိုရရှိခဲ့ပါတယ်။

## ❍ ဂါနာ

*အိုစီ* အသက် ၆ နှစ်အရွယ်မှာ သူ့မိဘတွေက *အိုစီ* ကို ငါးဖမ်းခြင်းဆိုင်ရာ အလုပ်သင်အဖြစ်၊ ပညာသင်ပေးပြီး အလုပ်ပါ ပေးမယ်လို့ ကတိပေးတဲ့ ငါးဖမ်းလှေခေါင်းဆောင်တစ်ဦးဆီကို ပေးလိုက်ပါတယ်။ ဒါက လိမ်ညာမှု တစ်ခုသာ ဖြစ်ပါတယ်။ *အိုစီ* နဲ့ အခြား ကလေးတွေက ငါးဖမ်းလှေပေါ် မှာ တစ်ရက်ကို နာရီပေါင်းများစွာ ခက်ခဲကြမ်းတမ်းတဲ့ အခြေအနေတွေထဲမှာ အလုပ်လုပ်ခဲ့ရပါတယ်။ အဲဒီခေါင်းဆောင်ဟာ အိုင်အနားမှာ အခြားကလေးတွေကို အိမ်တွင်း ကျွန်ပြုပြီး အတင်းအဓမ္မ ခိုင်းစေခဲ့ပါတယ်။ ဘယ်ကလေးမှ ကျောင်းတက်ခွင့်မရခဲ့ကြပါဘူး။ သူတို့က အလုပ်သင်တွေ မဟုတ်ပဲ အတင်းအဓမ္မ ခိုင်းစေခံရတဲ့သူတွေဖြစ်ပါတယ်။ အစိုးရအရာရှိတွေနဲ့ အစိုးရ မဟုတ်တဲ့အဖွဲ့အစည်းတစ်ခုက ကလေးတွေကို ကယ်တင်ခဲ့ပြီး အခုအချိန်မှာ ပညာရေး၊ နားခိုစရာ၊ နှစ်သိမ့် ပညာပေးခြင်းနဲ့ အခြားသော လူကုန်ကူးမှု ဝန်ဆောင်မှုတွေရရှိတဲ့ စောင့်ရှောက်ရေးဂေဟာတစ်ခုမှာ လက်ရှိနေထိုင်နေပြီး သူတို့အနာဂတ်တွေကိုပြင်ဆင်ဖို့ အတွက် ခြေလှမ်းတွေကို စတင်နေပါတယ်။

## ❍ ဆီးရီးယား | လက်ဘနွန်

လူသစ်စုဆောင်းသူတွေဟာ ဆီးရီးယားက *အန်ဂျလာ*ရဲ့မြို့ကို ရောက်လာပြီး လက်ဘနွန်မှာရှိတဲ့ စားသောက်ဆိုင် သို့မဟုတ် ဟော်တယ်တွေမှာ အလုပ်လုပ်ဖို့ကမ်းလှမ်းခဲ့လို့ စစ်ပွဲကြောင့်ပြိုပျက်နေတဲ့သူမရဲ့တိုင်းပြည်ကိုစွန့်ခွာဖို့ အခွင့်အရေးကို *အန်ဂျလာ*လက်ခံလိုက်ပါတယ်။ လက်ဘနွန်ကိုရောက်တော့ အခြားသော အမျိုးသမီးနဲ့ မိန်းကလေး အယောက် ၇၀ ကျော်နဲ့အတူ လိင်ကုန်ကူးမှုကိုခံရပြီး အမျိုးသမီးအများစုဟာ ဆီးရီးယန်းအမျိုးသမီးတွေ ဖြစ်ပါတယ်။ လူကုန်ကူးသူတွေဟာ မိန်းကလေးတွေကို ဟော်တယ်တွေမှာ ပိတ်လှောင်ထားပြီး ပြတင်းပေါက်တွေကိုလည်း သံတိုင်နဲ့ ကာထားပါတယ်။ လိင်ကုန်ကူးဖို့အတွက် အမျိုးသမီးတွေကို နှစ်လကျော်ခိုင်းစေခဲ့ပြီး တစ်ရက်ကို ဖောက်သည် ၂၀ နဲ့ နေ့တိုင်းတွေ့စေခဲ့ပါတယ်။ လူကုန်ကူးသူတွေကလည်း မိန်းကလေးတွေကို မုဒိန်းကျင့်ပြီး ရိုက်နှက်ကန်ကျောက်ပြီး ဝန်ခံလုပ်ဆောင်ခိုင်းပါတယ်။ တစ်ရက်မှာတော့ *အန်ဂျလာ*နဲ့ အခြားသုံးဦးက လုံခြုံရေးတွေရဲ့ အလစ်ကို အခွင့်ကောင်းယူပြီး ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။ ဘတ်စ်ကားတစ်စီးကိုသူတို့တွေ့ပြီး ကားဆရာကို သူတို့အကြောင်းတွေ ပြောပြခဲ့ပါတယ်။ သူက ဒီအကြောင်းကို အဆောက်အဦတွေ စီးနင်းတိုက်ခိုက်တဲ့ ရဲတွေဆီ အစီရင်ခံပြီး အခြားသော လူကုန်ကူးခံရသူတွေကို ကူညီကယ်ထုတ်ပြီး သံသယရှိတဲ့ လူကုန်ကူးသူ ၁၈ ဦးကို ဖမ်းဆီးခဲ့ပါတယ်။ လူကုန်ကူးခံရသူ ၃၅ဦး ကို ကူညီထောက်ပံ့ပေးဖို့အတွက် အမျိုးသမီးခိုလှုံရာနေရာတစ်ခုဆီကို လွှဲပြောင်းပေးခဲ့ပြီး အခြားသူတွေကိုတော့ အိမ်ပြန်ပို့ဖို့ ရွေးချယ်ခဲ့ပါတယ်။

## ❍ အမေရိကန်ပြည်ထောင်စု

*နီးနာ*ဟာ သူမအသက်(၁၄)နှစ်အရွယ်မှာ အိမ်ကနေထွက်ပြေးခဲ့ပါတယ်။ အမျိုးသမီးတစ်ဦးနဲ့တွေ့ပြီး သူမကို ဟော်တယ် အခန်းတစ်ခုထဲမှာထားကာ သူမရဲ့ဖောက်သည်တွေကို ခေါ် လာခဲ့ပါတယ်။ နောက်ထပ် (၁၃)နှစ်အတွင်း နီးနာဟာ မတူညီတဲ့ ပြည့်တန်ဆာခေါင်း အယောက် (၂၀) ရဲ့ အင်တာနက်ပေါ် မှာ လိင်မှုကိစ္စအတွက် ကြော်ငြာရောင်းချခဲ့ပြီး နှုတ်ရော ကိုယ်ခန္ဓာကိုယ်ပါ မတော်မတရား ပြုကျင့်ခံခဲ့ပါတယ်။ နောက်ဆုံး သူမကို လူကုန်ကူးခံရတဲ့သူတွေကို ဝန်ဆောင်မှုတွေ ပေးတဲ့နေရာကို လွှဲပြောင်းခံရချိန်မှာ ပြစ်မှု (၅၂) ခုအတွက် စီရင်ချက်ချခံရပြီး အများအားဖြင့် သူမရဲ့ ပြစ်မှုတွေဟာ အများအားဖြင့် ပြည့်တန်ဆာမှုဖြစ်သလို ပထမဆုံး သူမအသက် (၁၆)နှစ်အရွယ်မှာ ဖြစ်တဲ့အတွက် ကလေးသူငယ်တရားရုံးနဲ့ အချုပ်ခန်းတွေမှာ အချိန်ကုန်ခဲ့ရပါတယ်။

## ❍ အိန္ဒိယ

*ဂီနာ*ရဲ့ကျေးလက်တောရွာလေးကို လူသစ်စုဆောင်းတဲ့သူတစ်ဦး ရောက်လာပြီး သူမရဲ့မိသားစုအတွက် ငွေအများကြီး ရနိုင်မယ့် ဒေလီမှာအလုပ်ကောင်းတစ်ခု သူ့မှာရှိတယ်လို့ သူမရဲ့အမေကိုပြောခဲ့ပါတယ်။ သူမရဲ့အမေဟာ လူသစ် စုဆောင်းတဲ့သူနဲ့ ထည့်လိုက်ပြီး ဒေလီကိုရောက်တဲ့အချိန်မှာတော့ *ဂီနာ*ကို အိမ်တွင်းကျေးကျွန်အဖြစ် ရောင်းစားခံလိုက်ရပါတယ်။ သူမဟာ နာရီပေါင်း ၂၀ နီးပါး နှစ်ပေါင်းများစွာ ချက်ပြုတ်၊ သန့်ရှင်းရေးလုပ်၊ ကလေးတွေကြည့်ပြီး အလုပ်ရှင်တွေရဲ့ ခြေကို နိုပ်နယ်ရတဲ့အလုပ်ကို လုပ်ဆောင်ပြီးမှသာလျှင် အိပ်ခွင့်ရပါတယ်။ နှစ်ပေါင်းများစွာကြာပြီးမှ *ဂီနာ*ဟာ ထွက်ပြေးလွတ်မြောက်ပြီး မိသားစုတွေဆီကို ပြန်ရောက်ခဲ့ပါတယ်။

## ❍ ဘင်္ဂလားဒေ့ရှ် | ထိုင်း | မလေးရှား

ငွေရေးကြေးရေးအရ မှီခိုမှုကင်းကင်း ရပ်တည်ချင်နေတဲ့ *မရုပ်ဖ်*နဲ့ အခြားသောလူပေါင်း ၂၀၀ တို့ဟာ ဝင်ငွေကောင်းတဲ့ မလေးရှားကို စက်လှေနဲ့မှောင်ခိုသွားဖို့ ကမ်းလှမ်းမှုကိုလက်ခံလိုက်ပါတယ်။ ပွဲစားက ခရီးစဉ်အတွင်းမှာ အစားအစာနဲ့ ရေအတွက် ကတိပေးခဲ့ပြီး နောင်မှာ သူတို့ရရှိမယ့် လစာထဲကနေ အဲဒီအစားအစာနဲ့ရေဖိုးကို ပြန်ပေးရမယ်လို့ ပြောခဲ့ပါတယ်။ ပွဲစားကလိမ်လည်ခဲ့တာပါ။ အဖွဲ့ကို အစားအစာနဲ့ရေနည်းနည်းသာပေးပြီး ပိုတောင်းတဲ့ သူတွေကို ရိုက်နှက်ပြီး စီးနင်းလိုက်ပါလာတဲ့သူတွေကို ထိုင်းလူကုန်ကူးတဲ့စခန်းတစ်ခုဆီကိုခေါ် သွားခဲ့ပါတယ်။ မှောင်ခိုလုပ်တဲ့ သူတွေဟာ သူ့ရဲ့ဖခင်ဆီကနေ ပြန်ပေးဆွဲတဲ့ငွေကို အတင်းအဓမ္မတောင်းယူခဲ့ပြီး *မရုပ်ဖ်* ဟာ လွတ်မြောက်ခဲ့လို့ မလေးရှားကို ရောက်ရှိခဲ့ပါတယ်။ *မရုပ်ဖ်*ဟာ စာချုပ်စာတမ်းနဲ့ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်ခဲ့ရပြီး နောက်တစ်ခါ ထပ်အလိမ်ခံရပြန်ပါတယ်။ အဲဒီကုမ္ပဏီက အလုပ်သမားတွေရဲ့ နိုင်ငံကူးလက်မှတ်ကို သိမ်းထားပြီး လူသစ်စုဆောင်းကြေးကိုပြန်ပေးဖို့ သူ့လစာထဲကနေ ဖြတ်ထားတာကြောင့် လုပ်ခလစာမရပဲ နေ့တိုင်း အလုပ်လုပ်ခဲ့ရပါတယ်။ *မရုပ်ဖ်* ဟာ နိုင်ငံထဲမှာ တရားမဝင်ဖြစ်နေတာကြောင့် မတရားဖမ်းဆီးခံရတာကို တိုင်ကြားခဲ့ရင် အဖမ်းခံရမှာကိုလည်း ကြောက်နေရလို့ သူဟာဆက်ပြီးတော့ အလုပ်လုပ်ရင်း နောက်ဆုံးမှာ အကြွေးကျေဖို့ပဲ မျှော်လင့်နေပါတော့တယ်။

## ❍ ကနေဒါ

အသက် ၁၃ နှစ် အရွယ် *ဟော်လီ*က *အယ်မလီ*ကိုမသိခဲ့ပေမယ့် ဖေ့စ်ဘွတ်ခ်မှာ နီးစပ်ရာသူငယ်ချင်းတွေကတစ်ဆင့် သူမရဲ့သူငယ်ချင်းအဖြစ်ကမ်းလှမ်းမှုကို လက်ခံလိုက်ပါတယ်။ *ဟော်လီ* နဲ့ *အယ်မလီ* က စကားတွေပြောနေခဲ့ပြီး သိပ်မကြာခင်မှာပဲ အွန်လိုင်းသူငယ်ချင်းတွေဖြစ်လာခဲ့ပါတယ်။ တစ်ရက်မှာတော့ *အယ်မလီ* က *ဟော်လီ* ကိုသူမရဲ့ ရည်းစားက သူတို့နှစ်ယောက်အတွက် ဝင်ငွေအများကြီးရမယ့်အလုပ်တွေကို တွေ့ထားတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီ သီတင်းပတ်အကုန်မှာ *အယ်မလီ* နေတဲ့တိုက်ခန်းကိုလာခဲ့ဖို့ *ဟော်လီ* ကိုပြောခဲ့ပါတယ်။ *ဟော်လီ* ရောက်လာချိန်မှာ *အယ်မလီ*၊ သူမရဲ့ရည်းစားနဲ့ အခြားယောကျ်ားတစ်ယောက်က *ဟော်လီ* ကို ငွေအတွက် အမျိုးသားတွေနဲ့ လိင်ဆက်ဆံဖို့ ပြောခဲ့ပါတယ်။ *ဟော်လီ* ငြင်းဆန်တဲ့အခါမှာ သူမကို နာကျင်အောင်လုပ်မယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။ *ဟော်လီ* ရဲ့ ဓါတ်ပုံတွေကို လိင်အဖော်အချွတ် ဝက်ဘ်ဆိုဒ်တစ်ခုမှာတင်ပြီး ကနေဒါတဝှမ်းကမြို့တွေမှာ ပိုက်ဆံပေးတဲ့ ဖောက်သယ်တွေနဲ့ လိင်ဆက်ဆံခိုင်းခဲ့ပါတယ်။ တစ်ရက်တော့ *အယ်မလီ* ရဲ့ရည်းစား အပြင်ထွက်သွားချိန်မှာ *ဟော်လီ* ကထွက်ပြေးခဲ့ပြီး လမ်းသွားလမ်းလာတစ်ဦးဆီကနေ အကူအညီရခဲ့ပါတယ်။ ပြစ်မှုကျူးလွန်သူ ၃ ဦးစလုံးကို လိင်ကုန်ကူးမှုနဲ့ ကြိုတင်ကြံစည်မှုအပါအဝင် ပြစ်မှုမြောက်များစွာအတွက် ဖမ်းဆီးတရားစွဲဆိုခဲ့ပါတယ်။

### ❍ ယူဂန်ဒါ | အာရပ်စော်ဘွားများပြည်ထောင်စု

*စန်းယူ* ရဲ့သူငယ်ချင်းဟာ ယူဂန်ဒါကနေ အာရပ်စော်ဘွားများပြည်ထောင်စုကို ရွှေ့ပြောင်းသွားပြီးနောက် သူမက ခရီးစရိတ်တွေကိုတောင် ပေးနိုင်တဲ့အလုပ်တစ်ခုကိုရှာတွေ့ထားတယ်လို့ *စန်းယူ* ကိုပြောပါတယ်။ *စန်းယူ* ကလည်း သူမ သူငယ်ချင်းနဲ့အလုပ်လုပ်ဖို့သဘောတူခဲ့ပါတယ်။ ဒူဘိုင်းကိုရောက်ပြီးရက်အနည်းငယ်အကြာမှာတော့ သူမရဲ့ သူငယ်ချင်းဟာပျောက်ကွယ်သွားပြီး *စန်းယူ* ရဲ့အခြေအနေကလည်း ဆိုးဆိုးဝါးဝါးပြောင်းလဲသွားပါတော့တယ်။ *စန်းယူ* ရဲ့အိမ်ကို အမျိုးသမီးတစ်ယောက်ကရောက်လာပြီး သူမရဲ့ခရီးစရိတ်တွေကို ပြန်ပေးဖို့စေခိုင်းခဲ့ပါတယ်။ လိင်ကိစ္စအတွက် သူမကိုယ်သူမ ရောင်းချလိုက်ဖို့ *စန်းယူ* ကို အမျိုးသမီးက ရှင်းပြခဲ့ပါတယ်။ *စန်းယူ* က ခုခံတဲ့အခါမှာ လူကုန်ကူးတဲ့ သူတွေဟာ သူမကိုရိုက်နက်ကန်ကျောက်သလို အစားအသောက်လည်းမပေးပဲ အပြင်မှာ သုံးပတ်ကြာအောင် အိပ်စက်စေခဲ့ပါတယ်။ သူမဟာ ယူဂန်ဒါကလာတဲ့ အခြားမိန်းကလေး ၁၄ ယောက်နဲ့ အိမ်ထဲမှာ ချုပ်နှောင်ခံနေရပြီး ငွေကြေးအတွက် လိင်ဆက်ဆံဖို့ အတင်းအဓမ္မခိုင်းစေခံခဲ့ရပါတယ်။ *စန်းယူ* နဲ့အခြားမိန်းကလေး ၂ ဦးဟာ ထွက်ပြေး လွတ်မြောက်ခဲ့ပြီး ယူဂန်ဒါကို ပြန်သွားခဲ့ပါတယ်။

> **သူမနဲ့ မြန်မာနိုင်ငံက အလုပ်သမား ၄၀ နီးပါးဟာ တစ်ရက်ကို ၁၈ နာရီ အလုပ်လုပ်ခဲ့ရပြီး ရရှိတဲ့လုပ်ခတွေအားလုံးနီးပါးကို အလုပ်ခွင်ထဲမှာ ဈေးတင်ရောင်းထားတဲ့ အစားအစာ ဝယ်စားခဲ့ရတယ်။ အလုပ်သမားတစ်ယောက်က ထွက်ပြေးလွတ်မြောက်သွားပြီး ရှင်းဒီနဲ့ အခြားအလုပ်သမားတွေ စက်ရုံထဲမှာ ပိတ်လှောင်ခံရတာကို . . .**

### ❍ မြန်မာ | ထိုင်း

*ရှင်းဒီ* က ထိုင်းနိုင်ငံရဲ့ပင်လယ်စာစက်ရုံတစ်ခုမှာ အလုပ်လုပ်ရင် လစာကောင်းကောင်းရမယ်ဆိုပြီး မြန်မာပြည်ကနေ ထွက်ခွာခဲ့ပါတယ်။ လူသစ်စုဆောင်းမှုငွေ ဘတ် ၁၂၀၀၀ ($ ၃၄၂)ကို ရခဲ့ပြီး တစ်ရက်ကို အနည်းဆုံး ဘတ် ၃၀၀ ($၈.၅၀) ရရင်တော့ ငွေတွေကို ပြန်ပေးနိုင်လိမ့်မယ်လို့ထင်ခဲ့တယ်။ ရောက်သွားပြီးတဲ့နောက် ပို့တဲ့လူက *ရှင်းဒီ* က သူ့ကို ဘတ် ၂၀၀၀၀ ပြန်ပေးရမှာဖြစ်ပြီး တစ်ရက်ကို ဘတ် ၂၀၀ ပဲရမယ်လို့ပြောခဲ့ပါတယ်။ သူမနဲ့ မြန်မာနိုင်ငံက အလုပ်သမား ၄၀ နီးပါးဟာ တစ်ရက်ကို ၁၈ နာရီအလုပ်လုပ်ခဲ့ရပြီး ရရှိတဲ့လုပ်ခတွေအားလုံးနီးပါးကို အလုပ်ခွင်ထဲမှာ ဈေးတင်ရောင်းထားတဲ့အစားအစာ ဝယ်စားခဲ့ရတယ်။ အလုပ်သမား တစ်ယောက်က ထွက်ပြေးလွတ်မြောက်သွားပြီး *ရှင်းဒီ* နဲ့ အခြားအလုပ်သမားတွေ စက်ရုံထဲမှာပိတ်လှောင်ခံရတာကို အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတစ်ခုကို ပြောခဲ့ပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းနဲ့ ထိုင်းအာဏာပိုင်တွေက စက်ရုံကိုသွားပြီး အလုပ်သမားတွေနဲ့ သူတို့ရဲ့ မိသားစုတွေကို လွှတ်ပေးခဲ့ပြီး တချို့အလုပ်သမားတွေက အဲဒီထဲမှာ ၃ နှစ်ကြာအောင် ဖမ်းဆီးခံထားရပါတယ်။

### ❍ အိန္ဒိယ | အင်္ဂလန်

ပင်လယ်ထဲမှာ စက်လှေမောင်းတဲ့သူတစ်ဦးဖြစ်တဲ့ *ဗီဟန်* ဟာ စက်လှေမထွက်တဲ့အချိန်မှာ အင်္ဂလန်ပြည်က ကမ်းရိုး တန်းမှာရှိတဲ့ ဆီစက်ရုံတစ်ခုမှာအလုပ်လုပ်ဖို့လက်ခံလိုက်ပြီး မိသားစုနဲ့ခွဲခွာပြီးတော့ စွန့်စားအနစ်နာခံမယ်ဆိုရင် အိမ်ကို ပိုက်ဆံပို့ပြီး ငွေပို့ကာပံ့ပိုးနိုင်မယ်လို့တွေးနေပါတယ်။ သူရောက်တဲ့အခါမှာတော့ ကတိပေးထားတဲ့ အလုပ် မဟုတ်ခဲ့ပါဘူး။ *ဗီဟန်* ဟာငွေမရပဲ ခက်ခဲတဲ့ အခြေအနေအောက်မှာ နာရီပေါင်းများစွာအလုပ်လုပ် နေခဲ့ရပါတယ်။ အိန္ဒိယလူမျိုး သင်္ဘောပိုင်ရှင်က အကြွေးမပေးပဲ သင်္ဘောကိုစွန့်ခွာလိုက်ချိန်မှာ သူ့အဖွဲ့က လူတွေကလည်း သူတို့ရဲ့ လုပ်ခလစာ မရရှိပဲဖြစ်သွားပါတယ်။ *ဗီဟန်* နဲ့ သူ့အဖွဲ့သားတွေက သူတို့ရဲ့လုပ်အားခမရမချင်း ဒီသင်္ဘောနားက မခွာဖို့ကို ဆုံးဖြတ်ခဲ့ပြီး အိန္ဒိယဘဏ်ကပိုင်တဲ့ ဒီသင်္ဘောကနေ မပေးရသေးတဲ့လုပ်ခတွေကို စီစဉ်ပေးမှုမတိုင်ခင် အထိကို ခုနစ်လ ကြာစောင့်ဆိုင်းခဲ့ရပါတယ်။

### ❍ ဆီးရီးယား | လက်ဘနွန်

အသက် ၂၂ နှစ်အရွယ် *မေယာ* ဟာ ဒေသတွင်းပဋိပက္ခတွေကြောင့် သူမရဲ့မိခင်တိုင်းပြည် ဆီးရီးယားကနေထွက်ပြေး လာခဲ့ပါတယ်။ လက်ဘနွန်ကစက်ရုံတစ်ခုမှာ အလုပ်ကောင်းကောင်းရမယ်လို့ ကတိပြုမှုကိုရခဲ့ပေမယ့် သူမရောက်ရှိ ချိန်မှာတော့ အခြားသော ဆီးရီးယန်းအမျိုးသမီး ၇၀ ကျော်နဲ့အတူ လိင်ကုန်ကူးရောင်းဝယ်မှုဈေးကွက်ထဲကို အတင်း အဓမ္မ ရောက်ရှိသွားပါတော့တယ်။ သူတို့တွေဟာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပြင်းထန်စွာနာကျင်ခံစားခဲ့ရ ပါတယ်။ နောက်ဆုံးမှာတော့ အမျိုးသမီးတွေနေတဲ့တိုက်ခန်းကို ရဲတွေက စီးနင်းရှာဖွေမှုပြုပြီး လိင်ကုန်ကူးမှုစီမံကိန်း မှာပါဝင်တဲ့ အမျိုးသား ၁၀ ဦးနဲ့အမျိုးသမီး ၈ ဦးကိုဖမ်းဆီးလိုက်ပါတယ်။

### ❍ အိန္ဒိယ | နယူးဇီလန်

*ရာဂျစ်* ဟာ ကျောင်းသားဗီဇာနဲ့ စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်ကိုသင်ယူဖို့ နယူးဇီလန်ကိုရောက်ရှိခဲ့ပါတယ်။ စာသင် ကြားမှု မစတင်ခင်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်တယ်လို့ သူသိထားတဲ့ ဖလန်တီပင်လယ်အော်ကို သွားလည်ပြီး ကျောင်းစရိတ်အတွက် အပိုဝင်ငွေရရှိဖို့သွားလည်ခဲ့ပါတယ်။ သူရောက်ပြီးတဲ့နောက်မှာတော့ သူပြန်သွားလို့ မရ တော့မှန်း သိလိုက်ရပါတယ်။ သူ့ရဲ့အလုပ်ရှင်က အထောက်အထားစာရွက်စာတမ်းအမှားတွေနဲ့ သူ့ကို အတင်း အကြပ် စေခိုင်းခဲ့ပါတယ်။ အဲဒါကြောင့် ကီဝီသီးသစ်သီးခြံတွေမှာ နာရီပေါင်း ၈၀ တရားမဝင် အလုပ်လုပ်ခဲ့ရပါတယ်။ ရာဂျစ်နဲ့ အခြား ရွှေ့ပြောင်းလုပ်သားတွေဟာ အရမ်းပင်ပန်းတဲ့အလုပ်တွေနဲ့ပတ်သက်ပြီး မကျေမနပ်ပြောခဲ့ရင်လည်း နယ်နှင် ဒဏ် ပေးခံရမှာ သို့မဟုတ် ပြန်ပေးဆွဲခံရမှာကို ကြောက်လန့်နေခဲ့ရပါတယ်။ ရာဂျစ်ရဲ့ အလုပ်ရှင်ဟာ ကတိပေးထားတဲ့ လုပ်အားလစာအတိုင်း သူ့ကိုမပေးခဲ့ပါဘူး။ လပေါင်းများစွာကြာပြီးတဲ့နောက်မှာ *ရာဂျစ်* ဟာ သစ်သီးခြံတွေကနေ ထွက်ပြေးလွတ်မြောက်ပြီး နယူးဇီလန်အာဏာပိုင်တွေဆီကနေ အကူအညီရရှိခဲ့ပါတယ်။

### ❍ ဗင်နီဇွဲလား | ထရီနီဒက် နှင့် ထိုဘာဂို

ဗင်နီဇွဲလားမှာရှိတဲ့ လူသစ်စုဆောင်းသူနဲ့အလုပ်လုပ်မိပြီး *စာရာ*ဟာ ထရီနီဒက်နဲ့ထိုဘာဂိုမှာရှိတဲ့ လူအိုရုံတစ်ခုမှာ အလုပ်လုပ်ဖို့အတွက် လက်ခံလိုက်ပါတယ်။ ငွေပိုပြီးရမှာကိုတော့ ရင်ဖိုခဲ့ပေမယ့် သူမရဲ့အိမ်နဲ့ခွဲရမှာကိုတော့ စိတ် မသက်မသာဖြစ်ပြီး သက်ကြီးရွယ်အိုတွေကို ပြုစုဖို့သူမမှာအတွေ့အကြုံသိပ်မရှိခဲ့ပါဘူး။ ထရီနီဒက်နဲ့ထိုဘာဂိုကို ရောက်ချိန်မှာတော့ သူမအလိမ်ခံလိုက်ရမှန်း သိသွားပါတယ်။ လူသစ်စုဆောင်းသူဟာ သူမကို ကြွေးမြီများစွာတင်နေ ကြောင်းနဲ့ လူအိုရုံမှာအလုပ်မလုပ်စေတော့ပဲ ဒေသတွင်းက ဟော်တယ်တစ်ခုမှာ ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မ စေခိုင်းခဲ့ပါတယ်။ သူ့ကို ခေါ်ဆောင်လာတဲ့သူက ညတိုင်းသူမရရှိတဲ့ငွေအများစုကို သိမ်းယူလိုက်ပါတယ်။

## ❍ ကူဝိတ်

*နီကိုးလ်* ဟာ သူ့ရဲ့ဆင်းရဲမွဲတေနေတဲ့မိသားစုကို စွန့်ခွာပြီး ကူဝိတ်မှာအိမ်ဖော်အဖြစ်နဲ့ အလုပ်လုပ်ရင် ရရှိတဲ့လစာကို အိမ်ပြန်ပို့ဖို့ ရည်ရွယ်ထားခဲ့ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ နာကျင်ခံစားရသလို နှုတ်နဲ့လည်းစော်ကားပြောဆိုမှုကိုခံရပြီး ကိုးလကြာအောင်အဆက်မပြတ်အလုပ်လုပ်ပေမယ့်လစာကိုလည်းမရရှိခဲ့ပါဘူး။ သူမရဲ့အလုပ်လုပ်ဖို့ဗီဇာသက်တမ်း ကုန်ဆုံးသွားတဲ့အခါမှာ သူမရဲ့အလုပ်ရှင်က ရဲဆီကိုခေါ်သွားပြီး အပြစ်ကျူးလွန်သူအနေနဲ့ မှားယွင်းစွာစွပ်စွဲခဲ့ပါတယ်။ *နီကိုးလ်* ဟာ အပြစ်မရှိကြောင်း ကြိုးစားရှင်းပြကာ ပြီးခဲ့တဲ့ကိုးလတုန်းက လစာမရရှိခဲ့တာနဲ့ မတော်မတရားပြုမှုတွေကို တိုင်တန်းခဲ့ပါတယ်။ ရဲတွေကနားမထောင်ပဲ *နီကိုးလ်* ကို ၆ လကြာ ထောင်ကျစေခဲ့ပါတယ်။ ထောင်ကနေ ထွက်လာပြီးနောက်မှာ ပျော်ကြေးတစုံတရာမှမရရှိပဲ အိမ်ကိုပြန်ပို့လိုက်ပါတော့တယ်။

## ❍ မက်ဆီကို

မက်ဆီကိုရဲ့မြို့သေးလေးတစ်ခုမှာနေထိုင်တဲ့ *လီလီ* ဟာ အလုပ်တစ်ခုကိုလိုအပ်နေပါတယ်။ ဒေသတွင်း အဝတ်ချောက်လျော်တဲ့ အလုပ်ကိုရရှိပြီး မကြာခင်မှာ ပိုင်ရှင်က သူမကိုနေရာတစ်ခုနဲ့ ရာထူးတိုးပေးလိုက်လို့ သူမဟာ ပျော်ရွှင်ခဲ့ပါတယ်။ မကြာခင်မှာပဲ ပိုင်ရှင်က ခိုးမှုနဲ့သူမကိုစွပ်စွဲပြီး လစာမပေးပဲသူမကို အတင်းအဓမ္မ ခိုင်းစေခဲ့ပါတော့တယ်။ ၂ နှစ်နီးပါး ဆိုင်မှာ မီးပူတိုက်စေခဲ့ပြီး အလုပ်လုပ်တာရပ်သွားရင် ရုပ်ပိုင်းဆိုင်ရာ စော်ကားအနိုင်ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ တစ်နေ့ကို ထမင်းအနည်းငယ်တနပ်နဲ့ ရေနည်းနည်းလေးကိုပဲပေးပါတယ်။ *လီလီ*ဟာ ဆိုင်ကနေ နောက်ဆုံးမှာ ထွက်ပြေးလွတ်မြောက်အောင် စီစဉ်နိုင်ခဲ့ပြီး ရဲတွေကိုလည်း အဲဒီအဆောက်အဦကို စီးနင်းရှာဖွေဖို့ အသိပေးလိုက်ပါတယ်။

## ❍ နိုင်ဂျီးရီးယား

ဘိုကိုဟာရမ်တွေက *အက်ပ်ဒူ* ရဲ့ရွာကိုတိုက်ခိုက်ပြီး သူ့အသက် ၁၄ နှစ်အရွယ်မှာ ပြန်ပေးဆွဲခဲ့ပါတယ်။ သူ့ကို စက်သေနတ်၊ လေယာဉ်ပစ်အမြောက်တွေနဲ့ အမြောက်ဒုံးကျည်အစရှိတဲ့ တိုက်ခိုက်ပစ်ခတ်မယ့်လက်နက်တွေကို ကိုင်တွယ် အသုံးပြုတတ်ဖို့သင်ကြားပေးခဲ့ပါတယ်။ အမျိုးမျိုးသော စစ်ဆင်ရေးတွေမှာ အဲဒီအဖွဲ့ဟာသူ့ကိုခေါ်သွားပြီး အရပ်သား ၁၈ ဦးကို သတ်ဖို့အတင်းအဓမ္မစေခိုင်းခဲ့ပါတယ်။ အစိုးရစစ်တပ်တွေကနေ သတင်းအချက်အလက်ယူဖို့ အတင်းအကျပ်စေခိုင်းပြီး အန္တရာယ်ကြားမှာ လုပ်ဆောင်ခဲ့ကာ ဘိုကိုဟာရမ်အဖွဲ့သားအနေနဲ့ တရားစွဲဆိုခံခဲ့ရပါတယ်။ ၃ နှစ်ကြာအောင် တိုက်ပွဲဝင်ခဲ့ရပြီး သူလျှိုထောက်လှမ်းမှုတစ်ခုကနေ ထွက်ပြေးသွားဖို့ဆုံးဖြတ်ခဲ့ပြီး သူ့မိဘတွေကို ရွှေ့ပြောင်းသွားလာတဲ့ စခန်းတွေမှာသွားဝင်ရှာနေချိန်မှာ ဘိုကိုဟာရမ် အဖွဲ့ဝင်အနေနဲ့ အဖမ်းခံခဲ့ရပါတယ်။

## ❍ အင်္ဂလန်

၂၀၀၉ မှာ *တင်မ်* ဟာ အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး ဆင်းရဲချို့တဲ့နေတဲ့အချိန်မှာ စုံတွဲတစ်တွဲက သူ့ကို အိမ်နဲ့တနေ့ကို ထမင်းသုံးနပ်ပေးပြီး ဆောက်လုပ်ရေးလုပ်ငန်းမှာလုပ်ဖို့ ကမ်းလှမ်းတာကို လက်ခံလိုက်ပါတယ်။ အဲဒီ စုံတွဲနေထိုင်တဲ့ နေရာကိုရောက်ရှိချိန်မှာတော့ အလုပ်သမားတွေဟာ စုပြုံနေပြီး ညစ်ပတ်တဲ့စကြိန်လမ်းမှာနေနေကြတာကို တွေ့လိုက်ရပါတယ်။ စုံတွဲဟာ သူ့ရဲ့ခေါင်းကိုရိတ်၊ အဝတ်တွေကိုယူပြီး သူ့ဖုန်းနဲ့အထောက်အထားတွေကို သိမ်းယူလိုက်ပါတယ်။ သူအဖမ်းခံရပြီလို့ပြောပြီး ရုပ်ပိုင်းရော နှုတ်နဲ့ပါ စော်ကားအနိုင်ကျင့်ခဲ့သလို ဘိလပ်မြေခင်းတဲ့လမ်းလုပ်ငန်းမှာ အလုပ် လုပ်ခိုင်းခဲ့ပါတယ်။ နောက်ဆုံးမှာတော့ လူကုန်ကူးသူတွေကို ဖမ်းဆီးနိုင်ခဲ့ပြီး *တင်မ်* လည်း လွတ်မြောက်ခဲ့ပါတယ်။

### ❍ ကမ္ဘောဒီးယား

*လိုင်* ရဲ့မိသားစုတွေက ကြွေးမြီထဲမှာနစ်မြုပ်နေတဲ့အချိန်မှာ မိသားစုကိုကူညီပြီး ဝင်ငွေပိုရအောင် ကူဖို့အတွက် သူမကို ပြောခဲ့ပါတယ်။ အသက် ၁၂ နှစ်သာရှိတဲ့ *လိုင်*ကို ဆရာဝန်ရဲ့ဆေးစစ်ချက်နဲ့ အပျိုစင်ဖြစ်ကြောင်းလက်မှတ်ကို ထုတ်ပေးခဲ့ပါတယ်။ သူမကို ဟော်တယ်တစ်ခုမှာ ထပ်ခါတလဲလဲ အဓမ္မပြုကျင့်ခဲ့တဲ့လူတစ်ဦးရဲ့လက်ထဲကိုထည့်ပေးလိုက်ပါတယ်။ ၂ နှစ်နီးပါး *လိုင်*ရဲ့မိခင်ဟာ သူမကို သူတို့ရဲ့အကြွေးတွေကိုဆပ်ဖို့အတွက် ဆက်ပြီးရောင်းချခဲ့ပါတယ်။ သူမကို မိခင်ဖြစ်သူက ဒီတခါ ၆ လကြာအောင် ထပ်ရောင်းဖို့ စီစဉ်နေတာကိုသိပြီးနောက်ပိုင်းမှာ *လိုင်*ဟာ အိမ်ကနေထွက်ပြေးပြီး လိင်ကုန်ကူးခံရသူတွေနေတဲ့ အဆောက်အဦတစ်ခုကို ရှာဖွေတွေ့ရှိပြီးနေထိုင်ခဲ့ပါတယ်။

### ❍ နိုင်ဂျီးရီးယား | အီတလီ

*ပေါ်လာ* က နိုင်ဂျီးရီးယားမှာရှိတဲ့ သူမရဲ့မွေးရပ်မြို့ကနေ အိမ်ကိုလမ်းလျှောက်ပြန်လာတုန်းမှာ အမျိုးသားတစ်ယောက်က သူမကိုချဉ်းကပ်ပြီး အီတလီမှာ လစာကောင်းကောင်းရတဲ့ အလုပ်တစ်ခုရှိကြောင်းကမ်းလှမ်းခဲ့ပါတယ်။ အဲဒီလူက *ပေါ်လာ* ကို အလုပ်အတွက် လူသစ်စုဆောင်းခပေးရမယ်လို့ပြောပေမယ့် အဲဒီငွေပမာဏက သူမဆီမှာရှိမနေပါဘူး။ ဥရောပမှာ အလုပ်ရဖို့ဆိုတာက တစ်သက်မှာတစ်ခါသာ ရမည့်အခွင့်အရေးဖြစ်တယ်လို့ တွေးမိတာနဲ့ ရရှိတဲ့လစာကနေ အကြွေးတွေကို ပြန်ဆပ်နိုင်မှာပဲလို့ထင်ပြီး ငွေတွေကိုချေးယူပြီးတော့ လိုလိုလားလားနဲ့ လက်ခံခဲ့ပါတယ်။ ပေါ်လာနဲ့ အခြားသော နိုင်ဂျီးရီးရန်းအမျိုးသမီးတွေဟာ လူသစ်စုဆောင်းသူနဲ့အတူ အီတလီကို သွားခဲ့ပါတယ်။ ရောက်ရှိသွားတဲ့ အခါမှာတော့ လိမ်လည်ခံလိုက်ရမှန်းသိပြီး သူတို့ရဲ့ခရီးစရိတ်အကြွေးတွေကို ဆပ်ဖို့အတွက် ပြည့်တန်ဆာအလုပ်ကို လူသစ်စုဆောင်းသူတွေက အတင်းအဓမ္မခိုင်းစေခဲ့ပါတယ်။ ပေါ်လာနဲ့ အခြားသော အမျိုးသမီးတွေကို ရဲတွေရဲ့ စီးနင်းတိုက်ခိုက်ရှာဖွေမှုအတွင်းမှာ တွေ့ရှိခဲ့ပါတယ်။

### ❍ ယူကရိန်း | ရုရှား

*ဆိုဖီယာ* ဟာ သူမရဲ့ယူကရိန်းအလယ်ပိုင်းက မြို့သေးလေးကနေ မော်စကိုကို ဈေးဆိုင်မှာလုပ်ရမယ်လို့ကတိပေးတဲ့ သူငယ်ချင်းတစ်ယောက်နဲ့သွားခဲ့ပါတယ်။ သူတို့ရောက်ရှိတဲ့အခါမှာ အလုပ်အတွက် သူတို့ကို ကမ်းလှမ်းတဲ့အမျိုး သားက သူတို့ရဲ့နိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းလိုက်ပြီး မြို့ပြင်မှာရှိတဲ့ သံဆူးကြိုးတွေကာရံထားတဲ့ စက်ရုံဟောင်း တစ်ခုကို ခေါ် ဆောင်သွားပါတော့တယ်။ သူတို့ထွက်မပြေးနိုင်အောင် လက်နက်ကိုင်ထားတဲ့ အစောင့်တွေက စောင့်ကြပ်နေပါတယ်။ တစ်ရက်ကို ၁၈ နာရီလောက် တရားမဝင်တဲ့ ဗော်ကာတွေကို ပုလင်းထဲထည့်၊ ထုပ်ပိုးပြီး ဖြန့်ဖြူးတဲ့ အလုပ်ကို ၂ လနီးပါး လုပ်ခဲ့ရပါတယ်။ ရဲတွေက စက်ရုံကို စီးနင်းတိုက်ခိုက်ရှာဖွေချိန်မှပဲ ဆိုဖီယာဟာ နောက်ဆုံးမှာ လွတ်မြောက်သွားပါတော့တယ်။

### ❍ အမေရိကန်ပြည်ထောင်စု

*အေမီ* အသက် ၁၂ နှစ်အရွယ်မှာ အရက်နဲ့မူးယစ်ဆေးစွဲနေတဲ့ သူ့အဖေဟာ သူမကို ရုပ်ပိုင်းဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေပြုလုပ်ခဲ့ပါတယ်။ ဖခင်ရဲ့မတော်မတရားပြုမှုတွေကနေ ထွက်ပြေးနိုင်ဖို့ သူမအသက် ၁၇ နှစ်မှာတော့ သူမရဲ့သူငယ်ချင်း *လီဆာ* နဲ့အတူနေထိုင်ခဲ့ပါတယ်။ *အေမီ* အမြဲတမ်းဖြစ်ဖို့ မျှော်လင့်အိမ်မက်မက်ခဲ့တဲ့ မော်ဒယ်တစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်တဲ့လူတစ်ယောက်ကို သူမသိတယ်လို့ *လီဆာ* က *အေမီ* ကိုပြောပါတယ်။ ဒါပေမယ့် အဲဒီအမျိုးသားက *အေမီ* ကို ပြည့်တန်ဆာလုပ်ဖို့ အတင်းအဓမ္မစေခိုင်းခဲ့ပြီး သူမရရှိတဲ့ငွေအားလုံးကို သိမ်းပြီး ဟော်တယ်အခန်းထဲမှာ အစားအစာနည်းနည်းလေးပေးပြီး ရက်သတ္တပတ်များစွာ ပိတ်လှောင်ထားခဲ့ပါတယ်။ သူမ ထွက်ပြေးရင် သတ်ပစ်မယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။ *အေမီ* ဟာ နောက်ဆုံး ထွက်ပြေးလွတ်မြောက်ခဲ့ပြီး

အခုအချိန်မှာတော့ လက်မှတ်ရ သူနာပြုအကူတစ်ယောက်အနေနဲ့ အခြားသူတွေကိုကူညီနိုင်ဖို့မျှော်လင့်နေပါတယ်။

### ❍ ဖိလစ်ပိုင်

*မာရီယာ က ဂျက်စမင်း* ကိုချဉ်းကပ်ပြီး မနီလာမှာရှိတဲ့ အင်တာနက်ဆိုင်တစ်ခုမှာအလုပ်ရဖို့အတွက် ကတိပေးတာကြောင့် ဂျက်စမင်းဟာ လက်ခံလိုက်ပါတယ်။ *မာရီယာ က ဂျက်စမင်း* နဲ့ အခြားသော မိန်းကလေးတစ်ဒါဇင်ကို စုဆောင်းပြီး သူမတို့ နေထိုင်တဲ့ရွာငယ်လေးကနေ မနီလာကို အဖွဲ့လိုက်ခရီးထွက်ဖို့စီစဉ်ခဲ့ပါတယ်။ ဆိပ်ကမ်းမှာ လုံခြုံရေး အစောင့်က မာရီယာနဲ့မိန်းကလေးအဖွဲ့ကို မသင်္ကာတာကြောင့် သူတို့ရဲ့အထောက်အထားတွေနဲ့အလုပ်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို တောင်းခဲ့ပါတယ်။ *မာရီယာ* က သင့်လျော်တဲ့စာရွက်စာတမ်းတွေကို မပေးနိုင်ခဲ့တာကြောင့် အဖမ်းခံခဲ့ရပါတယ်။ အာဏာပိုင်တွေသိရှိခဲ့တာက အဲဒီနေရာမှာဘာအင်တာနက်ဆိုင်မှမရှိပဲ မာရီယာက မိန်းကလေး တွေကို အွန်လိုင်းကတဆင့် လိင်ပိုင်းဆိုင်ရာ ရောင်းဝယ်မှုတွေပြုလုပ်ဖို့အစီအစဉ်ရှိတာပဲဖြစ်ပါတယ်။

### ❍ အာဖဂန်နစ္စတန်

*ပါရှာ* အသက် ၁၀နှစ်အရွယ်မှာ သူ့မိသားစုက သူ့ကိုကျောင်းထုတ်ပြီး အုတ်ဖိုတစ်ခုမှာ ဝင်ငွေကို တနည်းတလမ်းနဲ့ ရရှိစေဖို့ အလုပ်လုပ်စေခဲ့ပါတယ်။ *ပါရှာ* ရဲ့မိသားစုဟာ အုတ်ဖိုပိုင်ရှင်ဆီမှာ ငွေတွေကိုချေးယူထားပြီး *ပါရှာ* ရဲ့ဖျားနာနေတဲ့ဖခင်ကို ကြည့်ရှုနေရတာကြောင့် အကြွေးနဲ့ အတိုးတွေက ကျော်လွှားလို့မရတော့လောက်အောင် များပြားနေပါတယ်။ ၃ နှစ်ကြာအောင် *ပါရှာ* ဟာ မြေစာတွေအပြည့်နဲ့ လက်တွန်းလှည်းကို တစ်ရက် ၁၂ နာရီကြာအောင် ဖခင်နဲ့ မောင်နှမတွေနဲ့အတူ ဆွဲနေခဲ့ရပါတယ်။ *ပါရှာ* ရဲ့မိသားစုကအကြွေးတွေကို မဆပ်နိုင်ခဲ့ရင် *ပါရှာ* နဲ့သူ့မောင်နှမတွေဟာ အဲဒီအကြွေးကို ဆက်ပြီးအမွေခံရမှာဖြစ်ပြီး သူတို့ရဲ့ကိုယ်ပိုင်သားသမီးရတဲ့အထိကို ဆပ်သွားရမှာဖြစ်ပါတယ်။

### ❍ ယူဂန်ဒါ

*မေရီ* ဟာ ယူဂန်ဒါမှာ လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးဖြစ်ဖို့အတွက် စိတ်ကူးယဉ်ထားခဲ့ပါတယ်။ သူမအသက် ၁၆ နှစ်ရောက်ချိန်မှာတော့ သူမရဲ့ကျောင်းစရိတ်တွေကို သူမရဲ့မိဘတွေက မပံ့ပိုးနိုင် သို့မဟုတ် မပေးနိုင်တော့တာကြောင့် ကမ်ပါလာရဲ့ အပြင်မှာရှိတဲ့ အဒေါ်နေထိုင်တဲ့ရွာကို သူမကိုပို့လိုက်ပါတယ်။ သူမရဲ့အဒေါ်ဟာ မတော်တဆမှုတစ်ခုကြုံပြီးတဲ့နောက်မှာ *မေရီ*ဟာ ငွေအတွက် မှောင်ခိုပြုလုပ်ခြင်းခံလိုက်ရပါတယ်။ အိမ်နီးချင်းရဲ့အကူအညီနဲ့ *မေရီ*ဟာ ဆိုင်တစ်ခုမှာ အလုပ်ရပြီး သူမရဲ့သူဌေးဟာ ဆိုင်ရဲ့ဖောက်သည်တွေနဲ့ အတင်းအကျပ်ပဲ လိင်ဆက်ဆံခိုင်းပါတယ်။ တစ်ရက်မှာတော့ လူမှုလုပ်သားတစ်ဦးက ဆိုင်ကိုရောက်လာပြီး *မေရီ*ကို ဆိုင်ကနေထွက်ပြေးလွတ်မြောက်အောင် ကူညီနိုင်တဲ့အဖွဲ့တစ်ခုအကြောင်း ပြောပြခဲ့ပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတစ်ခုရဲ့အကူအညီနဲ့ မေရီဟာ ထွက်ခွာနိုင်ခဲ့ပြီး ကျောင်းပြန်တက်နိုင်ကာ လျှပ်စစ်နဲ့ပတ်သက်တဲ့ဘွဲ့ကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။

*(ကောက်နှုတ်ချက်။ TIP Report 2006 – 2007 မှ ဖြစ်ရပ်များ)*

## ၂.၅။ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်များ (နောက်ဆက်တွဲဆိုးကျိုးများ)

လူကုန်ကူးမှုကျူးလွန်ခြင်းတွင် ကျူးလွန်ခြင်းခံရသူများအပေါ် ကိုယ်ရောစိတ်ပါ နှိပ်စက်ညှင်းပန်းခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကာယကံရှင်နှင့် ၎င်း၏မိသားစုအပေါ် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ နိုင်ငံကူးလက်မှတ် သိမ်းယူထားခြင်းမှစ၍ သေဆုံးစေသည်အထိ ဆိုးရွားသည့် ပုဂ္ဂလိကအကျိုးသက်ရောက်မှုများဖြစ်ပေါ် စေရုံသာမက သက်ဆိုင်ရာနိုင်ငံများ၏ လုံခြုံရေးနှင့် ငြိမ်းချမ်းမှုများအား ထိပါးအန္တရာယ်ပေးလျက်ရှိသည်။

ရောင်းစားခံရသောသူများသည် အိမ်ဖော်လုပ်ငန်း၊ ရာဘာခြံ၊ အန္တရာယ်ရှိသောစက်ရုံများ၊ ကလေးငယ်များနှင့် သက်ကြီး ရွယ်အိုများအား တောင်းရမ်းစားသော အလုပ်ကိုလုပ်ခိုင်းခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ဖြတ်တောက်ရောင်းစားခံရခြင်း၊ သကြားလုံး၊ ပန်း စသည်တို့ကိုရောင်းခိုင်းခြင်း အစရှိသည့် နေရာများတွင် အလုပ်လုပ်ရသည်။ ထို့ပြင် သတ်မှတ်ထားသောအလုပ်များ မပြီးပါက ရိုက်နှက်ခြင်း၊ အစာမကျွေးခြင်းများပြုလုပ်ခြင်း၊ အိပ်ရေး ဝဝ မအိပ်ရခြင်း၊ မလုပ်ချင်သောအလုပ်များ လုပ်ရခြင်း၊ နားချိန်မရှိခြင်း၊ အမြဲတမ်းကြောက်ရွံ့နေရခြင်း၊ အခွင့်အရေး များ ဆုံးရှုံးခြင်း (သို့) အခွင့်အရေးများမရရှိခြင်း စသည်တို့ကိုကြုံတွေ့ရပါသည်။

လူကုန်ကူးမှုဖြစ်ရပ်များသည် ကိုင်တွယ်ရခက်ခဲသော ပြဿနာဖြစ်ပြီး လူကုန်ကူးခံရသူများအနေဖြင့် ကိုယ်ခန္ဓာ အနာတရဖြစ်ရခြင်းကိုကြုံတွေ့ရသည့်အပြင် စိတ်ပိုင်းဆိုင်ရာပိုင်းတွင်လည်းထိခိုက်ခံစားကြရပါသည်။ ထို့ကြောင့် ၎င်းတို့ကို မိသားစုနှင့် ပြန်လည် ပေါင်းစည်းပြီးပါကလည်း နောက်တစ်ကြိမ်သားကောင်ထပ်မံဖြစ်နိုင်ချေ (လူကုန်ကူး ခံရနိုင်ချေ) ရှိပါသည်။

ပုံမှန်အားဖြင့် ရောင်းစားခံရသောသူများသည် ၎င်းတို့ကိုပတ်ဝန်းကျင်မှ အကောင်းမြင်ရန်၊ နွေးထွေးစွာကြိုဆိုရန် ခက်ခဲသည့် အနေအထားများရှိနေတတ်ပါသည်။ သို့သော် အချို့သော ပတ်ဝန်းကျင်မှ သူများသည်လည်း ထိုသို့သောသူများကို အကောင်းမြင်ပေးပြီး နွေးထွေးလက်ခံမှုများလည်း ရှိနိုင်ပါသည်။ ထို့ကြောင့်၎င်းတို့အတွက် နွေးထွေးမှုရှိပြီး အကူအညီဖြစ်စေသော ပတ်ဝန်းကျင်အထူးပင်လိုအပ်ပါသည်။

### အင်ဒိုနီးရှားနိုင်ငံကျွန်းများတွင်တံငါသည်အဖြစ်ကျွန်ပြုခြင်းခံရသည့်မြန်မာများ၏ဖြစ်ရပ်မှန်များ

- ဖြစ်ရပ်မှန် (၁)

ကိုနိုင်သည် ၁၉၉၃ခုနှစ်ကတည်းကစပြီး အင်ဒိုနီးရှားနိုင်ငံတူရယ်ကျွန်းကိုရောက်ရှိခဲ့ကာ ယာယီဆောက်ထားသည့် အိမ်လေးတွင်နေခဲ့ရသည်။ ကိုနိုင်၏ ခေါင်းပေါ်ကဆံပင်များကို ဖြီးကြည့်လိုက်လျှင် အမာရွတ်ထနေသည့်ဒဏ်ရာ ဟောင်းကြီးကိုတွေ့ရမည်ဖြစ်သည်။ ထိုဒဏ်ရာသည် အိမ်ပြန်ချင်သည်ဟုပြောသည့်အတွက် အလုပ်ရှင်တစ်ဦးမှ ဦးခေါင်းအား ရိုက်ခွဲခံခဲ့ရသည့် ဒဏ်ရာဖြစ်သည်။ ထိုစကားကို ဒုတိယအကြိမ်ပြောမိသည့်အတွက် စက်လှေပေါ်တွင် သူ့အား ခြေကျင်းခတ်ထားပြီး အစာ၊ ရေမပေးပဲ ရက်တော်တော်ကြာ ဒဏ်ပေးခံခဲ့ရသည်။ နောက်တစ်ကြိမ် ထပ်ပြောလျှင် သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်ခံခဲ့ရသည်။ သို့ပေမဲ့ ညတစ်ညတွင် ကိုမြင့်နိုင်သည် ရေကူးပြီး ထွက်ပြေးခဲ့သည်။ ဒေသခံမိသားစုတစ်စု၏ အကူအညီဖြင့် တောတွင်းတွင် နှစ်အတော်ကြာပုန်းအောင်းနေခဲ့ရသည်။

ကိုနိုင်သည်လွန်ခဲ့သည့် ၂၂ နှစ်က ထွက်ခွာသွားခဲ့သည့် ရွာလေးကို ပြန်ရောက်ချိန်တွင် ကားပေါ်ကခုန်ဆင်းသွားပြီး ကလေးမလေးတစ်ဦးအား ပြေးဖက်လိုက်ပါသည်။ ထိုကလေးမလေးသည် သူ၏သမီးဖြစ်ပြီး နောက်နားတွင်လည်း ဒယီးဒယိုင်ဖြင့် ကိုနိုင်ထံ ချည်းကပ်လာနေသည့် ပိန်ပိန်သေးသေးအဘွားအိုတစ်ယောက်သည် အနားရောက်ခါနီးတွင် မြေပေါ် လဲကျလုလုဖြစ်သည့်အတွက် မြင့်နိုင်သည် ထိုအဘွားအို၏ လက်မောင်းနှစ်ဖက်အားပြေးဆွဲထားလိုက်ရာ သူ၏ အမေပင်ဖြစ်သည်။

■ ဖြစ်ရပ်မှန် (၂)

အသက် (၁၇) နှစ်သာရှိသေးသော မင်းမင်းနေထိုင်ရာ မြန်မာနိုင်ငံတွင်း ရွာလေးတစ်ရွာသို့ လူတစ်ဦး ရောက်လာပြီး ထိုင်းနိုင်ငံ ငါးဖမ်းသင်္ဘောပေါ်တွင် အလုပ်လုပ်ရမည်၊ လစာကောင်းရမည်ဟုပြောသည်။ မြန်မာနိုင်ငံတွင်းမှ ထိုင်းနယ်စပ်ထိ တောတောင်များဖြတ်ပြီး ခြေလျင်ခရီးဖြင့်ရောက်ခဲ့ပြီးနောက် ပွဲစားမှ မိမိအား စက်လှေသူကြီးတစ်ဦးထံတွင် ရောင်းစားခဲ့သည်။ ထိုင်းအာဏာပိုင်များ မြင်မည်စိုးသဖြင့် စက်လှေဝမ်းထဲတွင် ပုန်းအောင်းနေခဲ့ရသည်။ အနည်းဆုံး ခြောက်လအလုပ်လုပ်ရမည်ဖြစ်ပြီး ထို့နောက်အိမ်ပြန်နိုင်သည်ဟု စက်လှေသူကြီးမှ ပြောခဲ့သည်။ သို့သော်လစာကိစ္စအားမသိရှိရပါ။ မင်းမင်းမှ ခြောက်လ အလုပ်လုပ်ရန်ဆုံးဖြတ်ခဲ့သည်။ ထိုင်းတွင် (၁၇) ရက်ကြာပြီးနောက် အင်ဒိုနီးရှားအရှေ့ဘက် အင်ဘွန်းကျွန်းပေါ် ရောက်ရှိလာခဲ့သည်။ ထိုနေရာတွင် မိမိကဲ့သို့သော မြန်မာအလုပ်သမား အများအပြားကိုတွေ့ရှိသည်။ ထိုသူများ၏ ပြောပြချက်အရ မိမိသိရှိထားသည့် ခြောက်လစာချုပ် ဆိုသည်မှာမရှိ၊ လစာလည်းမပေး၊ ထွက်ပြေးရန်လမ်းစမမြင် ဖြစ်နေသည်။ ယခုသူရောက်ရှိနေသည့် နေရာနှင့် မြန်မာနိုင်ငံမှသူ၏ ရွာလေးသည် မိုင်ထောင်ပေါင်းများစွာ ဝေးကွာလျက်ရှိသည်။ မိမိအသက် မိမိမပိုင်တော့သလို အတိတ်ဘဝ ဝဋ်ကြွေးကြောင့်ပေးဆပ်ရမည့် အကြွေးတစ်ခုအဖြစ်သာ သတ်မှတ်လိုက်သည်။

ပထမတစ်လတွင် သုံးရက်လုံး မစားချင်မသောက်ချင်နှင့် နေထိုင်မကောင်းဖြစ်၍ လဲနေချိန် စက်လှေသူကြီးရောက်လာပြီး အလုပ်မလုပ်ပဲ အိပ်နေသည်ကိုတွေ့၍ နောက်တစ်ခါတွေ့လျှင် ပင်လယ်ထဲပစ်ချခဲ့မည်ဟု ခြိမ်းခြောက်ခဲ့သည်။ မင်းမင်း၏ သူငယ်ချင်းအချို့မှ သူ့အားသင်္ဘောကုန်းပတ်ပေါ် ဆွဲခေါ်သွားပြီးဆေးတိုက်ကြသည်။ ထို့နောက်ချက်ချင်းအလုပ်ပြန်လုပ်ရသည်။ လူတစ်ကိုယ်လုံး ချုံးချုံးကျနေပြီး ချောင်းတဟွတ်ဟွတ်ဆိုးနေသည့်ကြားက ရှိသမျှခွန်အားနှင့် ဖျစ်ညှစ်ပြီး အလုပ်လုပ်ခဲ့ရသည်။ တစ်နှစ်ပတ်လုံး နှစ်လမျှသာမြေကြီးအား မြင်တွေ့ခဲ့ရသည်။ သို့သော်ထွက်ပြေးနိုင်ဖို့လမ်းမရှိ။ တစ်ခါတစ်ရံစီးကရက်လေးငါးပူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ကော်ဖီထုပ်တချို့ ရသော်လည်းလစာမရရှိပေ။ တစ်နေ့လုံး တစ်ညလုံးနေ့စဉ်ရက်ဆက် အလုပ်လုပ်ကြရသော်လည်းထမင်းဝဝမစားရ၊ ရေကြည်ရေချိုမသောက်ရ၊ လုပ်ငန်းခွင်တွင်လည်း အသက်စွန့်လုပ်ကိုင်နေရသည်။ မုန်တိုင်းမိမည်ကို အမြဲတမ်းစိုးရိမ်နေရသည်။ ထိုထဲတွင် မိမိတို့အတွက် အဆိုးဝါးဆုံးရန်သူမှာစက်လှေသူကြီးပင်ဖြစ်သည်။ မင်းမင်းသည် သူကဲ့သို့ အနိုပ်စက်အနိုင်ကျင့်ခံခဲ့ရသော မြန်မာတစ်ယောက် နေထိုင်မကောင်းဖြစ်ပြီး သေဆုံးသွားသည်ကိုလည်း မြင်ခဲ့ရသည်။ သေဆုံးသွားသည့် ရုပ်အလောင်းအား သူကြီးမှ သာသာလေးပင်ရေထဲကန်ချလိုက်သည်ကို မြင်ခဲ့ရသည်။

ငါးဖမ်းသင်္ဘောပေါ်တွင် တစ်နှစ်ကြာအလုပ်လုပ်ပြီးနောက် မင်းမင်း လုပ်အားခစတင်ရရှိခဲ့သည်။ လုပ်အားခအားနှစ်လ တစ်ကြိမ်ထုတ်ပေးပြီးတစ်ကြိမ်လျှင် (၈၇) ဒေါ်လာဖြင့် သုံးနှစ်ခွဲကြာသည်ထိ လုပ်ကိုင်လာခဲ့ရာမှ ချောင်းဆိုးသွေးပါ ရောဂါရလာပြီး အလုပ်ဆက်မလုပ်နိုင်လောက်အောင် ကိုယ်ခံအားဆုတ်ယုတ်ခဲ့သည်။ သူကြီးထံ အိမ်ပြန်ချင်သည် ဟုပြောလျှင် ခြိမ်းခြောက်ပြီး အလုပ်အတင်းအကျပ်ခိုင်းပြန်သည်။ ထိုလူများ၏လက်ထဲတွင် အနိုပ်စက်ခံပြီးသေရတာထက် မိမိကိုယ်ကိုပင်လယ်ထဲခုန်ချ သတ်သေရန်ကြံခဲ့သော်လည်းသူငယ်ချင်းများကဖက်ထားပြီးမလုပ်ရန်တားခဲ့သည်။ နောက်တစ်ကြိမ် စက်လှေဆိပ်ကမ်းပြန်ရောက်လျှင် ထွက်ပြေးဖို့အခြားသင်္ဘောသားများအကြံပေးသဖြင့်မင်းမင်း စိတ်လျှော့ခဲ့ရသည်။

စက်လှေဆိပ်ကမ်းကပ်ပြီးနောက်တစ်နေ့တွင်ပင် မင်းမင်းထွက်ပြေးလွတ်မြောက်ခဲ့သည်။ ဒေသခံအမျိုးသမီးကြီးတစ်ဦးမှ သူ၏နေအိမ်တွင် ဂုက်ပေးခဲ့ပြီး မိမိ၏ချောင်းဆိုးသွေးပါ တီဘီရောဂါအား ပျောက်အောင်ကုသပေးခဲ့သည်။ အမျိုးသမီးကြီးသည် မိမိအား သားတစ်ဦးသဖွယ် ကျွေးမွေးစောင့်ရှောက်ထားသည့်အတွက် ရရာအလုပ်လုပ်ရင်း လေးနှစ်မျှ နေလာခဲ့သည်။ အိမ်ပြန်ရန်ကားလက်မလျှော့သေးပါ။

မင်းမင်း အသက် ၂၄ နှစ်ပြည့်ပြီးတစ်နေ့တွင် သူ့အားအကူအညီပေးမည့် အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှ

လူတစ်ယောက်နှင့် သိကျွမ်းခဲ့သည်။ ထိုနှစ်မတ်လတွင်ပင် မင်းမင်းအပါအဝင် လူကုန်ကူးခံရသူ မြန်မာလုပ်သား ၂၁ ယောက်ကို IOM အစီအစဉ်ဖြင့် မြန်မာပြည်သို့ လေယာဉ်ဖြင့်ပြန်လာခွင့်ရခဲ့ကြသည်။


*(ကောက်နှုတ်ချက်။ ကျွန်တံငါသည်၊ ၂၀၁၆)*

## ၂.၆။ လူကုန်ကူးသူများ

လူကုန်ကူးသူများသည် မည်သည့်လူမျိုးမဆို၊ ဘာသာဝင်မဆိုဖြစ်နိုင်ပြီး အမျိုးသမီးများ၊ အမျိုးသားများသာမက လိင်တူများလည်း ပါဝင်သည်။ ထို့အပြင် လူကုန်ကူးသူများသည် သူစိမ်းများထက် ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေ၊ ယုံကြည်အား ကိုးရသူ၊ ဩဇာညောင်းသူ အများစုသာ ဖြစ်နေကြသည်ကိုတွေ့ရပါသည်။ စုဆောင်းသိမ်းသွင်းသည့် အဆင့်တွင်မူ အမျိုးသမီးများ ကိုပိုမိုတွေ့ရတတ်ပြီး လမ်းခရီးတွင်ခေါ်ဆောင်ခြင်းတို့ကို အများအားဖြင့် အမျိုးသား များသာ ပြုလုပ်လေ့ရှိသည်။ နိုင်ငံအများစုတွင် လမ်းခရီးတလျှောက် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို အမျိုးသားကုန်ကူးသူများမှပြုလုပ်ကြသည်ကိုတွေ့ရသည်။ လူကုန်ကူးသူများ ထဲတွင်လည်း အချို့သည် ယခင်အချိန်က လူကုန်ကူးမှု၏သားကောင် (လူကုန်ကူးခံရသူ) များဖြစ်ခဲ့ကြသည်။

နိုင်ငံတကာမှတ်တမ်းများအရ လူကုန်ကူးသူများသည် ဆယ်ကျော်သက်အရွယ်မှ လူကြီးပိုင်းအသက်အရွယ်အထိ မည်သည့်အသက်အရွယ်မဆို ဖြစ်နိုင်သည်။ အချို့လူများသည် တကိုယ်တည်းသမားများဖြစ်ပြီး အချို့သည် အိမ်ထောင်မိသားစုနှင့် သားသမီးများလည်း ရှိကြသည်။ လူကုန်ကူးသူအများစုတွင် ရာဇဝတ်မှုဆိုင်ရာ မှတ်တမ်းများ ရှိထားကြသည်။ အချို့သော မှတ်တမ်းများအရ လူကုန်ကူးသူများသည် ကားဒရိုင်ဘာ၊ အလုပ်သမားများကဲ့သို့သော သာမန်လူများ ဖြစ်နိုင်သကဲ့သို့ ရှေ့နေများ၊ ဆရာဝန်များ၊ ရဲအရာရှိနှင့် နိုင်ငံရေးသမားကဲ့သို့သော အဆင့်မြင့် ရာထူးရှိသောသူများလည်း ပါဝင်ပါသည်။

**လူကုန်ကူးသူများ၏ပတ်သက်ဆက်နွယ်မှုကွန်ယက်နှင့်အဆင့်များ**




*(ကောက်နှုတ်ချက်။https://www.unodc.org/documents/human-trafficking/2008/BP016Profilingthe Traffickers.pdf)*

အပိုင်း ၃

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ခြင်း

## ၃.၁။ မြန်မာနိုင်ငံရှိလက်ရှိဥပဒေ

ကလေးကူးသန်းရောင်းဝယ်မှုအပါအဝင် လူကုန်ကူးသန်းရောင်းဝယ်မှုနှင့်သက်ဆိုင်သော မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်များအား ကူးသန်းရောင်းဝယ်ခြင်းကို အထူးသတိပြုလုပ်ဆောင်သွားမည်ဟု ဖော်ပြထားပါသည်။ ထိုဥပဒေထဲတွင် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသော ကလေးသူငယ်ဥပဒေအရ ကလေးဆိုသည်မှာအသက် (၁၆)နှစ် မပြည့်သေးသောသူကို ဆိုလိုပြီး လူငယ်ဆိုသည်မှာအသက် (၁၆) နှစ်ပြည့်ပြီး (၁၈) နှစ်မပြည့်သေးသူကို ဆိုလိုသည်။

**မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ စက်တင်ဘာလ ၁၃ ရက် ၂၀၀၅ ခုနှစ်၏ နောက်ခံအကျဉ်း**

လူကုန်ကူးခြင်းသည် ကမ္ဘာတစ်ဝှမ်းတွင် နေ့စဉ်နှင့်အမျှ လျင်မြန်စွာကြီးထွားလျက်ရှိသော ပြစ်မှုတစ်ခုဖြစ်သည်။ လူရောင်းဝယ်ဖောက်ကားခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းလုပ်ရပ်ကို ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမှ သည်းမခံပဲ အထိရောက်ဆုံး နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်တိုက်ဖျက်နေကြသည်။

မြန်မာနိုင်ငံတွင်၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအား ပြဋ္ဌာန်းလိုက်ပြီး၊ ယင်းမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် တရားစီရင်ရေးယန္တရားကို တည်ဆောက်ခြင်းဖြစ်သည်။ လူကုန်ကူးခံရသူများဘက်မှ ရပ်တည်ကာ ယင်းတို့၏အခွင့်အရေးများကို အကာအကွယ်ပေးရန် ဤဥပဒေအား ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။တစ်နည်းအားဖြင့် လူ့အခွင့်အရေးကို အခြေခံသော တရားဥပဒေစိုးမိုးရေး အဝန်းအဝိုင်းကို ထူထောင်လိုက်ခြင်းဖြစ်သည်။

လူကုန်ကူးခြင်း ဖြစ်ရပ်သည် ကိုင်တွယ်ရခက်သည့်ပြဿနာဖြစ်ပြီး၊ လူကုန်ကူးခံရသူများသည် ကိုယ်ခန္ဓာ အနာတရ ဖြစ်ခြင်းအပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရနိုင်သဖြင့် လူကုန်ကူးခံရသူများအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းထားခြင်း၊ နောက်ထပ်တစ်ကြိမ် သားကောင်ထပ်မံမဖြစ်စေရန်အတွက် ပြန်လည်ထူထောင်ရေး ပြုလုပ်ပေးသည့်အဆင့်ထိ အတတ်နိုင်ဆုံး ရှုထောင့်အမျိုးမျိုးမှ ထည့်သွင်းစဉ်းစားကာ ဥပဒေကို ပြဋ္ဌာန်းထားပါသည်။

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းရေးလုပ်ဆောင်ချက်အဆင့်များအကျဉ်းချုပ်

၂၀၁၃ ခုနှစ်၊ မေလတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။




၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှု၊ လူမှောင်ခိုမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ဥပဒေမူကြမ်းကို နိုင်ငံတကာဥပဒေပညာရှင်များ၊ ပြည်တွင်း ဥပဒေပညာရှင်များနှင့် ဥပဒေမူကြမ်း ရေးဆွဲသည့် လုပ်ငန်း အဖွဲ့ဝင်များ တက်ရောက်သည့် ဥပဒေမူကြမ်းအပေါ် လေ့လာ သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကျင်းပခဲ့သည်။

ဥပဒေရေးထုံးရေးနည်းနှင့်အညီ ဥပဒေမူကြမ်း ရေးသားနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် မတ်လတွင် ရှေ့နေချုပ်ရုံးသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။

ဥဒေမူကြမ်းအပေါ် သဘောထားမှတ်ချက် ပေးနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် ဇွန်လ တွင် ရှေ့နေ ချုပ်ရုံး၊ တရား ရုံးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနများသို့ ဥပေဒမူကြမ်းပေးပို့၍ အကြံပြုချက်တောင်းခံခဲ့သည်။

ရှေ့နေချုပ်ရုံးသည် ၂၀၁၅ ဇွန်လတွင် ဥပဒေမူ ကြမ်းအား ပြင်ဆင်ရေးဆွဲပြီးပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့တွင် ဥပဒေမူကြမ်းကို အပြီးသတ်ရေးဆွဲခဲ့ပါသည်။

၂၀၁၅ ခုနှစ် ၊ စက်တင်ဘာလ ၁၃ ရက်နေ့ တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

**မှတ်ချက်** - နည်းဥပဒေရေးဆွဲရန် လက်ရှိဥပဒေကို ပြန်သုံးသည့်အခါ ခေတ်ကာလနှင့်ကိုက်ညီမှုရှိပြီး ဘက်စုံပါဝင်သည့် ဥပဒေဖြစ်စေရန်အတွက် ပြန်လည်ရေးဆွဲပြင်ဆင်ရန်ဆောင်ရွက်ဆဲဖြစ်ပါသည်။

## ၃.၂။ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

(စက်တင်ဘာလ ၁၃ ရက် ၂၀၀၅ ခုနှစ်၏ ပြစ်ဒဏ်များ)

မည်သူမဆို အမျိုးသမီးများနှင့် ကလေးသူငယ်များကိုကုန်ကူးသည်ဟု ပြစ်မှုထင်ရှားလျှင် အနည်းဆုံးထောင်ဒဏ် (၁၀) နှစ် မှအများဆုံးထောင်ဒဏ်တစ်သက်အထိချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါသည်။ အမျိုးသမီး၊ ကလေးနှင့် လူငယ်မဟုတ်သူများကိုကုန်ကူးလျှင် အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ (၁၀)နှစ် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါသည်။ လူကုန်ကူးရန် ကလေးမွေးစားခြင်း၊ လက်ထပ်ခြင်း၊ စာရွက်စာတမ်းအတုပြုလုပ်ခြင်းများတွင် ပြုလုပ်သူကို အနည်းဆုံး ထောင်ဒဏ် (၅)နှစ်မှ (၁၀)နှစ်အထိချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင် ပါသည်။ အစိုးရဝန်ထမ်းများမှ လာဘ်စားမှုများပြုလုပ်သည်ဟု ပြစ်မှုထင်ရှားလျှင် အနည်းဆုံးထောင်ဒဏ် (၃)နှစ် မှ (၇)နှစ် အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါသည်။

## ၃.၃။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ နှင့် ဆက်စပ်သည့်တည်ဆဲဥပဒေများ

- ၂၀၀၅ ခုနှစ်၊ လူကုန်ကူးတားဆီးကာကွယ်ရေးဥပဒေ
- ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင်နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေ
- ၂၀၀၄ ခုနှစ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၂၊ ၂၃
- ၂၀၀၃ ခုနှစ်၊ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃
- ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ
- ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင် ဥပဒေပုဒ်မ ၂၆၊ ၂၇၊ ၂၈၊ ၂၉
- ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ ပုဒ်မ ၆၅၊ ၆၆
- ၁၉၄၉ ခုနှစ် ၊ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ၊ ပုဒ်မ ၃၊၅၊၆၊၇၊၈
- ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ
- ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃၊
- ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၃၆၃၊ ၃၆၄ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈

## ၃.၄။ လူကုန်ကူးခံရသူများအားဥပဒေအရကူညီပေးခြင်း - တရားဥပဒေစိုးမိုးရေး (အစိုးရ၏ အဓိကတာဝန်)

လူကုန်ကူးခံရသောအမျိုးသမီးများ၊ ကလေးသူငယ်၊ လူများ၏ ဂုဏ်သိက္ခာကိုမထိခိုက်စေရန်၊ သက်ဆိုင်ရာ တရားရုံးများတွင် အမှုများကို စစ်ဆေးသောအခါ သီးသန့်ရုံးခန်းများတွင်စစ်ဆေးရန် (အမျိုးသမီးများနှင့်ကလေးများ)၊ လာဘ်စားမှု မရှိစေရန်၊ တာဝန်ရှိသူများမှ အမှုအားစစ်ဆေးနေစဉ်အတွင်း သို့မဟုတ် မသေချာသေးဘဲ သတင်းထုတ်ပြန်မှု မလုပ်စေရန်၊ အမှုရင်ဆိုင်နေချိန်တွင် လူကုန်ကူးခံရသူများအတွက် သက်တောင့်သက်သာနေထိုင်နိုင်သည့် နေရာစီစဉ်ပေးရန် လိုအပ်ပါသည်။

## လူကုန်ကူးခံရသူများကိုကာကွယ်စောင့်ရှောက်ခြင်း

လူကုန်ကူးခံရသည့် သူများသည်ဖြစ်စဉ်ပေါ်မူတည်၍ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ရှိသောကြောင့် ပြန်လည်ကုစားပေးရမည်ဖြစ်ပါသည်။ လူကုန်ကူးခံရသူတို့သည် အကြမ်းဖက်မှုပုံစံအမျိုးမျိုးကြောင့် စိတ်ဓါတ်ကျခြင်း၊ ရှက်ကြောက်ခြင်း၊ မိမိကိုယ်ကိုမိမိယုံကြည်မှု ကင်းမဲ့ပြီး အပြစ်ရှိသကဲ့သို့ခံစားရခြင်း၊ လက်တုန့်ပြန်လိုခြင်း၊ ဂလဲ့စားချေလိုခြင်းစသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိတတ်သည်။

၎င်းအခြေအနေမျိုးတွင် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် လူကုန်ကူးခံရသူများ၏ စိတ်ဓာတ်ရေးရာ၊ ကိုယ်ကာယရေးရာများ ပြန်လည်ကောင်းမွန်စေရေးအတွက် လိုအပ်သည့် ဆောင်ရွက်မှုများ ထောက်ပံ့ပေးရန်လိုအပ်သည်။ သင့်လျော်သောနေအိမ် စီစဉ်ပေးခြင်းအပါအဝင် အခြားနိုင်ငံများတွင် လူကုန်ကူးခံရသောသူများအတွက် ၎င်းတို့နားလည်သည့် ဘာသာစကားဖြင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ သတင်းဖလှယ်ခြင်း၊ ဆေးဝါးကုသပေးခြင်း စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အကူအညီပေးခြင်း၊ အလုပ်အကိုင်စီစဉ်ပေးခြင်း၊ ပညာသင်ကြားရေးနှင့် လေ့ကျင့်သင်ကြားရေး အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကိုလုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

ထို့အပြင်လူကုန်ကူးမှုမှတိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှုတစ်ရပ်ရပ်တွင် ဥပမာအားဖြင့် လူကုန်ကူးခံရသူသည် မိမိနိုင်ငံ (Country of Origin) သို့ပြန်လည်ဝင်ရောက်လာချိန်တွင် လူဝင်ကြီးကြပ်မှု ဥပဒေအရလည်းကောင်း၊ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေခြင်းခံရသဖြင့် ကျူးလွန်ခဲ့ရသော ပြစ်မှုအတွက် ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေအရလည်းကောင်း၊ အရေးယူသင့်မသင့် ဆုံးဖြတ်ရာတွင် ကာကွယ်စောင့်ရှောက်မှုပေးရန် အထူးလိုအပ်ပါသည်။

လူကုန်ကူးရောင်းဝယ်ခံရခြင်းကို ရှောင်ရှားနိုင်ရန်အတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသာမက ၎င်းနှင့်သက်ဆိုင်သည့် ဥပဒေများကိုသိရှိထားရန်လိုအပ်ပါသည်။

ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများတွင် အောက်ပါအချက်များကိုထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

- လူကုန်ကူးခံရသူများအား (နယ်စပ်ဖြတ်ကျော်နှင့်ပြည်တွင်း) သတ်မှတ်ထားသော စံနှုန်းနှင့်အညီ စိစစ်ခြင်း (နိုင်ငံသားစိစစ်ခြင်း)
- လူကုန်ကူးခံရသူများအား(နယ်စပ်ဖြတ်ကျော်နှင့်ပြည်တွင်း)ဂုဏ်သိက္ခာနှင့်အခြေခံရပိုင်ခွင့်များအပေါ်မူတည်၍ သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုများပေးခြင်း (ဥပမာ- ဂေဟာတွင်နေရပါက လိုအပ်သော ရုပ်ပိုင်း/ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်း)
- လူကုန်ကူးခံရသူများအား (နယ်စပ်ဖြတ်ကျော်နှင့်ပြည်တွင်း)ဂုဏ်သိက္ခာ၊ လေးစားမှုနှင့် လျှို့ဝှက်ရမည့်အရာများကိုစောင့်ထိန်းပြီး ၎င်းတို့၏ ပြန်လည်ပေါင်းစည်းရေးတွင် လိုအပ်သောပံ့ပိုးမှုများပေးခြင်း။ (ဥပမာ-နိုင်ငံသားစိစစ်ရေး ကတ်မရှိသူ (သို့) ပျောက်ဆုံးသူများအားနိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း)
- ကလေးသူငယ်များ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရှိသူများ၊ ပြန်လည်ပေါင်းစည်းရေးတွင် အခက်အခဲရှိသူများနှင့်ပြန်လည်လူကုန်ကူးခံရနိုင်ဖွယ်ရှိသည့်သူများအား ဦးစားပေး၍ နောက်ဆက်တွဲစောင့်ရှောက်မှုများ ပုံမှန်ဆောင်ရွက်ခြင်း။

## လူကုန်ကူးခံရသောအမျိုးသားများ ကြုံတွေ့ရသည့်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစိန်ခေါ်မှုများ

- **ဖြစ်စဉ် (၁)**

လူကုန်ကူးခံရသောအမျိုးသားများသည် ၎င်းတို့၏ဒေသမှပွဲစားများ သို့မဟုတ် အလုပ်ရှင်များ၏ လက်ထဲသို့ပြန်လည်မရောက်ရှိရန် ၎င်းတို့ကိုကာကွယ်ပေးရန်ပြောဆိုကြပါသည်။ လူကုန်ကူးမှုတရားရုံးတင်ခြင်းဖြစ်စဉ်တွင် သံသယရှိသူတစ်ဦးအဖြစ် ပါဝင်နေမည်ကို ၎င်းတို့ကြောက်ရွံ့ကြပါသည်။ ဆိုက်ရောက်နိုင်ငံအတွင်း ၎င်းတို့၏ဘေးကင်းရေးနှင့်လုံခြုံမှုကို စိုးရိမ်ကြပြီး ထိုနိုင်ငံတွင်းတွင် လိုအပ်သော တရားဝင်အထောက်အထားများအား ရရှိစေချင်ကြပါသည်။ တခါတရံတွင် လူကုန်ကူးသူ၊ သို့မဟုတ် ၎င်းတို့၏အလုပ်ရှင်များမှ ၎င်းတို့နှင့်ပတ်သက်သော စာရွက်စာတမ်းများအား ဖျောက်ဖျက်ပစ်ခြင်း သို့မဟုတ် သက်တမ်းကုန်ဆုံးသွားခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ခဲ့ပါက ၎င်းတို့၏ တရားမဝင် နေထိုင်နေမှုကြောင့် ဒေသတွင်းရဲများကဖမ်းဆီးနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင်လူကုန်ကူးခံရတဲ့သူအချို့တွင် ၎င်းတို့နှင့်အတူနေထိုင်သော သူငယ်ချင်းများ သို့မဟုတ် မိသားစုဝင်များရှိတတ်သောကြောင့် ၎င်းတို့နှင့်ပတ်သက်သောသူများ၏ တရားမဝင်နေထိုင်မှု အပေါ်တွင်လည်း စိုးရိမ်ပူပန်မှုများဖြစ်ကြသည်။

လူကုန်ကူးခံသောသူများအား ကာကွယ်ရန်နှင့်ပံ့ပိုးရန် အခွင့်အာဏာရထားသော အစိုးရနှင့် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများလည်း လူကုန်ကူးခံရသောသူများအား လွတ်လပ်စွာသွားလာနိုင်သော စာရွက်စာတမ်းများကို ၎င်းတို့အားမပေးဘဲ ထိန်းချုပ်ထားခြင်းသည် တူညီသောလူကုန်ကူးခံရသည့် ခံစားချက်ကိုဖြစ်ပေါ်စေပါသည်။ လူကုန်ကူးခံရသူများအား ပံ့ပိုးမှု အစီအစဉ်များ၏ ရည်ရွယ်ချက်သည်၎င်းတို့အား ကာကွယ်စောင့်ရှောက်ရန်အတွက် လုပ်ဆောင်ရန် ဖြစ်ပါက ၎င်းတို့၏ သွားလာ လှုပ်ရှားမှုကိုထိန်းချုပ်ရန်အတွက် မလိုအပ်ပေ။ ဘေးကင်းရန်နှင့်လုံခြုံရေးအား ဦးစားပေးဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူတစ်ဦးချင်းစီ၏ လိုအပ်ချက်အပေါ်တွင် သိရှိရန်လိုအပ်ပြီး ထောက်ပံ့ပေးသွားသည့် ဖြစ်စဉ်ဖြစ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ဆိုက်ရောက်သောတိုင်းပြည်၏ တရားရုံးတွင် သွားရောက် တရားရင်ဆိုင်နေစဉ်တွင် လုံခြုံစွာနေထိုင်ခွင့်ရနိုင်သောနေရာများနှင့် ကြောက်ရွံ့ခြင်းမှ လွတ်မြောက်နိုင်သော ထောက်ပံ့မှုများကိုအထူးလိုအပ်ပါသည်။

*(ကောက်နုတ်ချက်။ https://docs.wixstatic.com/rgd/5bf36e_2cfb18b134724544a742c8365fefabf9.pdf*

- **ဖြစ်စဉ် (၂)**

လူကုန်ကူးခံရသူများ၏ ထက်ဝက်နီးပါးသည် အမျိုးသားများနှင့် ယောကျာ်းလေးများဖြစ်သော်လည်း ကမ္ဘာတဝှမ်းရှိ အစိုးရများနှင့် စောင့်ရှောက်ပံ့ပိုးသူများသည် ၎င်းတို့အားသတ်သတ်မှတ်မှတ်ထားပြီး ဂရုပြုစောင့်ရှောက်ခြင်းများမှာ အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။ ၎င်းတို့သည် လူကုန်ကူးခံရခြင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အစိုးရများနှင့်စောင့်ရှောက်ပံ့ပိုးသူများမှ ခိုနားနေထိုင်ရန်အမိုးအကာနေရာထိုင်ခင်းနှင့် ဝန်ဆောင်မှုရရှိခြင်းများကို အမျိုးသမီးများနှင့် မိန်းကလေးများအားပံ့ပိုးပေးသကဲ့သို့ ၎င်းတို့အားကူညီပံ့ပိုးပေးမှုမှာလည်း နည်းပါးနေပါသည်။

လူကုန်ကူးခံရသောအမျိုးသားများသည် မိုင်းတွင်း၊ သစ်တော၊ ဆောက်လုပ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စက်ရုံများ၊ ဆေးရုံများနှင့် စိုက်ပျိုးရေးအပါအဝင် မည်သည့်လုပ်ငန်းကဏ္ဍရပ်အနီးတဝိုက်တွင်မဆိုတွေ့မြင်ရပါသည်။ ယခုအချိန်တွင် အရှေ့တောင်အာရှရှိငါးဖမ်းလုပ်ငန်းများတွင် အမျိုးသားများအားဆိုးရွားစွာမတရားပြုကျင့်ခြင်းနှင့် ယောကျာ်းလေးများအား ငါးဖမ်းလုပ်ငန်းများတွင် ခေါင်းပုံဖြတ်ပြီး အတင်းအဓမ္မခိုင်းစေခြင်းကို စုံစမ်းဖော်ထုတ်မှတ်တမ်းတင်ထားသည့် အစီရင်ခံချက်များကို တွေ့ရပါသည်။ သို့ရာတွင် ကမ္ဘာတဝှမ်းရှိ အမျိုးသားများနှင့် ယောကျာ်းလေးများအား လိင်ကုန်ကူးခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တင်ပြရေးသားထားသော အနေအထားမှာ ရှားပါးနေပါသေးသည်။

လက်ရှိသုတေသနပြုစုချက်များအရ လူကုန်ကူးခံရသော အမျိုးသားများနှင့် ယောကျ်ားလေးများအား ရုပ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာမတော်တရော်ပြုကျင့်ခြင်းနှင့်အကြမ်းဖက်ခြင်း၊အခြေခံအာဟာရနှင့်တကိုယ်ရေသန့်ရှင်းရေးရရှိမှုချို့တဲ့ခြင်းနှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် မရှိခြင်းကြောင့် ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတွင် သက်ရောက်မှု များစွာရှိနေသည်ကိုတွေ့ရှိရပါသည်။ ထိုသို့သော အခြေအနေများကြုံတွေ့ရသော်လည်း အမျိုးသားလူကုန်ကူးခံရသူများသည် အတင်းအဓမ္မခိုင်းစေသော ပြစ်မှုများတွင်ခံစားရသူများအဖြစ် သူတို့ကိုယ်သူတို့ မမြင်ကြပေ။ ထိုကဲ့သို့သော အလုပ်သမားအဖြစ် လူကုန်ကူးခံရခြင်းကို ၎င်းတို့၏ကံမကောင်းခြင်း၊ ၎င်းတို့အား လွယ်ကူစွာလိမ်လည်နိုင်ခြင်းနှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာခြင်း၏အကျိုးဆက်အဖြစ်သာ ရှုမြင်ကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ သူတို့၏မိသားစုဝင်များကို ပံ့ပိုးပေးရခြင်းနှင့် ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်စွမ်းရှိမှုတို့ကို ယေဘုယျအားဖြင့် လက်ခံထားခြင်းသို့မဟုတ် ရိုးရာအရကျားမ ရေးရာဖြစ်တည်ခြင်း သို့မဟုတ် ပုံသေတွေးခေါ်ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိများ၊ အလုပ်သမားဆိုင်ရာ စုံစမ်းစစ်ဆေးသူများနှင့် ရဲအစရှိသည့် အာဏာပိုင်များအပါအဝင် လူမှုအဖွဲ့အစည်းအသိုက်အဝန်းတွင်  အမျိုးသားလူကုန်ကူးခံရသူများကို ထိခိုက်ခံစားလွယ်သူများအဖြစ် နားလည်ပေးနိုင်မှုမှာ နည်းပါးနေသေးသည်ကိုလည်း တွေ့ရပါသည်။

*(ကောက်နှုတ်ချက်။ www.state.gov/j/tip)*

## အပိုင်း ၄

# လူကုန်ကူးမှုကို တားဆီးကာကွယ်ခြင်း

### ၄.၁။ ကမ္ဘာ့နိုင်ငံများ၊ မြန်မာနိုင်ငံနှင့် ဒေသဆိုင်ရာဆောင်ရွက်ချက်များ

လူသားချင်းစာနာမှုကင်းမဲ့စွာနည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်မှုလုပ်ရပ်များကိုတားဆီးတိုက်ဖျက်ရန် ရည်ရွယ်၍ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှင့်အတူလူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးနောက်ဆက်တွဲစာချုပ် တို့ကို ပြဋ္ဌာန်းခဲ့ကြသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို ပြစ်မှုအဖြစ် ပြဋ္ဌာန်း၍ ၁၉၉၇ ခုနှစ်ကတည်းကပင် တားဆီးကာကွယ် ခဲ့ရာတွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း ကို ၂၀၀၇ ခုနှစ်ကစတင် အကောင်အထည် ဖော်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ကုလသမဂ္ဂလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ ပြီးနောက် ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သောအဖွဲ့များ ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များဖွဲ့စည်းခြင်း၊ နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲပြဋ္ဌာန်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက် ခဲ့သည်။ ထို့ပြင်လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ မဲခေါင်ဒေသဝန်ကြီးများ စုပေါင်းကနဦးလုပ်ငန်းစဉ် (Coordinated Mekong Ministerial Initiative against Huamn Trafficking - COMMIT) စီမံကိန်း၊ (Asia Regional Trafficking in Persons – ARTIP) စီမံကိန်းစသည့် ဒေသဆိုင်ရာစီမံကိန်းများ၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ ချုပ်ဆို၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ယခင်ကလိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုကိုသာဦးတည်ဆောင်ရွက်ရာမှ ယခုအခါလုပ်အားခေါင်းပုံဖြတ်ခြင်းအပါအဝင် အမျိုးမျိုးသောခေါင်းပုံဖြတ်မှုများကိုပါ အလေးထားတားဆီးကာကွယ်ရန်၊ ကိန်းဂဏန်းစာရင်းဇယားများ ရှိလာပြီ ဖြစ်သည့်အတွက် ပစ်မှတ်ရွေးချယ်၍ တားဆီးကာကွယ်ရန်နှင့် လူကုန်ကူးသူများကိုသာပစ်မှတ် ထားခြင်းမပြုဘဲ အမြတ်ထုတ်သူများအားလုံးကိုလည်းအရေးယူနိုင်ရန် လိုအပ်ပါသည်။ လူကုန်ကူးမှုပြဿနာကိုင်တွယ်ဖြေရှင်းရာတွင် မူရင်းနိုင်ငံ (Source Country) များကိုသာအပြစ်တင်ခဲ့ကြသော်လည်းယခုအခါ ဆိုက်ရောက်နိုင်ငံ (Destination Country) များကပါတာဝန်ရှိကြောင်း နိုင်ငံတကာကအသိအမှတ်ပြုလာသဖြင့် မူရင်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံ နှစ်ဖက် စလုံးတွင် ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံမှ အိမ်နီးချင်းနှင့် ဒေသအတွင်းရှိဆိုက်ရောက်နိုင်ငံများ (Destiny Country) များတွင် အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေတိုးမြှင့်ရရှိပြီးမိသားစုများကိုကူညီထောက်ပံ့ရန် ရည်ရွယ်၍သွားရောက်ခဲ့သော်လည်းအချို့သည် လူကုန်ကူး သူ/လူပွဲစားများ၏ လိမ်လည်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ ကတိဖောက်ဖျက်မှု၊ အနိုင်ကျင့် အမြတ်ထုတ် မှုများခံရလျက်ရှိသဖြင့် ပြည်ပသို့ တရားမဝင်သွားရောက်မှုအန္တရာယ် အသိပညာပေးရန်၊ နှစ်နိုင်ငံသဘောတူညီ ချက်ဖြင့် ပြည်ပသို့တရားဝင် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးရန်နှင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့် အလမ်းနှင့် ဝင်ငွေတိုးမြှင့်ရရှိနိုင်ရေး ဖန်တီးရန် အထူးလိုအပ်လျက်ရှိပါသည်။

## ၄.၂။ လူကုန်ကူးရောင်းဝယ်မှုတားဆီးကာကွယ်ရေးတွင် အဓိကပါဝင်ဆောင်ရွက်သူများ

### နိုင်ငံတော်အဆင့်

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မဲခေါင်ဒေသဝန်ကြီးများ စုပေါင်း ကနဦးလုပ်ငန်းစဉ် (Coordinated Mekong Ministerial Initiative against Huamn Trafficking - COMMIT) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့်လုပ်ငန်းအဖွဲ့သုံးခု ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါလုပ်ငန်းအဖွဲ့သုံးဖွဲ့မှာ-

- ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့
- ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့
- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့

### တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့သုံးဖွဲ့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### ရပ်ရွာအဆင့်

လူကုန်ကူးခံရသူများထပ်မံ လူကုန်ကူးမခံရစေရန်နှင့် လူကုန်ကူးသူပွဲစားများ မိမိတို့ရပ်ရွာအတွင်းသို့ရောက်ရှိလာပါက တာဝန်ရှိသူများထံသတင်းပို့နိုင်ရန် ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များအား ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းထားပါသည်။

## ၄.၃။ မြန်မာနိုင်ငံတွင်လုပ်ဆောင်နေသောလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍ (၅) ရပ် နှင့် အဓိကလုပ်ငန်းများအကျဉ်းချုပ်

**(၁) မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး (Policy and Cooperation)**

- ဒေသတွင်းနှင့်အာဆီယံအဆင့်ပူးပေါင်းဆောင်ရွက်ခြင်း
- နှစ်နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်ခြင်း
- နိုင်ငံတော်အဆင့်တွင်နိုင်ငံတွင်းပူးပေါင်းဆောင်ရွက်ခြင်း

**(၂) ကြိုတင်တားဆီးကာကွယ်ရေး (Prevention)**

- လူကုန်ကူးမှုလျော့ကျရေးပူးပေါင်းဆောင်ရွက်ခြင်း
- သတင်းအချက်အလက်များကိုအခြေခံသောအသိပညာပေးခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း
- ဝန်ဆောင်မှုနှင့်စနစ်များဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်း

**(၃) တရားစွဲဆိုရေး (Prosecution)**

- တရားစွဲဆိုမှုဆိုင်ရာအသိပညာများပေးခြင်း
- လူကုန်ကူးသူတရားခံများအားအရေးယူဖော်ထုတ်မှုများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း
- ကလေးသူငယ်များအတွက်ဥပဒေနှင့်အညီကူညီပံ့ပိုးပေးခြင်း

**(၄) လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေး (Protection)**

- လူကုန်ကူးခံရသူများအား သတ်မှတ်ထားသောစံနှုန်းနှင့်အညီနိုင်ငံသားစိစစ်ခြင်း
- လူကုန်ကူးခံရသူများအား ဂုဏ်သိက္ခာနှင့် အခြေခံရပိုင်ခွင့်များအပေါ် မူတည်၍ သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုများပေးခြင်း(ဥပမာ-ဂေဟာတွင်နေရပါက လိုအပ်သောရုပ်ပိုင်း/ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများပေးခြင်း)
- လူကုန်ကူးခံရသူများအား ဂုဏ်သိက္ခာ၊ လေးစားမှုနှင့် လျှို့ဝှက်ရမည့်အရာများကို စောင့်ထိန်းပြီး ၎င်းတို့၏ ပြန်လည်ပေါင်းစည်းရေးတွင် လိုအပ်သောပံ့ပိုးမှုများပေးခြင်း (ဥပမာ-နိုင်ငံသား စိစစ်ရေးကတ်မရှိသူ (သို့) ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း)
- ကလေးသူငယ်များ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရှိသူများ၊ ပြန်လည်ပေါင်းစည်းရေးတွင် အခက်အခဲရှိသူများနှင့် ပြန်လည်လူကုန်ကူးခံရနိုင်ဖွယ်ရှိသည့်သူများအား ဦးစားပေး၍ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ပံ့ပိုးဆောင်ရွက်ခြင်း

**(၅) စွမ်းရည်မြှင့်တင်ရေး (Capacity Building)**

- ဝန်ဆောင်မှုပေးနေသူများ၏အရည်အသွေးနှင့်ကျွမ်းကျင်မှုများတိုးမြှင့်ရန်ဆောင်ရွက်ခြင်း
- အချက်အလက်စီမံခန့်ခွဲမှုနှင့်အစီရင်ခံစာရေးသားခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း

*(ကောက်နုတ်ချက်။ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းများနှင့် လုပ်ငန်းစီမံချက်များ၊ ၂၀၀၇ ခုနှစ် - ၂၀၁၆ ခုနှစ်)*

ထိုသို့လုပ်ငန်းများလုပ်ဆောင်ရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများလုပ်ဆောင်နေသော အဖွဲ့အစည်းများအားလုံး(ကုလသမဂ္ဂ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာဒေသတွင်းရှိလူမှုရေးအဖွဲ့အစည်းများ) နှင့်အတူ မိမိတို့လုပ်ဆောင်နိုင်သော ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ရေရှည်တွင် လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

## ၄.၄။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတွင်ရပ်ရွာလူထုမှ ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်း (ရပ်ရွာအဆင့်)

မိမိရပ်ရွာနှင့်ဒေသရှိလူများနှင့်အတူ လူကုန်ကူးခံခဲ့ရသူများထပ်မံပြီးလူကုန်ကူးမခံရစေရန်နှင့် လူကုန်ကူးသူပွဲစားများ မိမိတို့ရပ်ရွာဒေသအတွင်းသို့ရောက်ရှိလာပါကတာဝန်ရှိသူများထံသတင်းပို့နိုင်ရန် ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များအား ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းထားသည်ဟုအထက်တွင်ဖော်ပြထားပါသည်။ ထို့ကြောင့် ရပ်ရွာတွင်ရှိသော မိသားစုဝင်များသည် မိမိရပ်ရွာတွင်းရှိ ကလေးသူငယ်နှင့် အမျိုးသမီးများသာမက မည်သူမဆို လူကုန်ကူး မခံရစေရန်ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

အနည်းဆုံးတစ်လတစ်ကြိမ် မိသားစုဝင်အချင်းချင်းကြား ပွင့်ပွင့်လင်းလင်းစကားပြောဆိုမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ မိသားစုဝင်တိုင်း လူကုန်ကူးမှုနှင့်ပတ်သက်သည့် အကြောင်းအရာများအား သိရှိထားရန်လိုအပ်ပါသည်။ ကလေးများ အပါအဝင် ရပ်ရွာတွင်းရှိ မည်သူမဆို မိမိတစ်နေရာသို့သွားမည်၊ တစ်ခုခုလုပ်တော့မည်ဆိုလျှင် ရပ်ရွာတွင်ရှိသော တာဝန်ရှိ မိဘလူကြီးများအား အသိပေးရန်လိုအပ်သည်။ မိဘလူကြီးများအနေဖြင့်လည်း မိမိတို့၏ သားသမီးများသာမက ရပ်ရွာတွင်ရှိသောသူများဘာလုပ်နေသည်ကိုသိရှိရန်လိုအပ်သည်။ အထူးအရေးကြီးသည်မှာ မိသားစုဝင်အချင်းချင်းကြား ပွင့်လင်းမှု ရှိရန်လိုအပ်ပါသည်။ မိမိရပ်ရွာတွင် အောက်ပါလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ပါသည်။

**ကြိုတင်တားဆီးကာကွယ်ခြင်း။** ။ အမြင်ဖွင့်သင်တန်းများ၊ ဟောပြောပွဲများ၊ လူကုန်ကူးပပျောက်ရေး လူအများမြင်နိုင်သော နေရာများတွင် လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပိုစတာများကြော်ငြာပေးခြင်းစသည်တို့ ပြုလုပ်ပေးရမည်။

**ကာကွယ်စောင့်ရှောက်ရေး။** ။ လူကုန်ကူးခံရသူများ မိမိဒေသသို့ ပြန်လည်ရောက်ရှိလာပါက နောက်တစ်ကြိမ် လူကုန်ကူး မခံရစေရန်နှင့် ၎င်းတို့၏ကျန်းမာရေး စောင့်ရှောက်မှုများ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထောက်ပံ့ကူညီခြင်းများ (Psycho Social Support)၊ လိုအပ်ပါက အသက်ရှင်ရပ်တည်ရေးအတွက် အကူအညီ အထောက်အပံ့များပေးခြင်း၊ အသိပညာဗဟုသုတများပေးခြင်း၊ မိသားစုများနှင့် လူမှုပတ်ဝန်းကျင်တွင် အဆင်ပြေအောင် ပြန်လည်လုပ်ဆောင် ပေးခြင်းတို့ ပြုလုပ်ပေးရမည်ဖြစ်ပါသည်။

## ၄.၅။ ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများထဲတွင် ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ လူတစ်ဦးသည် သူ/သူမ၏ အခြေချ နေထိုင် သောနေရပ်မှ အခြားသော နေရာတစ်ခုသို့ရွှေ့ပြောင်းသွားခြင်းဖြစ်ပြီး သူ/သူမသွားရောက်နေထိုင် မည့်တိုင်းပြည်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သေချာစွာသိရှိထားပြီးမှသွားလာခြင်း၊ ကူးပြောင်းခြင်းနှင့် ဝင်ရောက်ခြင်းဖြစ်သည်။

နိုင်ငံသားတစ်ဦးသည် မိမိနေထိုင်ရာမြို့/ရွာမှ အခြားမြို့/ရွာသို့ ခရီးထွက်ခွာခြင်း၊ ပြောင်းရွှေ့သွားလာခြင်းများ ပြုလုပ်ရာတွင် မိမိ၏နိုင်ငံသား စိစစ်ရေးကဒ် (မှတ်ပုံတင်) ကို ဆောင်သွားရသကဲ့သို့ အခြားနိုင်ငံများသို့ခရီးအလုပ်ကိစ္စများ သွားရောက်ရာတွင်လည်း နိုင်ငံကူးလက်မှတ်အားယူဆောင်သွားရန်မဖြစ်မနေ လိုအပ်ပါသည်။ နိုင်ငံကူး

လက်မှတ်ဖြင့် သွားရောက်ခြင်းဖြစ်ရန် လိုအပ်သကဲ့သို့ တရားဝင်မှတ်ပုံတင်ထားသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီနှင့်တကွ မြန်မာနိုင်ငံမှ အလုပ်အမျိုးအစားအလိုက် အလုပ်သမားစေလွှတ်ခွင့် ပြုထားသော နိုင်ငံများ ဖြစ်ရန်လည်း အရေးကြီးပါသည်။

ထို့ကြောင့် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းတွင် ရွှေ့ပြောင်းသွားလာခြင်း၏ အဓိပ္ပာယ်ကို သေချာစွာ နားလည် သဘောပေါက်ရန် လိုအပ်သည့်အပြင် တရားဝင်ရွှေ့ပြောင်းသွားလာခြင်း၊ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်း၏ ကွဲပြားခြားနားချက်များကို ရှင်းလင်းစွာသိထားရန် အပိုင်း (၁) တွင် ရှင်းလင်းဖော်ပြထားပြီး ဖြစ်ပါသည်။ အကြောင်းမှာ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းသာလူကုန်ကူးမှုခံရနိုင်ခြေ ရှိသည်ဟု လူများထင်မြင်ယူဆသော်လည်း တရားဝင်ရွှေ့ပြောင်းသွားလာခြင်းတွင်လည်း လိမ်ညာခံရပြီး လူကုန်ကူး ခံရသူများလည်းရှိပါသည်။

ဘေးအန္တရာယ်ကင်းသော ရွှေ့ပြောင်းသွားလာမှု ဖြစ်ရန်အတွက် အောက်ပါများကိုသိရှိလိုက်နာရန် နှင့်လိုအပ်သော အချက်အလက်များရယူရန်လိုအပ်ပါသည် -

- တရားဝင် စာရွက်စာတမ်း အထောက်အထားများဖြင့် တရားဝင်လမ်းကြောင်းမှ သွားလာရန်၊
- မိမိသွားရောက်လုပ်ကိုင်ရမည့် နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ လုပ်ကိုင်ရမည့် အလုပ်အကိုင်၊ လုပ်ခလစာ၊ ငွေကြေးလဲလှယ်မှုနှုန်းထားများ သိရှိရန်၊
- မိမိရောက်ရှိရာနိုင်ငံတွင် ရှိသည့် သက်ဆိုင်ရာသံရုံးများ၊ လူမှုရေးအဖွဲ့အစည်းများ၏ တည်နေရာနှင့် ဆက်သွယ် နိုင်မည့်ဖုန်းနံပါတ်များ သိရှိရန်၊
- မိမိနှင့်သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများအား ကိုယ်နှင့်မကွာရှိနေရန်၊
- ပြည်ပသို့အလုပ်လုပ်ရန်သွားရောက်ရာတွင် မိမိသွားရောက်ရမည့်နေရာ၏ ဓလေ့စရိုက်၊ မိမိအား ဆက်သွယ် လာသူ ပွဲစားများ၊ မိမိဆက်သွယ်သော အလုပ်အကိုင်အေဂျင်စီ၏ သတင်းအချက်အလက်များနှင့် ဆက်သွယ် ရန် လိပ်စာ၊ ယင်းတို့၏မှတ်ပုံတင်အမှတ်၊ မိမိတို့လုပ်ကိုင်ရမည့် အလုပ်သဘောသဘာဝနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရနိုင်သမျှ စုဆောင်းထားရန် လိုအပ်ပါသည်။
- အလုပ်သဘာဝဆိုသည်မှာလည်း မိမိလိုအပ်သည့်ငွေရရှိနိုင်သကဲ့သို့ အလုပ်သမားများအတွက် အခွင့်အရေး များ ရရှိနိုင်ခြင်း၊ ကျန်းမာရေး လူမှုရေးအကူအညီ ရရှိနိုင်ပြီး သင့်တင့်လျောက်ပတ်သော နေရာတွင် နေထိုင် ရခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြုထားသော တရားဥပဒေဘောင်အတွင်းတွင် အလုပ်လုပ်ကိုင်ရခြင်း၊ တရား ဥပဒေနှင့် မငြိစွန်းသောအလုပ်များကို လုပ်ကိုင်ရခြင်း စသည့်အခြေအနေများဖြစ်ရန် လိုအပ်ပါသည်။
- ရွှေ့ပြောင်းသွားလာရာတွင်မိမိသွားရောက်မည့် နိုင်ငံရှိ မြန်မာနိုင်ငံသံရုံးနှင့် အကူအညီပေးနိုင်မည့်လူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ လိပ်စာများကိုသိရှိထားရန်လိုအပ်ပါသည်။ မိမိဝင် ရောက် လုပ်ကိုင်မည့် အလုပ်အမျိုးအစား၊ သဘောသဘာဝနှင့် ရပိုင်ခွင့်များ၊ အာမခံမှုများကို သေချာစွာစုံစမ်း လေ့လာ ရမည်ဖြစ်ပြီး စာချုပ်ချုပ်ဆိုရသောအလုပ်များဖြစ်ပါက ယင်းစာချုပ်ပါ အချက်အလက်များကို သေချာ မှတ်သားထားရပါမည်။
- မိမိနှင့်ပတ်သက်သော၊ အလုပ်နှင့်ပတ်သက်သော အထောက်အထားအစာရွက် စာတမ်းများကို သက်ဆိုင်ရာ အလုပ်ရှင်မှ သိမ်းယူထားခြင်းမျိုးရှိပါက အထောက်အထားမရှိသူအဖြစ် မရှိစေရန် မိမိထံတွင် မိတ္တူအပို ကူးယူ သိမ်းဆည်းထားသင့်ပါသည်။ (နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့် စသည်) အလားတူ ပြည်ပသို့ သွားရောက်သူများ အနေဖြင့် အသိသက်သေအထောက်အထားများ ပြည့်စုံမှုရှိပါက သက်ဆိုင်ရာနိုင်ငံများတွင်

ချမှတ်ထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများနှင့် ငြိစွန်းကာ အရေးယူခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

အကယ်၍ ရွှေ့ပြောင်းသွားလာရာ၌ မိမိ၏ရင်သွေးငယ်များကို ခေါ်ယူသွားပါက သတိမူသင့်သော အချက်များမှာ -

- စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်သည့်အခွင့်အရေး ရရှိနိုင်မှု
- ကျန်းမာရေး စောင့်ရှောက်ခံရမှုနှင့်  ကာကွယ်ဆေးရရှိမှု
- မိမိကလေးများတွင် ရှိသင့်သော တရားဝင် အထောက်အထားများ၊ (မွေးစာရင်း၊ ကျောင်းထွက်လက်မှတ် စသည်) ယူဆောင်သွားရန်
- ကလေးများအား သတိပေးသင့်သောအရာများကို ကြိုတင် အသိပေးထားရန်
- မိမိလုပ်ငန်းခွင်ဝင်လျှင် ကလေးအား မည်သူမှ ပြုစုစောင့်ရှောက်ပေးမည်ကို ကြိုတင်ပြင်ဆင်ထားရန်
- လမ်းခရီးအကွာအဝေးပေါ် မူတည်ပြီး ကလေးများအတွက် လိုအပ်သောအရာများယူဆောင်ရန်။ (ရေ၊ အာဟာရ၊ အဝတ်အစား၊ ဆေးဝါး)

**ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းအဆင့်များအနှစ်ချုပ်**

အဆင့် ၁။ မိမိသွားရောက်မည့် နေရာဒေသ၏အချက်အလက်များစုဆောင်းခြင်း

အဆင့် ၂။ မိမိသွားမည့်ဒေသသို့ တရားဝင်လမ်းကြောင်းများကိုအသုံးပြု၍သွားလာခြင်း

အဆင့်၃။ မိမိသွားရောက်မည့်နေရာဒေသတွင်အခက်အခဲတစုံတရာဖြစ်ပေါ်လာပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို ကြိုတင်ရှာဖွေလေ့လာစစ်ဆေးခြင်း

အဆင့် ၄။ကတိပြုလက်မှတ်ထိုးခြင်း  -  မိမိသွားရောက်မည့်ဒေသတွင်းရှိအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့် အလုပ်သမား အကြား

အဆင့် ၅။မိမိ၏နေရပ်မှ မထွက်ခွာခင် စာရွက်စာတမ်းများကို သေချာစွာ ဂရုတစိုက်ပြင်ဆင်ခြင်း

အဆင့် ၆။ကြုံလာနိုင်သည့်အရေးအပေါ်အခြေအနေအတွက် ပြင်ဆင်ထားခြင်း

အဆင့် ၇။မိမိချိတ်ဆက်ဆောင်ရွက်ရမည့်သူများကို သိရှိထားခြင်း

အဆင့် ၈။ပြဿနာတစုံတရာဖြစ်ပေါ်လာပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကို ဆက်သွယ်ခြင်း

*(ကောက်နှုတ်ချက်။ http://klahan9.azurewhebsites.net/wp-content/uploads/2015/09/Safe-migration.png)*

**ရွှေ့ပြောင်းလုပ်သားများကြားတွင် ဖြစ်ပွားတတ်သော လူကုန်ကူးမှုများနှင့် ရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးမှုမခံရစေရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**

ပွဲစားများ၊ တရားမဝင်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ပါက ငွေကုန်ကြေးကျများခြင်း၊ အချိန်ကြန့်ကြာခြင်းတို့ ကြုံတွေ့နိုင်သောကြောင့်ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်လိုပါက ပွဲစားများ၊ တရားမဝင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုပဲ တရားဝင်လိုင်စင် ထုတ်ပေးထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများ ဖြင့်တိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ ပွဲစားများ၏ စကားကို ယုံကြည်၍

တရားမဝင်သော လမ်းကြောင်းကိုအသုံးပြုပြီး ပြည်ပနိုင်ငံများတွင် တရားမဝင်သွားရောက်လုပ်ကိုင်မည်ဆိုပါက လူမှောင်ခိုကူးခံရခြင်း၊ ငါးဖမ်းစက်လှေများတွင် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏ လိမ်ညာလှည့်စားမှု ခံရခြင်း စသည့် အကျိုးဆက်များကို ခံစားရမည်ဖြစ်ပါသည်။

နိုင်ငံခြားသို့ ရောက်ရှိပြီးနောက် သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရာသီဥတုနှင့် ဘာသာစကားတို့ကြောင့် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ရင်ဆိုင်နိုင်ရန်လည်း ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်သည်။ အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များ သိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် Complaint Mechanism Center ကို နေပြည်တော်(၀၆၇-၄၃၀၁၈၄၊၄၃၀၂၈၄)၊ ရန်ကုန်မြို့ (၀၁-၆၅၀၀၈၉၊ ၆၅၀၀၈၇) တို့တွင် ဖွင့်လှစ်ထားပြီး အလုပ်သမားရေးရာ ကိစ္စများအတွက် ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တရာမဝင် သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ အဝင်/အထွက်စာရင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်အတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာ (Depature) နှင့် ပြည်ပဆိုက်ရောက် (Arrival) တို့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာ (Myanmar Migrant Workers' Reporting Counter) များကို ဖွင့်လှစ်ထားပါသည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)

**လူကုန်ကူးမှုဖြစ်ပွားလျှင်နှင့် ဖြစ်သည်ဟုယူဆရလျှင် သတင်းပို့နိုင်သော အဓိကဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| စဉ် | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ရှိသော မြို့အမည်များနှင့်အဖွဲ့များ | ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | ၀၆၇ ၄၁၂၂၀၁ |
| ၂ | မြစ်ကြီးနား | ၀၇၄ ၂၂၃၃၆ |
| ၃ | ဗန်းမော် | ၀၇၄ ၅၀၁၉၉ |
| ၄ | လွယ်ဂျယ် (မူဆယ်မှတဆင့်) | ၀၈၂ ၅၂၈၉၀ |
| ၅ | မူဆယ် | ၀၈၂ ၅၂၈၉၀ |
| ၆ | လောက်ကိုင် | ၀၈၂ ၇၂၀၀၃ / ၇၂၀၃၆ |
| ၇ | လားရှိုး | ၀၈၁ ၂၃၀၁၇ / ၀၉၅၂၇၅၉၆၂ |
| ၈ | တောင်ကြီး | ၀၈၁ ၂၀၀၇၆၄ /၀၉၅၂၁၄၉၁၇ |
| ၉ | ကျိုင်းတုံ | ၀၈၄ ၂၁၆၃၇ / ၀၉၅၂၄၂၅၀၄ |
| ၁၀ | တာချီလိတ် | ၀၈၄ ၅၃၀၂၂ |
| ၁၁ | မြဝတီ | ၀၅၈ ၅၀၂၆၈ |
| ၁၂ | မော်လမြိုင် | ၀၅၇ ၂၆၉၈၃ |
| ၁၃ | ကော့သောင်း | ၀၅၉ ၅၁၉၈၁ |
| ၁၄ | မြိတ် | ၀၅၉ ၄၁၀၄၁ / ၄၁၀၀၄ |
| ၁၅ | ပုသိမ် | ၀၉၈ ၅၄၈၁၈၇/ ၀၉၅၀၁၂၈၁၉ |
| ၁၆ | ရန်ကုန် | ၀၁ ၂၅၁၄၃၈/ ၀၉၅၁၂၈၈၂၆ |
| ၁၇ | ပဲခူး | ၀၅၂ ၂၁၀၃၀/ ၂၁၂၅၉ |
| ၁၈ | စစ်တွေ | ၀၄၃ ၂၃၆၂၅ |
| ၁၉ | မောင်တော | ၀၄၃ ၅၅၀၈၉ |
| ၂၀ | ကလေး | ၀၇၃ ၂၁၁၀၅ |
| ၂၁ | မကွေး | ၀၆၃ ၂၃၃၇၄/ ၂၅၀၁၆ |
| ၂၂ | မိတ္ထီလာ | ၀၆၄ ၂၄၇၁၄ / ၂၃၀၅၄ |
| ၂၃ | မန္တလေး | ၀၂ ၇၃၈၃၀ |

## နောက်ဆက်တွဲ (၂)

**လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရန်အတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များ**

- လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့
  (Central Body of Suppression of Trafficking in Person - CBTIP)
  ၂၄ နာရီ ခေါ်ဆိုနံပါတ်များ : ၀၉ ၄၉၅ ၅၅၉ ၉၉၊ ၀၉ ၄၅၉ ၅၅၈၊ ၀၉ ၄၉၅ ၅၅၇ ၇၇၊ ၀၉ ၄၉၅ ၅၅၆ ၆၆
- လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရာစင်တာ
  Help Line: ၀၁ ၆၆၆၆၁၉
  (အစိုးရ ရုံးဖွင့်ရက်များ ၊ နံနက် ၉ း၃၀ မှ ညနေ ၄း၃၀)

| စဉ် | ဌာန/ အဖွဲ့အစည်းအမည် | ရုံးဖုန်း |
|---|---|---|
| ၁ | CBTIP (နေပြည်တော်) | Fax- ၀၆၇ ၄၁၁ ၃၁၇<br>၀၆၇ ၄၁၁ ၃၁၈ |
| ၂ | လူမှုဝန်ထမ်းဦးစီးဌာန (နေပြည်တော်) | ၀၆၇ ၄၀၄ ၁၉၇ (၂၄ နာရီ)<br>၀၆၇ ၄၀၄ ၂၅၂<br>၀၆၇ ၄၀၄ ၃၇၈ |
| လူမှုဝန်ထမ်းဦးစီးဌာန (ပြည်နယ်/ တိုင်းရုံးများ) | | |
| ၃ | ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၁ ၅၅၂ ၉၅၇ |
| ၄ | အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) | ၀၁ ၅၃၅ ၀၃၆ |
| ၅ | မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၂ ၆၁၁ ၅၀ |
| ၆ | ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၄၂ ၂၄၆ ၈၃ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၇၁ ၂၂၈ ၇၂ |
| ၈ | တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၅၉ ၂၃၄ ၉၇ |
| ၉ | ပဲခူးတိုင်းဒေသကြီး(အရှေ့) လူမှုဝန်ထမ်းရုံး | ၀၅၂ ၂၁၂ ၂၆ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး(အနောက်) လူမှုဝန်ထမ်းရုံး | ၀၅၃ ၂၄၉ ၁၈ |
| ၁၁ | မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၆၃ ၂၈၃ ၃၈ |
| ၁၂ | ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၄ ၂၂၃ ၇၃ |
| ၁၃ | ကယားပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၈၃ ၂၁၀ ၅၄ |
| ၁၄ | ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၈ ၂၁၀ ၆၃ |
| ၁၅ | ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၀ ၂၁၀ ၆၈ |
| ၁၆ | မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၇ ၂၇၂ ၁၅ |

| | | |
|---|---|---|
| ၁၇ | ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၄၃ ၂၃၈ ၃၂<br>၀၄၃ ၂၂၀ ၁၇ |
| ၁၈ | ရှမ်းပြည်နယ် (တောင်)လူမှုဝန်ထမ်းရုံး | ၀၈၁ ၂၁၂ ၁၁၁ ၆ |
| ၁၉ | ရှမ်းပြည်နယ် (မြောက်)လူမှုဝန်ထမ်းရုံး | ၀၈၂ ၂၃၁ ၀၄ |
| ၂၀ | ရှမ်းပြည်နယ် (အရှေ့)လူမှုဝန်ထမ်းရုံး | ၀၈၄ ၂၂၅ ၂၉ |
| ၂၁ | ဇန်းမော်(လက်ထောက်လူမှုဝန်ထမ်းရုံး) | ၀၇၄ ၅၀၀ ၈၅ |
| ၂၂ | ပုဂံညောင်ဦး (လက်ထောက်လူမှုဝန်ထမ်းရုံး) | ၀၆၁၆၅၁ ၂၉ |
| ၂၃ | မင်းတပ် (လက်ထောက်လူမှုဝန်ထမ်းရုံး) | ၀၇၀ ၇၀၀ ၅၀ |
| ဂေဟာများ | | |
| ၂၄ | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) | ၀၁ ၅၅၄ ၂၈၂ (၂၄ နာရီ) |
| ၂၅ | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မန္တလေး) | ၀၂ ၆၀၄ ၇၅ (၂၄ နာရီ) |
| ၂၆ | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မြိတ်) | ၀၅၉ ၄၁၆ ၅၈ (၂၄ နာရီ) |
| ၂၇ | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ) | ၀၈၄ ၂၁၈ ၉၆ (၂၄ နာရီ) |
| ၂၈ | အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်း<br>(မော်လမြိုင်-အမျိုးသမီး)<br>လူငယ်သင်တန်းကျောင်း (မော်လမြိုင်-အမျိုးသား) | ၀၅၇ ၂၇၈၈၃<br>၀၅၇ ၂၇၁၆၆ |
| ၂၉ | မှူဆယ်ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ | ၀၉ ၄၃ ၀၇၉ ၃၁၈ |
| ၃၀ | ကော့သောင်းယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ | ၀၉ ၄၂၁ ၁၇၀ ၅၅၄ |
| ၃၁ | မြဝတီယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ | ၀၉ ၃၁၁ ၃၂၉ ၀၀ |
| အခြားလူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ | | |
| ၃၂ | အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး) | ၀၉ ၈၆၁ ၉၃၄၂ |
| လူကုန်ကူးမှု ကာကွယ်တားဆီးရေး တပ်ဖွဲ့<br>Anti Trafficking in Person Division (ATIPD)/ အထူးအဖွဲ့ | | |
| ၃၃ | ATIPD (နေပြည်တော်) | ၀၆၇ ၄၁၁ ၃၁၆/၈ |
| ၃၄ | တပ်ဖွဲ့ခွဲ- ၂ (ရန်ကုန်) | ၀၁ ၅၄၄ ၁၄၄ |
| ၃၅ | တပ်ဖွဲ့စု- ၁၁ (မန္တလေး) | ၀၂ ၇၃ ၈၃၀ |
| ၃၆ | တပ်ဖွဲ့စု- ၁၂ (မြစ်ကြီးနား) | ၀၇၄ ၂၀၈၉၈ |
| ၃၇ | တပ်ဖွဲ့စိတ်- ၁၂/၂ (လွယ်ဂျယ်) | ၀၉ ၆၄၅ ၁၈၅ ၅ |
| ၃၈ | တပ်ဖွဲ့စိတ်- ၁၇/၁ (လောက်ကိုင်) | ၀၉ ၄၀၃ ၇၁၂ ၀၆၂ |
| ၃၉ | တပ်ဖွဲ့စု- ၁၇ (မူဆယ်) | ၀၈၂ ၅၂ ၈၉၀ |
| ၄၀ | တပ်ဖွဲ့စု- ၁၆ (လားရှိုး) | ၀၈၂ ၃၀၇ ၀၁ |
| ၄၁ | တပ်ဖွဲ့စု- ၁၅ (တောင်ကြီး) | ၀၈၁ ၂၀၀ ၇၆၄ |
| ၄၂ | တပ်ဖွဲ့စု-၁၈ (ကျိုင်းတုံ) | ၀၈၄ ၂၃၄ ၆၁ |

| | | |
|---|---|---|
| ၄၃ | တပ်ဖွဲ့စိတ် -၁၈/၁ (တာချီလိတ်) | ၀၈၄ ၅၃၀ ၂၂ |
| ၄၄ | တပ်ဖွဲ့စိတ်- ၈/၁ (မြဝတီ) | ၀၅၈ ၅၀၂ ၆၈ |
| ၄၅ | တပ်ဖွဲ့စု- ၉ (မော်လမြိုင်) | ၀၅၇ ၂၅၉ ၆၇ |
| ၄၆ | တပ်ဖွဲ့စိတ်- ၁၀/၂ (ကော့သောင်း) | ၀၅၉ ၅၁၉ ၈၁ |
| ၄၇ | တပ်ဖွဲ့စိတ်- ၁၀/၁ (မြိတ်) | ၀၉ ၄၁၀ ၀၄၃ ၆၃ |
| ၄၈ | တပ်ဖွဲ့စု- ၇ (ပုသိမ်) | ၀၄၂ ၂၄၉ ၆၄ |
| ၄၉ | တပ်ဖွဲ့စု- ၃ (ပဲခူး) | ၀၅၂ ၃၀၈ ၉၈ |
| ၅၀ | တပ်ဖွဲ့စိတ်- ၅/၁ (မောင်းတော) | ၀၉ ၄၉၆ ၆၀၆ ၅၁ |
| ၅၁ | တပ်ဖွဲ့စိတ်- ၁၄ (မုံရွာ) | ၀၇၁ ၂၄၂ ၆၇ |
| ၅၂ | တပ်ဖွဲ့စု- ၂ (မကွေး) | ၀၆၃ ၂၈၀ ၅၄ |
| ၅၃ | တပ်ဖွဲ့စိတ်- ၁၁/၁ (မိတ္ထီလာ) | ၀၆၄ ၂၆၄ ၅၂ |
| ၅၄ | တပ်ဖွဲ့စိတ်-၁၂/၁ (ဖန်းမော်) | ၀၇၄ ၅၁၁ ၈၅ |
| အခြားပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ | | |
| ၅၅ | United Nations Children’s Fund (UNICEF) | ၁၂ ၃၀၅ ၉၆၀<br>၁၂ ၃၀၅ ၉၆၉ |
| ၅၆ | United Nations Actions for Cooperation Against Trafficking in Persons (UN-ACT) | ၀၁ ၂၃၀ ၅၉၇၇<br>၀၁ ၂၃၀ ၅၉၇၈ |
| ၅၇ | International Labour Organization (ILO) | ၀၁ ၅၆၆ ၅၃၈/၉ |
| ၅၈ | International Organization for Migration (IOM) | ၀၁ ၂၁၀ ၅၈၈ |
| ၅၉ | World Vision (WV) | ၀၁ ၅၂၅ ၁၉၁<br>၀၁ ၅၁၀ ၁၁၃<br>၀၁ ၅၁၁ ၂၆၅<br>၀၉ ၄၂၀ ၁၃၉ ၃၄၃-၅၀ |
| ၆၀ | Save the Children International (SCI) | ၀၁ ၅၃၇ ၃၈၇<br>၀၁ ၅၃၆ ၇၃၂ |
| ၆၁ | Francois-Xavier Bagnoud (FXB) | ၀၁ ၆၄၇ ၁၀၁ |
| ၆၂ | Australia Asia Program to Combat Trafficking in Persons (AAPTIP) | ၀၅၁ ၆၅၇ ၉၇၅<br>၀၁ ၆၅၈ ၁၅၁ |
| ၆၃ | Karen Baptist Convention (KBC) | ၀၉ ၄၃၁ ၀၆၉ ၈၉ |
| ၆၄ | အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း | ၀၁ ၃၈၃ ၆၇၆ |
| ၆၅ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (နေပြည်တော်) | ၀၆၇ ၄၁၉ ၁၇၃<br>၀၆၇ ၄၁၉ ၁၈၉ |
| ၆၆ | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ရန်ကုန်)/<br>မြန်မာနိုင်ငံ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ | ၀၁ ၅၁၉ ၄၀၉ |
| ၆၇ | အမျိုးသမီးရေးရာအဖွဲ့ (မန္တလေး) | ၀၂၆၂၉၁၃ |

| | | |
|---|---|---|
| ၆၈ | မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | ၀၉ ၄၉၀ ၃၃၄ ၂၃<br>၀၉ ၅၂၅ ၂၄၈ ၆ |
| ၆၉ | ထားဝယ်အမျိုးသမီးသမဂ္ဂ | ၀၉ ၄၅၀ ၉၉၄ ၉၈၀ |
| ၇၀ | မန္တလေး ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်ဌာန | ၀၉ ၉၇၇ ၂၂၀ ၈၅၂ |
| ၇၁ | ကျောက်ဆည် ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်ဌာန | ၀၉၉၇၇ ၂၂၀ ၈၅၅ |
| ၇၂ | မိတ္ထီလာ ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်ဌာန | ၀၉ ၉၇၇ ၂၂၀ ၈၅၃ |
| ၇၃ | မြင်းခြံ ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်ဌာန | ၀၉ ၉၇၇ ၂၂၀ ၈၅၄ |
| ၇၄ | ထားဝယ် ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်ဌာန | ၀၉ ၂၅၀ ၈၆၄ ၁၂၃ |
| ၇၅ | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ မော်လမြိုင်မြို့၊မွန်ပြည်နယ် | ၀၅၇ ၂၁၁ ၄၅ |
| ၇၆ | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ ဘားအံမြို့၊ ကရင်ပြည်နယ် | ၀၅၈ ၂၁၁ ၀၆ |
| ၇၇ | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၀၆၃ ၂၅၀ ၁၉ |
| ၇၈ | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ၀၁ ၆၆၀ ၅၉၅ |

*(Source: လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲစာအုပ်၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)*

## ကိုးကားချက်များ


ကုလသမဂ္ဂ။ (၂၀၀၀) ။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ တားဆီးရေးစာချုပ် (ပါလာမိုစာချုပ်)။ ဒီဇင်ဘာလ ၁၂ ရက် ၂၀၀၀ ခုနှစ်။ နယူးယောက်။ ကုလသမဂ္ဂ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ (၁၉၉၃)။ ကလေးသူငယ်ဥပဒေ နှင့် နည်းဥပဒေများ။ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။ (၂၀၀၅)။ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ။ စက်တင်ဘာ ၁၃ ရက် ၂၀၀၅ ခုနှစ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့။ (၂၀၁၂) ။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့်ပြန်လည် ဝင်ဆံ့ ပေါင်းစည်းရေး ဆိုင်ရာအမျိုးသားလုပ်ငန်းလမ်းညွှန်။ စက်တင်ဘာလ ၂၀၁၂ ခုနှစ်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ (၂၀၁၅) ။ လူကုန်ကူးခံရသူများအားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလက်စွဲစာအုပ်။ အောက်တိုဘာလ ၂၀၁၅ ခုနှစ်။  လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ။ (၂၀၀၇) ။ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းများနှင့် လုပ်ငန်းစီမံချက်များ၊ ၂၀၀၇ - ၂၀၁၁။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့။ (၂၀၁၂) ။ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းများနှင့် လုပ်ငန်းစီမံချက်များ၊ ၂၀၁၂ - ၂၀၁၆။

အာရှဖောင်ဒေးရှင်း။ (၂၀၁၇) ။ လူကုန်ကူးမှုနှင့်ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး သင်ရိုးညွှန်းတမ်း။ နိုဝင်ဘာလ ၂၀၁၆ ခုနှစ်။ ရန်ကုန်။ အာရှဖောင်ဒေးရှင်း။

Fight Slavery Now. Root Causes: Underlying Economic Forces. http://www.eden.rutgers.edu/~yongpatr/425/final/timeline.htm  [Access on August 29, 2017].

Free the Slaves. (2015). Trafficking and Slavery Fact Sheet. https://www.freetheslaves.net/wp-content/uploads/2015/01/FTS_factsheet-Nov17.21.pdf [Access on September 11, 2017].

UNIAP. (2006). Proceedings of the National Seminar on the Anti-Trafficking in Persons Law. Yangon. UNIAP.

UNICEF. (2007, March 1). Note on the Definition of Child Trafficking. http://www.unicef.org/southafrica/SAF_pressrelease_notetrafficking.pdf [Access on August 15, 2017]

United Nations. (2004). United Nations Convention against Transnational Organized Crime and its Protocols. New York. United Nations.

U.S. Department of State. (2015). Trafficking in Persons Report 2015. https://www.state.gov/j/tip/rls/tiprpt/2015/ [Access on September 4, 2017].

U.S. Department of State. (2016). Trafficking in Persons Report 2016. https://www.state.gov/j/tip/rls/tiprpt/2016/ [Access on September 5, 2017].

U.S. Department of State. (2017). Trafficking in Persons Report 2017. https://www.state.gov/j/tip/rls/tiprpt/2017/ [Access on September 5, 2017]

Yong, P. (2011). Rutgers University Campus Coalition Against Trafficking. Timeline of Human Trafficking. http://www.eden.rutgers.edu/~yongpatr/425/final/timeline.htm [Access on August 29, 2017].

# လူကုန်ကူးမှုနှင့်
## အန္တရာယ်ရှိသော
## ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ
## အသိပညာပေး လက်စွဲစာအုပ်

နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

The Asia Foundation
Improving Lives, Expanding Opportunities